

http://www.cherrythitsar.org



http://www.cherrythitsar.org



http://www.cherrythitsar.org



http://www.cherrythitsar.org

| | |
|---|---|
| မျက်နှာဖုံးခွင့်ပြုချက် | ၉၅/၉၇ (၂) |
| စာမူခွင့်ပြုချက်အမှတ် | ၉၅/၉၇ (၂) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | နဝရတ်အော့(ဖ်)ဆက်<br>အမှတ် ၁၈၊ သင်္ဂဟာလမ်း၊<br>တာမွေ၊ ရန်ကုန်မြို့ |
| ထုတ်ဝေသူ | ဦးမြသန်း (၀၁၅၀)<br>အသိုင်းအဝိုင်းစာပေ<br>၃၅/သမာဓိလမ်း၊ ဇွဲဇုံရပ်<br>မရမ်းကုန်း၊ ကမ္ဘာအေး |
| အုပ်ရေ | ၅၀၀ |
| တန်ဘိုး | ၃၀ |
| ဖြန့်ချိရေးမှူး | ခင်မောင်ဦး |
| ကွန်ပြူတာစာစီ | ရွှေစမ်းချောင်း |
| မျက်နှာဖုံးပန်းချီ | စိုးဝင်းငြိမ်း |
| အတွင်းရေခံ | မျိုးကျော် |
| အတွင်းဖလင် | မျိုးဝင်း |


http://www.cherrythitsar.org

ဂျူလေဒေါ်၊ မင်းစော
နီဝေဌီသည်



[illegible]

http://www.cherrythitsar.org



http://www.cherrythitsar.org

အမှာ (က)

ကျွန်တော် ပထမဦးဆုံး စတင်ဖော်ပြခံရတဲ့

ဝတ္ထုတိုကလေးပါ။

၁၉၉၄ မေလထုတ် 'ရင်ခွင်သစ်' မဂ္ဂဇင်းမှာ

ပါဝင်ခဲ့တာပါ။

ဖတ်ကြည့်ကြစေချင်ပါတယ်။

"တာရာမင်းဝေဟာ" ဟာ....

သစ်ပင်တစ်ပင်လို့ စိုကြပါစို့။

ဒီဝတ္ထုတိုလေးဟာ....

ပထမဆုံးပွင့်တဲ့ပန်းပါပဲ။

http://www.cherrythitsar.org



## က

အချို့သောလူများသည် လေထဲတွင် ပျံသန်းနိုင်ကြလေသည်။

သူတို့သည် ...

ပါးစပ်မှလည်း မီးခိုးမထွက်၊ ခါးမှာလည်း ပန်ကာတပ်မထား။

ဝမ်းဗိုက်မှာလည်း ဆီ၊ ရေ၊ လေ၊ ဝိုင်ဟု ရေးမထား။

သို့သော် ...

သူတို့သည် ...

လေထဲမှာ ပျံသန်းနိုင်ကြလေသည်။

http://www.cherrythitsar.org





# ၁

အမည်မသိသော တောင်ကုန်းလေးတစ်ခုသို့ သူရောက်ရှိနားခိုချိန်တွင် ကောင်းကင်မှ နေခြည်မျှင်တန်းတို့က မြေပြင်သို့ တန်းလန်းယိမ်းထိုးကျနေပြီဖြစ်၏။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုသောအခါ သူ့လို နားခိုသောသော အခြားခရီးသွားများမရှိဘဲ အောက်ပါ (၃) မျိုးကိုသာ တွေ့ရလေသည်။

(၁) သူတောင်းစားအိုကြီးတစ်ယောက်၊ ရာဇဝင်အိုးကို သူ ကျောဖြင့်ပိုးထားသကဲ့သို့ ခါးကိုင်းပြီး ထိုင်နေသည်။ ခုတ်မောင်းနေသော မော်တော်တစ်စင်းကဲ့သို့ ချောင်းသံကိုလည်း တဘုတ်ဘုတ်ပေးနေလေ၏။

(၂) ခွေးလေခွေးလွင့်တစ်ကောင်၊ တုပ်တုပ်ပင်မလှုပ်ဘဲ ပကတိငြိမ်သက်တိတ်ဆိတ်စွာ အိပ်စက်နေသည်။ ကွေးညွတ်နေသော သစ်တုံးဖြင့်ပင် တူနေသေးတော့၏။

http://www.cherrythitsar.org





(၃) သစ်ပင်များ၊ အလေ့ကျသစ်ပင်တို့ ခင်ခင်မင်မင်ပေါက်ရောက်နေကြသည်က ယိုင်ထိုးလှပစွာပင်ဖြစ်၏။ လေကြမ်းတို့ ဖြတ်စီးတိုးဝင်သည့်အခါတိုင်းမှာ သစ်ရွက်သစ်ခက်တွေက တရှန်းရှန်းအသံပြုနေကြသည်။

ပတ်ဝန်းကျင်က ဤမျှပဲဖြစ်ပါသည်။ ထိုအရာအားလုံးသည် သူနှင့်မနီးမဝေးတွင်ရှိကြ၏။ သူ အမောပြေစပြုချိန်မှာပဲ အလွန်အမင်း အံ့သြစရာကောင်းသော မြင်ကွင်းတစ်ရပ်ကို တွေ့လိုက်ရ၏။

ကောင်းကင်မှာ လူတစ်ယောက်လုံး ပျံသန်းလာခြင်းဖြစ်၏။ ထိုလူကတောင်ကုန်းကလေးပေါ်သို့ ဆင်းသက်ခိုနား၊ သူ့ရှေ့မှာ ခြေဖဝါးဖြင့် မားမားရပ်တော့၏။

http://www.cherrythitsar.org





## ၈

ထိုသူက သူ့ကိုကြည့်ပြီး "ခင်ဗျား ... သိပ်အံ့သြနေလား"ဟု မေး၏။ သူက ဝရန်းသုန်းကားခေါင်းငြိမ့်ပြသောအခါ ထိုလူက မျက်နှာထားတည်တည်ဖြင့် ပြော၏။

"စနစ်တကျလေ့ကျင့်ရင် ရပါတယ်ဗျာ ... ကျွန်တော်မှ မဟုတ်ဘူး။ ခင်ဗျားလည်း ပျံလို့ရတယ်။ မခက်ပါဘူးဗျာ"

ထိုလူက သူ့ကို မေးဆက်ပြပြီး ...

"ခင်ဗျား ဟဌယောပရာဒိဝိက ကျမ်းကို ဖတ်ဖူးလား"

သူ ခေါင်းခါပြသောအခါ ထိုလူက

"အင်းလေ ... ခင်ဗျားဘယ်ဖတ်ဖူးမှာလဲ၊ ဒီလိုဗျ ... ခင်ဗျားကို ခြုံငုံပြောရရင် နေ၊ လ၊ ကမ္ဘာဂြိုဟ်တွေဟာ အပြန်အလှန် ဆွဲငင်လည်ပတ်နေကြတယ်။ သူတို့ဟာ အလိုက်အထိုက် ဝန်းလှည့်တည်ရှိနေကြတယ်။ ဒီအလိုက်အထိုက်သဘောတရားကို သိမြင်ပြီး ကိုယ့်ရုပ်ခန္ဓာကို လေ့ကျင့်ပြုပြင်ယူနိုင်ရင် လေထဲမှာ ပျံလို့ရပါတယ်"

http://www.cherrythitsar.org



# လေစီးကြောင်းထဲကလူများ

## တာရာမင်းဝေ

ထို့နောက် ထိုလူက ဟဌယောဂကျင့်စဉ်ဖြင့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတို့ကို ဝေဝေဆာဆာပြောပြလေသည်။ ဟ၊ အနုတ်လက္ခဏာ။ လ၊ အာပေါဓာတ်။ ဌ၊ အပေါင်းလက္ခဏာ။ နေ၊ တေဇောဓာတ်။ ပရကး ကုမ္ဘကး ရေချက ...။

များစွာ ... များစွာ ... စကားလုံးများစွာကို ခံတွင်းထဲမှ အန်ထုတ်ချပြီးနောက် ...

“ကျုပ်ပြောတာလည်း တော်တော်ရှည်သွားပြီ။ ခင်ဗျားအတွက်လည်း တန်ဖိုးရှိမှာပါ။ ကဲ ... သွားပြီဗျို့”

လေထဲတွင် ပျံသန်းကာ ထိုလူက ပြန်လည်ထွက်ခွာသွား၏။ တဖြည်းဖြည်းဝေးသွားသော ထိုလူကို ငေးကြည့်နေစဉ်မှာပဲ တဖြည်းဖြည်းနီးလာသော နောက်ထပ် “လူပျံ” ကို တွေ့ရပြန်၏။

“ဟာ ... နောက်တစ်ယောက်”

http://www.cherrythitsar.org



## ဃ

ဒုတိယလူကတော့ သူနှင့်နီးကပ်စွာ ဆင်းသက်၏။ ငေးကြည့်နေသော သူ့ကို (မသိကျွမ်းသော်လည်း) မျက်ခုံးပင့်ပြပြီး နှုတ်ဆက်၏။

ထို့နောက် ရဲတင်းပိုင်နိုင်သော အမူအရာဖြင့်

"ကျုပ် ... အခုလို လေထဲမှာ ပျံသန်းနိုင်တာကတော့ စိတ်ပိုင်းဆိုင်ရာ မြင့်မားမှုကြောင့်ပဲဗျ" ဟု ပြော၏။

သူ ... နဝေတိမ်တောင်ဖြစ်သွားရပြန်သည်။

"ဘယ်လိုဗျ ... ပြန်ပြောစမ်းပါဦး"

ဒုတိယလူက သူ့ကို ပြန်မေးလေသည်။

"ခင်ဗျား ... ဖရွိုက်ရဲ့ အိပ်မက်တိတ္တိုကျမ်းကို ဖတ်ဖူးလား။ Interpretation of dreams လေဗျာ"

"ဟင့်အင်း ... မဖတ်ဖူးဘူး"

"အင်း ... ထင်တော့ထင်သားပဲ။ ဒီလိုဗျ။ လောကကြီးမှာ စိတ်ဟာ အရာအားလုံးရဲ့ တန်ခိုးပဲ။ သူ့ကို ကျစ်လျစ်သိပ်သည်းစွာ အသုံးပြုခြင်းအား

http://www.cherrythitsar.org



ဖြင့် အရာရာကို အောင်မြင်နိုင်တယ်။ **Autosuggestion** ရဲ့ အမြင့်မားဆုံး အဆင့်တစ်ခုမှာ စိတ်ကို ဖွင့်ထုတ်လိုက်နိုင်ရင် လူဟာ လေထဲမှာ ပျံလို့ ရလာတယ်”

ထို့နောက် အပြုစိတ်၊ မသိစိတ်၊ ဆဋ္ဌမအာရုံ၊ တယ်လီပသီလှိုင်းများ၊ တိဗက်ဘုန်းတော်ကြီးတို့၏ အရောင်ကမ္မဋ္ဌာန်း၊ နာမ်ပိုင်းဆိုင်ရာ လျှို့ဝှက်ချက်များအားလုံးကို စုံညီရှည်လျားစွာ ပြောကြားလေသည်။ ထို့နောက် ...

“ကျုပ်ပြောတာတွေကို ခုနားမလည်ရင်တောင် တစ်နေ့ကျ ခင်ဗျား နားလည်လာနိုင်ပါတယ်။ ကျုပ် ခရီးဆက်ဦးမယ်”

ပြောပြီး သူ့လက်အစုံကို ဖြန့်မြှောက်ဆန့်တန်းလိုက်၏။ လေထဲသို့ ထိုးတက်သွား၏။ ထို့နောက် ပျံသန်းထွက်ခွာသွားတော့သည်။

သူ ငေးကြည့်ကျန်ရစ်ခဲ့စဉ်မှာပဲ တတိယလူက သူ့နောက်မှ ဆင်းချလာ၏။ အရိပ်ကိုမြင်သဖြင့် သူလှည့်ကြည့်လိုက်သောအခါ တတိယလူက သူ့ကို မခိုးမခန့်ပြုံးပြလေသည်။

&☺&☺&☺

http://www.cherrythitsar.org



## ၄

ထို တတိယလူကပင် သူ့ကို စတင်စကားဆို၏။

"ခင်ဗျားကြည့်ရတာ တစ်ခုခုကို ဝေခွဲမရဖြစ်နေပုံရတယ်"

သူ ခေါင်းငြိမ့်ပြလိုက်၏။

"ဟုတ်တယ်၊ ခင်ဗျားတို့ ဘာကြောင့်ပျံနိုင်သလဲဆိုတာ တွေးနေလို့ပဲ"

တတိယလူက သူ့ကို စေ့စေ့ကြည့်ရင်း

"မဒမ်ကျူရီရဲ့ တွေ့ရှိချက်စာတမ်းတွေကို ခင်ဗျား မလေ့လာဖူးလား"

သူက ခေါင်းခါပြလိုက်ရပြန်သည်။ ထိုအခါ တတိယလူက 'ဖြစ်ရမယ်လေ' ဟူသော မျက်နှာထားမျိုးဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်နေ၏။ ပြီးမှ ...

"မိုးပျံပူဖောင်းဟာ ဟိုက်ဒြိုဂျင်ကြောင့် လေပေါ်တက်နိုင်တာမဟုတ်လား"

သူက ဟုတ်မှန်ကြောင်း ခေါင်းညိတ်လိုက်ရ၏။

# လေစီးကြောင်းထဲကလူများ

**တာရာမင်းဝေ**

"အေး ... ဒီလိုပဲ၊ လူ့ခန္ဓာကိုယ်ထဲမှာ လိုအပ်တဲ့ ရေဒီယိုဓာတ်ကြွမှု တစ်မျိုးကို ဖန်တီးပေးနိုင်ရင် အဲဒီလူဟာ လေပေါ် ပေါ်ပါတယ်"

"ခင်ဗျာ"

"ဟင်း ... ဟင်း ... ခင်ဗျား သိပ်အံ့သြသွားပြီလား၊ ရိုးရိုးလေးပါဗျ။ အဲဒီ ရေဒီယိုဓာတ်ကြွမှုကို လိုအပ်တဲ့ အာဟာရတွေအချိုးညီ စားသုံးပေးပြီး ဖန်တီးလို့ရပါတယ်"

သံလိုက်စီးကြောင်းများ၊ သွေးလှည့်ပတ်မှုစနစ်များ၊ အာဟာရ ဖော်မျူလာများ၊ အစာချေဖျက်မှု ပုံသဏ္ဍာန်များ စသည်တို့ကို ပါးစပ်တစ်ခုလုံး ပြောင်းဆန်အောင် ပြောပြလေသည်။

အချိန်အတော်ကြာမှ ...

"ခင်ဗျား ... ဒါတွေကို လိုက်မှီမှာတော့မဟုတ်ဘူး။ ဒါပေမယ့် မိသ လောက် လိုက်ကြိုးစားကြည့်ပေါ့ဗျာ ... ကဲ ... လစ်ပြီဗျို့"

တတိယလူသည်လည်း လေထဲမှာ ပျံသန်းထွက်ခွာသွားတော့၏။ သူ ရပ်တန့်စဉ်းစားကာ ကျန်ရစ်ခဲ့သည်။

&၀&၀&၀

http://www.cherrythitsar.org





၁

"သူတို့ပြောသွားတဲ့ အကြောင်းပြချက်တွေကြောင့် သူတို့ လေထဲမှာ ပျံနိုင်ကြတာတော့ မဟုတ်ဘူးကွ"

တစ်ချိန်လုံး ငြိမ်နေသော သူတောင်းစားကြီးက သူ့ကို လှမ်းပြော လိုက်ခြင်းဖြစ်သည်။

"မင်းကို စကားပြောနေတဲ့အချိန်မှာပဲ သူတို့တွေ မြောက်ကနဲ၊ မြောက်ကနဲဖြစ်သွားတာ မင်းသတိထားမိလား"

သူက မဆိုင်းမတွ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့"

http://www.cherrythitsar.org



# လေစီးကြောင်းထဲကလူများ

## တာရာမင်းဝေ

ထိုအခါ သူတောင်းစားကြီးက

"သူတို့ပြောသွားတာတွေကတော့ သိပ်နားထောင်ကောင်းတယ်။ ဟုတ်တာရော။ မဟုတ်တာရောပါတယ်။ သူတို့စကားတွေက အပြင်ခွံပဲရှိပြီး အထဲမှာ ဘာအနှစ်မှမရှိဘူး။ သူတို့ပြောသလို သူတို့လည်း လိုက်မကျင့်နိုင်ဘူး။ ဒီလိုအခေါင်းပေါက်ပါတဲ့ စကားလုံးကြီးတွေကို ပြောရင်း သူတို့တွေပေါ့ရွှတ်ကော့ပျံတက်နေကြတာပဲ။ သူတို့ဟာ နာရီလက်တံပေါ်ခွထိုင်ပြီး ကမ္ဘာကြီးကို လှည့်ပတ်ဟောပြောချင်နေတဲ့လူတွေပေါ့။ အဲဒါကြောင့် ရေမှာပေါ်တဲ့ မုန့်လုံးလို လေမှာပေါ်တဲ့ စကားလုံးတွေနဲ့ သူတို့ ပက်လက်မျောနေကြရတာပဲ"

http://www.cherrythitsar.org





သူ တွေဝေနေစဉ်မှာပဲ သူတောင်းစားကြီးက ပြတ်သားစွာစိန်ခေါ်လိုက်၏။

"မယုံရင် မင်းလည်း လိုက်လုပ်ကြည့်ပေါ့"

သူ စဉ်းစားလိုက်၏။ ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်၏။ သူ စဉ်းစားပြန်၏။ ခေါင်းတဆတ်ဆတ်ညိတ်၏။ ထို့နောက် သူ စဉ်းစားပြန်သည်။ အတန်ကြာတော့ ပြုံးစိစိဖြစ်လာ၏။

ထို့နောက် ...

kKkKkK

http://www.cherrythitsar.org



## ၁၀

သူက သူတောင်းစားကြီးကို မေးလိုက်၏။

“ခင်ဗျား ... ယန်းပေါ်ဆတ်ရဲ့ ရှိခြင်းနဲ့ မရှိခြင်းဆိုတဲ့ကျမ်းကို ဖတ်ဖူးလား”

သူတောင်းစားကြီးက ခေါင်းခါပြ၏။

“အေးပေါ့လေ ...ဒီဒဿနကို ခင်ဗျား ဘာမှ သိမှာမဟုတ်ဘူး။ သိပ်ဝမ်းနည်းစရာကောင်းတဲ့ကိစ္စပဲ။ အဲဒီစာအုပ်ထဲက အယူအဆတွေဟာ သိပ်စိတ်ဝင်စားစရာကောင်းတယ်။ ဒီလိုဗျ။ လူမှာဖြစ်တည်မှုရယ်၊ အနှစ်သာရရယ်ဆိုပြီး ရှိတယ်”

ထိုမှ အစချီကာ သူသည် ပျော့ပျောင်းလေးလံသော အယူအဆတစ်ရပ်ကို သူ့လျှာဖြင့် ထုမ ပြောဆိုလေသည်။ ကဲကီးဂေါ့ဒ် ...

မှန်ကန်သော ရွေးချယ်မှု၊ နော်ဆဲယား ... စသည် ... စသည် ... စသည်

http://www.cherrythitsar.org





သူတောင်းစားကြီးကတော့, ဘာမျှသိလိမ့်မည်မထင်ပါ။ သူ သတိထား မိသည်ကတော့ ပြောကောင်းကောင်းနှင့်ပြောရင်း ... ပြောရင်း ... သူ့ခန္ဓာကိုယ်က ထိမ်းမရသိမ်းမရ ပေါ့ပါးမြောက်ကြွတက်လာခြင်းပဲ ဖြစ်ပါသည်။

ဘယ်လိုမှ ထိန်းမရတော့သည့်အဆုံး၌ ...

"အခု ကျွန်တော်ပြောပြတဲ့ အတွေးအခေါ်တွေဟာ ခင်ဗျားအတွက်တော့ မြင့်မားရှုပ်ထွေးနေလိမ့်မယ်။ ဒါပေမယ့် ခင်ဗျား စဉ်းစားကြည့်ပေါ့ဗျာ။ ကဲ ... ကျုပ်တော့ ဘယ်လိုမှထိန်းမရတော့ဘူး။ သွားမှဖြစ်တော့မယ် ဗျို့"

ပြောပြီး သူ့ကိုယ်ကို ထိန်းချုပ်မထားနိုင်တော့သဖြင့် လွှတ်ပေးလိုက်သည်။ သူကိုယ်တိုင်ကလည်း လေထဲသို့ လွင့်ခနဲဝဲခနဲ။ အသည်းတို့ လှိုက်အေးကုန် ပါသွားရလေသည်။

သူ ... လေထဲမှာ။

&☺&☺&☺

၉

လေထဲကို သူ မျောလွင့်ရောက်ရှိနေချိန်မှာပဲ တစ်လျှောက်လုံး အိပ်ပျော်နေသော ခွေးကနိုးလာ၏။ သူ့ကိုကြည့်လေသည်။

လူတစ်ယောက် လေထဲ ပေါလောမျောပါသွားတာကို မြင်သဖြင့် တုန်လှုပ်ချောက်ချားစွာ စူးစူးဝါးဝါး ထိုးဟောင်လိမ့်မည်ဟု ထင်မိသော်လည်း လက်တွေ့မှာ ဖြစ်မလာချေ။ ခွေးက သူ့ကို တစ်ချက်ကြည့်ပြီး ဘာမှ မထူးဆန်းသလို ရှေ့လက်ပေါ်ခေါင်းတင်ပြီး ပြန်အိပ်သွားသည်။

http://www.cherrythitsar.org



သူ့မှာသာ လေစီးကြောင်းကို ဝပ်တွားတွယ်ဖက်၊ ထိုသို့ဖြင့် ယက်ကန် ယက်ကန်၊ ထို့နောက် လက်နှစ်ဖက်ကို အတောင်ပံလို လေထဲမှာ စုန်ဆန် ခတ် ...။

သူ ...

ပျံသန်းလျက် ...။

**၁၉၉၄၊ မေ၊ ရင်ခွင်သစ်မဂ္ဂဇင်း။**

**အမှာ (ခ)**

၁။ ခု နောက်ပိုင်းမှာ ကျွန်တော် လုံးချင်းဝတ္ထုတွေ ရေးပါတယ်။ ကျွန်တော့်လုံးချင်းဝတ္ထုတွေဟာ ပရိသတ် အနေနဲ့ တွေ့မြင်နေကျ လုံးချင်းဝတ္ထုမျိုး ဖြစ်ချင်မှ ဖြစ်ပါ လိမ့်မယ်။ အဓိကအနေနဲ့ ဝတ္ထုဖွဲ့စည်းတည်ဆောက်မှု အပိုင်းမှာ ကွဲပြားနေပါလိမ့်မယ်။

၂။ ကျွန်တော့်ဝတ္ထုတွေနဲ့ ကျွန်တော့် လုံးချင်း ဝတ္ထုတွေတောင် 'အခင်း အကျင်း' မတူပါဘူး။ အတင်အပြ၊ အယူအဆတွေ ခြားနားပါတယ်။ အဲဒီအတွက် ကျွန်တော့် မှာ ပြောစရာလေးတွေ၊ ပြောချင်တာလေးတွေ ရှိလာပါတယ်။ တစ်ခုတော့ ရှိပါတယ်။ ကျယ်ကျယ်ဝန်းဝန်းပြောရလိမ့်မယ်။

၃။ **(What is Art?)** အနုပညာဆိုတာ ဘာလဲ၊ အနုပညာသဘောတရား **(Theory of Art)** အနုပညာ လွတ်လပ်ခွင့် **(Freedom of Art) ....** စတာတွေကိုပါ အထိုက်အလျောက် ပြန်ဆွေးနွေးရမလို ဖြစ်နေပါတယ်။ ဝိတိုရိယခေတ် ဝတ္ထုတွေကနေစပြီး ဒီနေ့ မော်ဒန်ဝတ္ထု တွေအထိ ကောက်ချက်ယူသုံးသပ်ပြရမလို ဖြစ်နေပါတယ်။

http://www.cherrythitsar.org



၄။ အခြေအနေအကြောင်းကြောင်းကြောင့်ဒီစာအုပ်နဲ့ အတူ မဆွေးနွေးနိုင်လိုက်ပါဘူး။ နောက်စာအုပ်မှာတော့ ဆွေးနွေးတင်ပြဖြစ်မယ်လို့ ထင်ပါတယ်။ အခု ဒီဝတ္ထုစာအုပ်ကိုဖတ်ပြီး ပရိသတ်အတွက် ကြည်နူးနှစ်သက်မှု တစ်စုံတစ်ရာ ငြိကျန်ရစ်မယ်ဆိုရင် ကျွန်တော် ဝမ်းသာကျေနပ်မိမှာပါ။

၅။ ဖတ်ကြည့်ပါ။

.................................................................

.................................................................

.................................................................

.................................................................

.................................................................

.................................................................


.................................။

**လေးစားစွာဖြင့်**

**(တာရာမင်းဝေ)**

http://www.cherrythitsar.org





**မေး။** ငါနမ်းချင်တဲ့ကံ့ကော်ရေ
မင်း. ပွင့်နေပြီလား။

**ဖြေ။** ..............................

## ၂၉ တာရာမင်းဝေ

# အ ပိုင်း ( ၁ )

ထိုဥယျာဉ်၌
ရှိသမျှသောအပင်တို့၏အသီးကို
သင်သည် စားရသောအခွင့်ရှိ၏။

ထိုအပင်၏အသီးကိုကား မစားရ။

*(ကမ္ဘာဦးကျမ်း)*

http://www.cherrythitsar.org

http://www.cherrythitsar.org



# ၁

“မင်းက ဘာကိစ္စ ငါ့နောက်ကို တကောက်ကောက် လျှောက်လိုက်နေရတာလဲ”

သူ ဘာမှပြန်မဖြေဘူး။

ကျွန်တော့်ကိုပဲ ပေကပ်ကပ်နဲ့ ပြန်ကြည့်နေတယ်။

အဲဒါနဲ့ပဲ တစ်မျိုးလှည့်ပြီး မေးလိုက်တယ်။

“ငါ့နောက်ကိုလိုက်ပြီး မင်း ဘာလုပ်မလို့လဲ။ ငါ ... ဘယ်သွားမယ်ဆိုတာကိုရော မင်းသိလို့လား”

အဲဒါကိုလည်း ဘာမှပြန်မဖြေဘူး။ ခုနကလိုပဲ ဆက်ကြည့်နေတယ်။ ကျွန်တော် အတော်စိတ်ညစ်သွားတယ်။

"ဟာ... ပြဿနာပါပဲကွာ..."

ဘယ်လိုကောင်မလေးမှန်းလဲ မသိဘူး။ ကျွန်တော့်နောက်က လိုက်လာတယ်။ ဘာလုပ်မလို့မှန်းလဲ မသိဘူး။ ကျွန်တော်နဲ့သူနဲ့လည်း မသိဘူး။

ဆက်မေးမနေတော့ဘူး။

သက်ပြင်းတစ်ချက်ကို အလိုမတူဘဲ မှုတ်ထုတ်လိုက်ပြီး လှည့်ထွက်ခဲ့တယ်။

သူကလည်း အေးအေးဆေးဆေးပါပဲ။ စောစောကအတိုင်း ကျွန်တော့်နောက်က ဆက်လိုက်လာတယ်။

ကျွန်တော့်မှာ ရှေ့ကသွားနေရတာ ဘယ်ကျောလုံပါ့မလဲ။

ဘယ်လိုဖြစ်တာလဲလို့ တစ်ယောက်ယောက်ကမေးလာခဲ့ရင်

'မြင်တဲ့ အတိုင်းပဲ'လို့ ဖြေရမှာပါပဲ။

ကျွန်တော်က ရှေ့ကသွားနေတယ်။ သူက နောက်ကလိုက်လာတယ်။ ကျွန်တော်ရပ်ရင် သူ လိုက်ရပ်တယ်။ ကျွန်တော် လျှောက်ရင် သူ... လိုက်လျှောက်တယ်။

ဘာမှန်းလဲမသိဘူး...။

(လူသားမျိုးနွယ်ထဲကပဲဆိုတာရယ်၊ 'အမ' ကလေးပဲဆိုတာရယ်... ကလွဲရင် ဘာမှန်းကိုမသိဘူး။)

ဘယ်သူမှန်းလဲ မသိဘူး။

(ကံ့ကော်ဖူးလေးလို လှတယ်ဆိုတာရယ်၊ ကံ့ကော်ပင်ပေါက်လေးလို သွယ်ကိုင်းပြေပြစ်တယ်ဆိုတာရယ်လွဲရင်... ဘယ်သူမှန်းကို မသိဘူး)

# ၃၃ တာရာမင်းဝေ

သူ့ခေါင်းမှာ ဦးထုပ်လှလှလေးတစ်လုံး ဆောင်းထားတယ်။ သူ့ဘယ်ဘက်ခြေကျင်းဝတ်မှာ ရွှေကြိုးလေးတစ်ကုံး ပတ်ထားတယ်။ ဆိုဖီးမားဆိုးလ်နဲ့ ဆင်ဆင်တူတဲ့ အဲဒီကောင်မလေးက ကြည့်ရမြင်ရတာ အတော်ကျက်သရေရှိပါတယ်။

ဒါပေမယ့် ခက်နေတာက... ဘာကိစ္စ ကျွန်တော့်နောက် လျှောက်လိုက်နေရတာလဲ...။

ကျွန်တော့်မှာ လျှောက်သာလျှောက်နေရတယ်။ ခြေထောက်တွေက အတော်အနေခက်နေကြပြီ။

ကျွန်တော်လည်း ကျောင်းမှာတုန်းက ကောင်မလေးတွေနောက်က လျှောက်လိုက်ဖူးပါတယ်။ စာပေးတာတို့၊ စကားလိုက်ပြောတာတို့... ဘာညာပေါ့လေ။ ဒါပေမယ့် အဲဒီကောင်မလေးတွေကတော့ ဘာမှမဖြစ်ကြပါဘူး။

နောက်က ကျွန်တော်လိုက်လာမှန်းသိတာနဲ့ မျက်နှာကလေးကို မော့ပစ်လိုက်ပြီး ရှေ့ကနေ အိုက်တင်ကလေးနဲ့ ဆက်လျှောက်တယ်။ နောက်မှသာ ကျွန်တော်ပေးတဲ့စာက သူ့ကို မချစ်တဲ့အကြောင်း ရေးထားတဲ့စာဖြစ်နေလို့ ဒေါကန်တာကတော့ တစ်ပိုင်းပေါ့လေ။ ကျွန်တော့်ရှေ့က လျှောက်နေစဉ်မှာတော့ သူ လှလှပပအဆင်ပြေနေတာ သေချာပါတယ်။

ခု... ကျွန်တော့်နောက် ကောင်မလေးတစ်ယောက် လိုက်လာနေတဲ့ကိစ္စမှာတော့ ကျွန်တော် ဘယ်လိုမှ အဆင်မပြေနိုင်အောင် ဖြစ်ရတယ်။ ကျွန်တော်က မျက်နှာလေးမော့ပစ်လိုက်ပြီး ရှေ့ကနေ အိုက်တင်ကလေးနဲ့ လျှောက်ဖို့ဆိုတာက မကောင်းဘူးမို့လား။

(ဘာပဲပြောပြော ရပ်ကွက်ကို အားနာရမှာကိုး။)

ခက်တော့ခက်နေပြီ။

" ......... ......... "

ခပ်တိုးတိုးကျိန်ဆဲလိုက်ပြီး ကိုယ့်လမ်းကိုယ် မဲလျှောက်နေလိုက်တော့တယ်။ နောက်ကို လှည့်ကြည့်ရမှာ မကြောက်ပါဘူး။ သူက လှတာကိုး။ နောက်ကမီလာမှာကိုတော့ ကြောက်တယ်။ သူက ဘာမှန်းမှမသိဘဲ။

အဲ့ဒီလို ခေါင်းတစိုက်စိုက်လမ်းလျှောက်နေတုန်း လမ်းချိုးတစ်ခုအနားမှာ ...

"ဂူး"

ကားတစ်စီးက အရှိန်နဲ့ ကွေ့ချလာတယ်။ ကျွန်တော်က လမ်းတစ်ဘက်ကို လွှားကနဲ ခုန်ထွက်လိုက်နိုင်တယ်။ သူက လမ်းရဲ့ဟိုဘက်ကမ်းမှာပဲ ကျန်ရစ်ခဲ့တယ်။

ကားဖြတ်သွားပြီးတော့ သူနဲ့ကျွန်တော့်အကြားမှာ လမ်းကလေးက ခြားလျက်သား။

ကျွန်တော် သူ့ကို ပြန်လှည့်ကြည့်တော့ သူကလည်း ကျွန်တော့်ကို တွေတွေကလေး ငေးကြည့်နေတယ်။ မျက်လုံးချင်းဆုံနေမိကြတယ်။ ကျွန်တော့်ကို သူ အတော်ကြာအောင် စိုက်ကြည့်နေတယ်။ နောက်တော့...

ဖြည်းဖြည်းချင်း သူ လှည့်ပြန်သွားတယ်။

"တော်ပါသေးရဲ့"

သူ့စိတ်ပြောင်းပြီး ပြန်လှည့်မလာပါစေနဲ့တော့ဘုရား။ ကျွန်တော် ဝမ်း

## (၃၅) တာရာမင်းဝေ

မြောက်ဝမ်းသာ ကိုယ့်ခရီး ကိုယ်ဆက်ခဲ့ပါတယ်။

သူ... နောက်က ပါမလာတော့ သိသိသာသာပေါ့ပေါ့လွတ်လပ်သွား ပါတယ်။ ကျောကိုထောက်ထားတဲ့ဓားတစ်လက် ပြန်ရုပ်သိမ်းပေးတာ ခံလိုက်ရသလိုလို... ပေါ့ပါးလွတ်လပ်သွားတယ်။

ဒါပေမယ့် အဲဒီဓားဟာ နေရာရွှေ့လျားသွားတာပဲဖြစ်တတ်။ ရှေ့တည့်တည့်ကနေ ရင်ဘတ်ကို လာထောက်လိမ့်မယ်... ဆိုတာကိုတော့...

.........................................................

.........................................................

.........................................................

.........................................................

.........................................................

.........................................................

.........................................................

.........................................................

.........................................................

.........................................................

.........................................................

အဲဒီတုန်းက ကျွန်တော် မသိခဲ့ဘူး။

❀ ✤ ❁

http://www.cherrythitsar.org

# ၂

“အဲဒီတုန်းက မင်းက မသိဘူးလား”

“ဘယ်သိမှာလဲ၊ ဘယ်အချိန်ကတည်းက လိုက်လာမှန်းကို မသိဘူး၊ နောက်မှ အမှတ်မထင် လှည့်ကြည့်မိရင်း တွေ့တာ...”

“သူ... လိုက်လာတာကို မင်း မကြိုက်ဘူးပေါ့”

“ဟာကွာ...”

ချိုထွန်းရဲ့အမေးစကားကြောင့် ကျွန်တော် စိတ်ပျက်သွားရတယ်။ မေးစရာမလိုတဲ့ မေးခွန်းကို မေးနေတယ်။ ကိုယ်ကသာ လိုက်ရင်လိုက်မှာပေါ့။ ကိုယ့်ကိုလိုက်လာတာတော့ ဘယ်ကြိုက်ပါ့မလဲ။

“မကြိုက်ရင်လဲ မကြိုက်ကြောင်းပြလိုက်ပေါ့ကွ”

အကောင်းပြောသလိုရှိပေမယ့် ကောင်းမယ့်ပုံမပေါ်။ ဒီကောင့် မျက်နှာက စပ်ဖြဲဖြဲနဲ့။

"ဘယ်လိုပြရမှာလဲ"

"လှည့်ပြီး ခွီးမနဲမာန်ဖိပြလိုက်ပေါ့ကွ"

"ခွေးသူတောင်းစား"

"ဟရူး... ဟရူး... ဟရူး"

အဲ့ဒါ ချိုထွန်းရယ်တာ...။ ဒီကောင်က လူလိုမရယ်ဘူး။ အမြဲတမ်း မန်ဒါလီနှာမှုတ်သလို ရယ်တတ်တယ်။ အခုလည်း ကျောကုန်းကြီးလှုပ်ပြီး ဟရူး ဟရူးနဲ့ ရယ်နေတယ်။

"မင်းတို့ ဖိလော်ဆော်ဖိက ကောင်တွေအားလုံး အဲ့ဒီလိုပဲ အူကြောင် ကြောင်တွေ လျှောက်လျှောက်ပြောတယ်"

"အေးပါ။ ဖိလော်ဆော်ဖာတွေ အူကြောင်ကြောင်လျှောက်ပြောတိုင်း ကမ္ဘာကြီးလဲ အူကြောင်ကြောင်တွေ လျှောက်လျှောက်လုပ်ကြတယ်မို့လား။ ဟေ့ကောင် ရဲခေါင်... ဒီကိစ္စမှာ ငါပြောမယ် နားထောင်..."

သူ့ကိုယ်သူ မျက်နှာပိုးသပ်ပြီး အတည်ပြောမလို ဟန်ဆောင်တယ်။

"ဘာလဲ... ဘာပြောမှာလဲ"

"အဲ့ဒီကောင်မလေးကို ငါသိပါတယ်"

"အင်..."

ကျွန်တော် နားရွက်ထောင်သွားရတယ်။ သူ့ကိုကြည့်တော့ သူက ဣန္ဒြေကြီးနဲ့ ခေါင်းညိတ်ပြတယ်။

"မင်း စပြောကတည်းက၊ ကောင်မလေးရဲ့ပုံစံကို ကြားကတည်းက ဒီကောင်မလေး ဘယ်သူဆိုတာ ငါသိပါတယ်"

"ဟာ... အေး၊ ဟုတ်ပြီ... ပြောစမ်းပါဦး၊ သူက ဘယ်သူလဲ၊ ဘယ်ကလဲ..."

ချိုထွန်းရဲ့မျက်နှာက တစ်ချက်တည်သွားတယ်။ စကားဆိုမယ် အလုပ်မှာပဲ ...

"ဟော့ကောင်တွေ..."

"ဟာ..."

အခန်းထဲကို မင်းဇော်နဲ့ ဝင်းအေးနိုင် ဝင်လာတယ်။ ကိုအောင်စိုး မင်္ဂလာပွဲကို မသွားမီ ဝင်လာကြတာပါ။ သားသားနားနား ဝတ်ထားကြတယ်။ မသိသူက 'သတို့သားများလား' လို့ သူတို့ကို အထင်မှားအောင် တမင်တကာ ဝတ်ထားကြတယ်။

ချိုထွန်းက သူတို့ကို ဆီးဟောက်တယ်။

"မင်းတို့က မင်္ဂလာဆောင်မသွားသေးဘဲ ဘာလို့လှည့်လာတာလဲ"

"ကိစ္စရှိလို့ပေါ့ကွ၊ မင်းတို့ကရော ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

ချိုထွန်းက 'ဟရူး၊ ဟရူး' နဲ့ ရယ်တယ်၊

"ဒီမှာကွာ... ရဲခေါင်ဆိုတဲ့ကောင်ပေါ့။ သူ့နောက်ကို ကောင်မလေး လှလှလေးတစ်ယောက် လျှောက်လိုက်လာတဲ့အကြောင်း ငါ့ကို ပြောပြနေတာ"

"အောင်မာ"

"ဟုတ်လို့လား၊ ရာရာစစ..."

မင်းဇော်နဲ့ ဝင်းအေးနိုင်က ကျွန်တော့်ကို မျက်လုံးပြူးနဲ့ကြည့်ကြတယ်။ ကျွန်တော် ဘာမှပြန်မပြောခင် ချိုထွန်းက 'တကယ်ကွ...'လို့ ပြောလိုက်တယ်။

"ဟင်... အဲ့ဒါဆို"

"အေးလေ... တို့သူငယ်ချင်းလုပ်နေပြီ၊ ရဲခေါင် မင်း အဲ့ဒါကတော့ ငါတို့မျက်နှာကို မီးသွေးခဲနဲ့ ပွတ်တာပဲ"

ကျွန်တော် ပြုံးစိစိလုပ်နေလိုက်တယ်။ ပြီးတော့မှ...

"နေပါဦး၊ မင်းတို့က ဘာဝင်လုပ်တာလဲ"

အဲ့ဒီတော့မှ ဒီနှစ်ကောင် သူတို့ရဲ့လာရင်းကိစ္စကို သတိရသွားပြီး

"သြော်... ကိုအောင်စီက မင်းကို အပါခေါ်ခဲ့ပါတဲ့။ ချိုထွန်းကို ခေါ်မရရင်နေ၊ ရဲခေါင်ကို အပါခေါ်ခဲ့တဲ့"

"ငါရောက်နေတာကို ကိုအောင်စီက ဘယ်လိုလုပ်သိလဲ၊ မင်းတို့ကို မပြောပါနဲ့ဦးလို့ ငါမှာထားလျက်နဲ့"

"ဟေ့ကောင်... ဟေ့ကောင် ငါတို့ပြောတာမဟုတ်ဘူး၊ ကိုအောင်စီက သူ့ဘာသာသူ သိတာ။ မင်းက မျက်လှည့်ဝိုင်းတစ်ခုမှာ ကြိုးကို မြွေဖြစ်အောင် ဝင်လုပ်ပြသွားတယ်ဆို။ ယောနယ်က ရောက်လာတဲ့ကောင်လေး၊ ဆံပင်တွေက နီညိုရောင်နဲ့၊ ဆံပင်ကလဲ အရှည်ကြီး... ဆိုကတည်းက မင်းမှန်း ကိုအောင်စီက သိနေပြီ။ အဲ့ဒီမျက်လှည့်ဆရာကို ရအောင် ခေါ်လာခဲ့ပါတဲ့"

ကျွန်တော်က ခေါင်းခါပြီး ရယ်နေလိုက်တယ်။

မလိုက်ပါဘူး။ မလိုက်ချင်ပါဘူး။ သူ့ဘာသာ မိန်းမရတာ ကိုယ်က

ဘာသွားလုပ်ရမှာလဲ။ ကိုယ်ရတာမှ မဟုတ်ဘဲ။

"မလိုက်ချင်ပါဘူးကွာ၊ ငါ့လက်ဖွဲ့လဲ မင်းတို့ဆီ ပေးထားပြီးပြီပဲ"

မင်းဇော်နဲ့ ဝင်းအေးနိုင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းကုတ်တယ်။

"ဟာကွာ... မင်းလက်ဖွဲ့ကြီးက"

အဲ့ဒီစကားအဆုံးမှာ လေးယောက်လုံး ဝါးခနဲရယ်မိကြတယ်။

ကိုအောင်စီဆိုတာက တက္ကသိုလ်တုန်းက ကျွန်တော်တို့ရဲ့သူငယ်ချင်းပါ။ ကျွန်တော်တို့ထက်တော့ အသက်ကြီးတယ်။ ဒါပေမယ့် ခင်စရာအရမ်းကောင်းတယ်။

တစ်နေ့... ကျွန်တော်နဲ့ချိုထွန်း ကင်တန်းမှာထိုင်နေတုန်း သူ ရောက်လာတယ်။

ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောမလို့တဲ့။ ကျွန်တော်တို့ အပျင်းပြေဝါးနေတဲ့ပဲလှော်ကို တစ်ဆေ့ယူစားတယ်။ အဲ့ဒီမှာပဲ သူ့ကောင်မလေးက ကင်တင်းရှေ့ကဖြတ်လို့ သူလိုက်သွားတယ်။

ကောင်မလေးရဲ့လွယ်အိတ်ကို နောက်ကသွားဆွဲတယ်။

ကောင်မလေးက ချာကနဲလှည့်ပြီး 'ဘာလုပ်တာလဲ' လို့ အော်ထည့်လိုက်တယ်။ ကိုအောင်စီ လန့်သွားတယ်။

နှုတ်က ဘာမှမပြောနိုင်သေးခင်မှာပဲ အောက်က 'ဘူ' ခနဲ ဖြစ်သွားတယ်။

ကောင်မလေးတောင် 'ကြောင်' သွားတယ်။ ကိုအောင်စီကိုယ်တိုင်

လည်း ကြောင်သွားတယ်။

ချက်ချင်းဆိုသလိုပဲ… ကောင်မလေးက သူ့နှာသီးဖျားရှေ့က လေကို လက်နဲ့ နှစ်ချက်သုံးချက်ခတ်ပြီး ခပ်သုတ်သုတ်ဆက်လျှောက်သွားတယ်။ ကိုအောင်စီက ငေးငေးကြီး ကျန်ရစ်ခဲ့တယ်။

နောက်ပိုင်းမှာ ကိုအောင်စီ့ကိုမြင်ရင် ကောင်မလေးက အဝေးကြီး ကတည်းက ရှောင်တယ်။ ကိုအောင်စီကလည်း ကောင်မလေးနားကို လုံးဝ မကပ်တော့ဘူး။

တက္ကသိုလ်နယ်မြေရဲ့ ရင်နင့်ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းတစ်ပုဒ် ပါပဲ။

ကျွန်တော်တို့မှာ ရယ်ချင်ပတ်ကျိနဲ့ပဲ မချင့်မရဲဖြစ်ကြရတယ်။

'ကိုအောင်စီရာ၊ ပဲကြီးလှော်လေးတစ်စေ့နဲ့များဗျာ' လို့ပြောရင် သူ… အကြီးအကျယ်မခံနိုင်ဖြစ်တယ်။

အခုတော့လည်း သဘောတူတဲ့ မိန်းကလေးတစ်ယောက်နဲ့ သူ လက်ထပ်ပါပြီ။

ကျွန်တော်က မနေ့တစ်နေ့ကမှ ရန်ကုန်ကိုဝင်လာတာဆိုတော့ သူ့ မင်္ဂလာပွဲကို မသွားအားသေးဘူး။ ငွေတစ်ထောင်နဲ့ ပဲကြီးလှော်တစ်ပိဿာကို မင်းဇော်တို့ကတစ်ဆင့် လက်ဖွဲ့ထားတယ်။

အခု… လူကိုယ်တိုင်လိုက်ခဲ့ပါတဲ့ ဟင့်အင်း။

"ခေါ်မရဘူးလို့သာ ကြည့်ပြောလိုက်ပါကွာ"

"ဟာ… မဖြစ်ဘူးကွာ၊ သူက ကားပေးလိုက်တယ်။ အပြင်မှာ

http://www.cherrythitsar.org



ကားပါလာတယ်။ လိုက်ခဲ့စမ်းပါ”

ချိုထွန်းနဲ့ ကျွန်တော် အကြည့်ချင်းဆုံမိကြတယ်။ ကျွန်တော်က သတိရမိတာတစ်ခုရှိလို့ ထိုင်ရာက ကပျာကယာထရပ်ရင်း ချိုထွန်းကို

“ချိုထွန်း မင်းတို့မှာ မစီးတော့တဲ့ဖိနပ်အဟောင်းတွေ ရှိလား”

ချိုထွန်းက ယောင်နနနဲ့ ခေါင်းညိတ်ပြီး

“ရှိသားပဲ၊ ဘာဖြစ်လို့လဲ”

“သွား... သွားယူစမ်းကွာ အကုန်သာယူလာခဲ့”

ချိုထွန်းက ထွက်သွားတယ်။ အေးဝင်းနိုင်က

“ဘာလုပ်မလို့လဲ၊ မျက်လှည့်ဆရာက မျက်လှည့်ပြဦးမလို့ ထင်တယ်”

“လုပ်စရာရှိလို့ကွ”

ချိုထွန်း ပြန်ဝင်လာတယ်။

“ရော့... အဲ့ဒီမှာ”

“အား... အိုကေ...”

ဘယ်ခုနှစ်ကတည်းက ဖိနပ်အစုတ်တွေလည်း မသိဘူး။ တစ်မိသားစု လုံးစာဆိုတော့ အများကြီး၊ ကျွန်တော် သဘောကျသွားတယ်။

အဲ့ဒီဖိနပ်တွေကို ကြိုးတစ်ချောင်းတည်းနဲ့ စုသီပြီး ကိုအောင်စီပေးလိုက်တဲ့ ကားနောက်မှာ သွားချည်လိုက်တယ်။ ကားထွက်ရင် ဖိနပ်တွေက မြေပေါ်မှာ ဒရွတ်တိုက်ပြီး ပါသွားလိမ့်မယ်။

သူတို့ကတော့ နားမလည်ဘူး။

“အဲ့ဒါ... ဘာလုပ်တာလဲ”

# ၄၃ တာရာမင်းဝေ

"သိုးဆောင်းလေးတစ်ခုကွ၊ ယောက်ျားမိန်းမ လက်ထပ်ကြပြီဆိုရင် သူတို့ရဲ့ကားမှာ အနှစ်နှစ်အလလက ဖိနပ်တွေ ချိတ်ချည်ပေးလိုက်တယ်။ ဖိနပ်အမျိုးမျိုးစီပြီး နှစ်အဆက်ဆက်ဖြတ်သန်းရတဲ့အထိ ဒီလင်မယား အိုအောင်မင်းအောင် ပေါင်းရပါစေဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"အလဲ့..."

"အောင်မာ... တယ်ဟုတ်ပါလား"

သူတို့ အကြိုက်တွေ့သွားတယ်။

"ကဲ... ဒါဖြင့် ငါတို့သွားတော့မယ်"

"သွား သွား"

မင်းဇော်နဲ့ ဝင်းအေးနိုင် ပျော်ပြီး ကားကို မောင်းထွက်သွားတယ်။ ကျွန်တော့်ကိုအပါခေါ်ဖို့လည်း မေ့သွားတယ်။

ဖိနပ်စုတ်တွေကလည်း ကားနောက်ကနေ တရွဲ့ရွဲ့ပါသွားလေရဲ့။

သူတို့မရှိတော့မှ ကျွန်တော်နဲ့ချိုထွန်းနဲ့ စကားဆက်ရတယ်။

"ဆက်စမ်းပါဦးကွ၊ ကောင်မလေးကိစ္စ"

ချိုထွန်းက မချိုချဉ်ပြုံးတယ်။

"ဘာကိုဆက်ရမှာလဲ"

"ဩော်... အကျိုးအကြောင်းလေးပေါ့ကွာ"

"အကျိုးအကြောင်းတော့ မပြောချင်ဘူးကွာ၊ အကောင်းအကြောင်း ပြောတာပဲ ကောင်းပါတယ်"

"ဟာကွာ..."

ကျွန်တော် စိတ်ညစ်သွားတာကိုကြည့်ပြီး 'ဟရူး... ဟရူး' လုပ်နေတယ်။ ပြီးမှ

"မင်းက ဘာကိုသိချင်တာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ကောင်မလေးအကြောင်း မင်းသိသလောက် နည်းနည်းပါးပါးပေါ့"

"ဒီလိုကွာ"

"အင်း..."

"ကောင်မလေးက ချမ်းသာတယ်။ သူ့မိဘတွေက မရှိကြတော့ဘူး။ အဖိုးနဲ့နေရတယ်။ မွေးချင်းလဲ မရှိဘူး။ သူတို့မြေအဖိုးနှစ်ယောက်ပဲရှိတယ်။ သူတို့ပိုင်တဲ့စီးပွားရေးလုပ်ငန်းတွေက အများကြီးပဲ"

"ဩော်..."

"ကောင်မလေးက အင်္ဂလိပ်စာအဓိကနဲ့ ဒီနှစ်မှာပဲ ကျောင်းပြီးတယ်။ နည်းနည်းနားလည်ရခက်တဲ့ အမျိုးအစားထဲမှာ ပါတယ်"

ကျွန်တော် စိတ်ဝင်တစားဖြစ်နေမိတယ်။

"ဘယ်လို နားလည်ရခက်တာလဲ"

"ငါလဲ တရင်းတနှီး မပေါင်းဖူးလို့ သေသေချာချာတော့ မသိဘူး။ တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"ကောင်မလေးက သိပ္ပံပညာရှင်ရူး ရူးနေတယ်"

"ဟော..."

# ၄၅ တာရာမင်းဝေ

ကျွန်တော် မျက်လုံးပြူးသွားရတာပေါ့။ နားကြားလွဲတာများလားလို့ သေချာအောင် ထပ်မေးရသေးတယ်။

"သိပ္ပံပညာရှင်ရူး ရူးနေတာ"

"အင်း… သဘောပြောတာလေကွာ၊ သိပ္ပံပညာရှင်တွေကို အရမ်းအားကျပြီး သူကိုယ်တိုင်လဲ သိပ္ပံပညာရှင်ဖြစ်ချင်နေတာ"

"သြော်… သြော်…"

ကျွန်တော် ရေရေလည်လည်သဘောကျသွားတယ်။ ကျန်တာတွေ ထပ်မေးမလို့…

"ဟော့ကောင်…"

အဲ့ဒီအချိန်မှာပဲ တယ်လီဖုန်းက စူးစူးဝါးဝါးအော်တယ်။ ချိုထွန်းက သွားကိုင်တယ်။ ပြုံးလိုက် မဲ့လိုက် ခေါင်းညိတ်လိုက် ခေါင်းခါလိုက်နဲ့ စကားပြောပြီး ပြန်လာတယ်။ ကျွန်တော်က…

"ဒီကောင်မလေးအကြောင်းကို မင်းတော်တော်သိတာပဲ"

ကျွန်တော်ပြောတာကို စိတ်မဝင်စားဘူး။ သူက

"ဟိုကောင်တွေကို မော်တော်ပီကယ်ဖမ်းထားတယ်"

သူပြောတာကို စိတ်မဝင်စားဘူး။ ကျွန်တော်က

"သူ့နာမည်ကလေးကိုလဲ မင်း သိမှာပေါ့"

"ဖိနပ်တွေကိစ္စဖြစ်မှာပေါ့ကွာ"

"သိရင် ပြောပါဦးကွ"

"ငါလိုက်သွားမှဖြစ်မယ်"

"ဘယ်သူတဲ့တုန်းကွ"

"သွားပြီဟေ့"

"ခွေးမသား"

"ဟရူး... ဟရူး... ဟရူး"

ဒီကောင် ကျွန်တော့်ကို ဟားပြီးထွက်သွားတယ်။ မကျေမချမ်းနဲ့ပဲ အခန်းထဲမှာ ကျွန်တော် လမ်းထလျှောက်တယ်။ ကြောင်စီစီကြီးပါပဲ။

ကားမပြေးတဲ့ ပေတစ်ရာလမ်းကို မျဉ်းကြားက ဖြတ်ကူးနေရသလို ကြောင်စီစီကြီးပေါ့။

ကောင်မလေးရေ...

ကောင်မလေးရေ... ကောင်မလေးရေ...

ကောင်မလေးရေ... ကောင်မလေးရေ... ကောင်မလေးရေ...

ကြားပါ့မလားမသိဘူး။ ကျွန်တော့်နှလုံးသားက အော်ခေါ်လိုက်တာ။

သူ့နှလုံးသားကိုလေ...။

❀ ✱ ✣

၃

(သူ့နှလုံးသားက ကြားသွားတယ်ထင်ပါရဲ့။ နောက် လေးရက် အကြာမှာ...)

ကားမရပ်တော့တဲ့ မှတ်တိုင်အဟောင်းတစ်ခုမှာ ကျွန်တော် ထိုင်နေတာပါ။

တစ်ယောက်တည်းမို့ လွတ်လပ်ပါတယ်။

ကိုအောင်စီတို့လင်မယားအိမ်ကို သွားလည်ပြီး ပြန်လာတာပါ။ ဒီနေရာလေးမှာ ခဏဝင်ထိုင်ရင် ကောင်းမယ်ဆိုပြီး ထိုင်နေတာပါပဲ။

ဘာမှလည်း မဟုတ်ပါဘူး။

ကိုယ့်အတွေးနဲ့ကိုယ် အဲဒီလိုထိုင်နေတုန်းမှာ ထစ်ချုန်းသံမပေးတဲ့

မိုးဟာ ဂူးဂူးဝါးဝါး ရွာချလာပါတော့တယ်။

"ခွေးတကောင်းဂျားမိုး"

မလှမ်းမကမ်းမှာ ဗယာကြော်ရောင်းမလို့ ထိုင်ကာစ ကုလားအဖိုးကြီးက သူ့ပစ္စည်းတွေကို ဆွဲသိမ်းမတတ်တပ်ရပ်ရင်း မပီမသကျိန်ဆဲတယ်။ ကျွန်တော်ထိုင်နေတဲ့ အမိုးအောက်ကို လျှောက်လာတယ်။

ဒါပေမယ့် လမ်းတစ်ဝက်ကျမှ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး ဆက်မလာတော့ဘဲ တစ်ဘက်ကားလမ်းကို မိုးစက်တွေအောက်မှာ ကူးသွားတယ်။

ကျွန်တော်က သူ့ဗယာကြော်တွေကို ဖောက်ခွဲရေးကိရိယာကြီး မြောက်ပြပြီး လုမှာစိုးလို့လား မသိဘူး။ နောက်ကို လှည့်တောင်မကြည့်ဘဲ တစ်ချိုးတည်း လစ်သွားလေရဲ့။

ကျွန်တော်က နှာခေါင်းကို လက်နဲ့ပွတ်ရင်း ကျန်ရစ်ခဲ့တယ်။

အဲ့ဒီကုလားကြီး ထွက်သွားရာဘက်ကိုပဲ ငေးနေမိလို့ ဒီဘက်ကနေ အမိုးအောက်ကို လူတစ်ယောက်ရောက်နေတာ ကျွန်တော် သတိမထားမိခဲ့ဘူး။

နောက်မှ

"ဟင်..."

မွှေးရနံ့သင်းသင်းရှရှလေး ရလိုက်မိလို့ လှည့်ကြည့်တော့...

'သူ့'ကို တွေ့ရတော့တာပါပဲ။

ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားမိတယ်။ ဘယ်တုန်းက ရောက်နေတာ

လဲ။ ကိုယ့်နောက်ကို လိုက်နေပြန်ပြီလား။ စိတ်တွေ လှုပ်ရှားရှုပ်ထွေးသွားတယ်။

အမှန်တော့ သူ့ကို ကျွန်တော် သတိရနေတာပါ။ တွေ့လည်း တွေ့ချင်နေတာပါ။ ဒါပေမယ့် မျက်နှာချင်းဆိုင်တွေ့ချင်တာမျိုးပါ။

(ကိုယ့်နောက်ကျောဘက်ကနေ သူ လျှောက်လိုက်နေတာမျိုးကိုတော့ ဘယ်ကြိုက်ပါ့မလဲ။ ဘာမှန်းလဲမသိဘူး။)

ဒါပေမယ့်… ခုတစ်ကြိမ်မှာတော့ သူက ခပ်တည်တည်ကလေးပါပဲ။ ကျွန်တော့်ကို သိပ်တောင်ဂရုမစိုက်လှဘဲ ငြိမ်ငြိမ်သက်သက်မိုးခိုနေတယ်။

သူဟာ ပန်းနုရောင်ရုပ်အင်္ကျီဖားဖားကြီးကို ချောကလက်ရောင်လုံချည်နဲ့ တွဲစပ်ဝတ်ဆင်ထားတယ်။ ကျွန်တော့်ကို မသိမသာတစ်ချက်ကြည့်ပြီး ဆံပင်က ရေစက်တွေကို လက်နဲ့သပ်ချပါတယ်။

သူ့အသားအရည်က ရွှေလိုဝင်းနေတယ်။ သူ့ရဲ့ မျက်လုံးနက်နက်ကလေးတွေ၊ နှုတ်ခမ်းပါးပါးကလေးတွေ၊ မွေးညင်းစမ်းစိမ်းကလေးတွေ၊ ဆံပင်တွေကို ဝဲခနဲခေါင်းခါပြီး မော့တင်လိုက်တာလေးတွေ…။

အားလုံးဟာ အနုပညာဆန်လှချည်ရဲ့လို့ ကျွန်တော် ငေးကြည့်တွေးတောမိသေးတယ်။

နောက်ထပ် ထူးခြားတာတစ်ခု သူ့ရဲ့အပြစ်ကင်းစင်မှုပဲ။ သူလှတာက သူများတကာတွေလို အကူပစ္စည်းတွေနဲ့ ဖန်တီးခြယ်သထားတဲ့အလှမျိုး မဟုတ်ဘူး။ ပကတိကြည်လင်ဝင်းပတဲ့အလှမျိုးပဲ။

သူ့မျက်နှာမှာ ဘာမိတ်ကပ်မှမရှိဘူး။ သနပ်ခါး ရေကျဲကလေးကို

ခပ်ပါးပါးလိမ်းထားတာပါပဲ။ သူ့ရဲ့လှပထည်ဝါမှုက ငြိမ်းချမ်းလွန်းပါတယ်။ ကျွန်တော် ပြောခဲ့ပြီးသလိုပါပဲ။

သူ့မျက်နှာလေးက အပြစ်ကင်းစင်လှပါတယ်။

သူ့ကိုတွေ့ရတာ လပြည့်ညမှာ သာတဲ့လမင်းကလေးကို တွေ့ရသလိုပဲ။ အဲဒီလိုမျိုးကို အေးမြကြည်လင်တယ်။

အခုတော့ သူက ကျွန်တော့်ကို ဂရုတောင်မစိုက်တော့ဘူး (လို့ထင်ရတယ်။)

အမိုးစွန်းဘက်မှာရပ်ပြီး ရွာချနေတဲ့ မိုးစက်တွေကို သူ ငေးနေတော့တယ်။ ကျွန်တော့်ကို ကျောပေးထားတယ်။

တစ်ချက်တစ်ချက်မှာ သူပန်ထားတဲ့ (ဘာမှန်းမသိတဲ့) ပန်းကလေးက မွှေးခနဲ ရနံ့ထ,ထပေးတယ်။

မိုးကတော့ ပိုပြီးသည်းသည်းထန်ထန်ရွာလာတယ်။ ပတ်ဝန်းကျင်ကိုတောင် ကြည့်လို့မမြင်ရတော့ပါဘူး။ မျှော်လေရာမှာ မိုးမှုန်တွေနဲ့ချည်း ဖြူဝေဝိုးဝါးနေတယ်။

သူက ခေါင်းကလေးငုံ့၊ သက်ပြင်းကလေးချပြီး သူ့လက်က နာရီကို ကြည့်တယ်။ နောက်တော့ ညောင်းဟန်နဲ့ ကျုံ့ကျုံ့ရုံ့ရုံ့ကလေး ထိုင်တယ်။ အဲဒီအခါ ဘေးဘီကို မသိမသာအကဲခတ်ရင်း သူ့အကြည့်က ကျွန်တော့်ဆီကို ရောက်လာတယ်။

ကျွန်တော်ကလည်း ငေးကြည့်နေမိတော့ သူနဲ့ မျက်လုံးချင်းဆုံသွားတယ်။ ကျွန်တော်က အကြည့်ပြန်လွှဲလိုက်တာတောင် သူက ကျွန်တော့်ကို

ဆက်ကြည့်နေတုန်း။

နောက်တော့... သူလည်း သူ့နေရာမှာ...

ကျွန်တော်လည်း ကျွန်တော့် နေရာမှာ...

ငြိမ်သက်တိတ်ဆိတ် နေလိုက်ကြတော့တယ်။

အနေအထားက တစ်မျိုးပဲ။ ပြောရခက်၊ ဖွင့်ဆိုရခက်တဲ့ အနေအထား မျိုး၊ မိုးကလည်း သဲသဲမဲမဲရွာလို့...။

"ဟော"

ဒီအမိုးအောက် မိုးခိုဖို့ ဝင်ရောက်လာတဲ့ တတိယမြောက် 'သူ'ကတော့ ခွေးကြီးတစ်ယောက်ပါပဲ။

ဒီကောင်ကြီးက ခုမှ ဘယ်ကပြန်လာတယ်မသိဘူး။ တစ်ကိုယ်လုံး ရေတွေစိုရွှဲလို့။ အမိုးအောက်ဝင်လာပြီး ကျွန်တော်တို့နှစ်ယောက်ကို ကြည့် တယ်။

ခွေးကြီးက ကလေကချေတော့ မဟုတ်ဘူး။ မျိုးကောင်းရိုးကောင်း အင်းခွေးကြီးပါ။ ဘယ်အိမ်ကမွေးထားတဲ့ခွေးလဲ မသိဘူး။ လည်ပင်းမှာတော့ လည်ပတ်ကြီးနဲ့။

"ဖရူး... ဖျောက်... ဖျောက်... ဖျောက်"

"ဟာ..."

ကျွန်တော် ထခုန်မိတော့တယ်။

"ခစ်"

သူက တစ်ချက်ရယ်လိုက်မိပြီး သူ့နှုတ်ခမ်းကို သွားလေးနဲ့ ဖိကိုက်

http://www.cherrythitsar.org



ထားလိုက်ပါတယ်။ (အဲ့ဒီပုံလေးက သိပ်ချစ်စရာကောင်းပါတယ်)

ခွေးကြီးက ကျွန်တော့်ဘေးနားလာပြီး ရေစိုလို့ ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ သူ့အမွေးတွေကို ခါထုတ်လိုက်တာပါ။

အငိုက်မိသွားပြီး ကျွန်တော် ခံလိုက်ရတယ်။

"ခွေးမသားခွေး"

ပါးစပ်ကတော့ အသံမထွက်ပါဘူး။ စိတ်ထဲက ဆဲလိုက်တာ အဲ့ဒီလိုပေါ့။

"ဖရူး... ဖျောက်... ဖျောက်... ဖျောက်... ဖရူး"

ဟိုကောင်ကြီးက သူ့ကိုယ်က ရေစက်တွေကို ထပ်ထပ်ခါထုတ်နေ ကျွန်တော်က သူနဲ့ဝေးရာကိုခွာရင်း ကောင်မလေးနဲ့ နီးကပ်သွားတယ်။

ကောင်မလေးကို တစ်ချက်လှမ်းကြည့်လိုက်တော့ ကောင်မလေးက ရယ်ချင်နေတဲ့မျက်နှာနဲ့ တစ်ဘက်ကို လှည့်နေတယ်။ နည်းနည်းတော့ ကျွန်တော်ရှက်သွားတယ်။

ခွေးကို မကျေမနပ် လှည့်ကြည့်တော့ ခွေးခများလည်း အလုပ်ရှုပ်နေတယ်။

ရေတွေခါထုတ်လိုက်၊ သူ့ကိုယ်ကို တိုင်နဲ့ပွတ်လိုက်၊ နောက်ခြေတစ်ဖက်နဲ့ ရှေ့နားရွက်ကို လှမ်းကုတ်လိုက်၊ ပါးစပ်နဲ့ ကျောကုန်းဆီ လှည့်ပြီး သန်းကိုက်လိုက်၊ ကျွန်တော်နဲ့ ကောင်မလေးကို မြင်ဖူးသလို ကြည့်လိုက်... နဲ့...။

ကောင်မလေးပန်ထားတဲ့ပန်းက မွှေးတယ်။ ဘာပန်းမှန်းလည်း

http://www.cherrythitsar.org



ကျွန်တော်မသိဘူး။ (ကျွန်တော် နာမည်သိတဲ့ပန်းက ဆယ်မျိုးလောက်ပဲ ရှိတယ်)

ကောင်မလေးကိုယ်ကလည်း မွှေးတယ်။

ဒါပေမယ့် ရေမွှေးမဟုတ်ဘူး။ သူ့အဝတ်အစားတွေက ပျံ့ထွက်နေတဲ့ ပရုတ်လုံးနံ့သင်းသင်းလေး။

မိုးက စဲမလိုလိုနဲ့ ပြန်သည်းလာတယ်။

"ဩော်..."

"အဟင်း"

စိတ်မရှည်ဘဲ နှစ်ယောက်သား ပြိုင်တူထရပ်မိလို့ စိတ်ပျက်လက်ပျက် ပြုံးမိရယ်မိကြတယ်။

သူက...

"ထီးမပါတဲ့နေ့၊ ကားမပါတဲ့နေ့ဆိုရင် မိုးကရွာပြီ။ တကယ်ပဲ"

ကျွန်တော်ကတော့ ဘာမှပြန်မပြောဘဲ ပြုံးလို့သာ နေလိုက်တယ်။

အဲ့ဒီအချိန်မှာပဲ...

ကောင်မလေးက ခွေးဆီလှည့်ကြည့်ပြီး ချာခနဲ မျက်နှာလွှဲသွားတယ်။ မူမှန်မဟုတ်လို့ ခွေးဘက် ကျွန်တော် လှည့်ကြည့်တော့...

"ဟာ... ဒီကောင်ဟာ..."

ဘယ်လိုသခင်က မွေးထားတဲ့ ဘယ်လိုခွေးလဲ မသိပါဘူး။ တစ်မျိုးပြီး တစ်မျိုး မရိုးအောင် လုပ်ပြနေတယ်။

ခုလည်း ပက်လက်ကြီး...

http://www.cherrythitsar.org



ပက်လက်လှန်ပြီး သူ့ကျောကုန်းနဲ့ သမံတလင်းကို ပွတ်နေတယ်။ သူ့ခါးမှာ ဘောင်းဘီလေး၊ ပုဆိုးလေးဝတ်ထားတာမျိုးလည်း မဟုတ်တော့ ဘယ်ကြည့်ကောင်းမလဲ။ ဒါကြောင့် ကောင်မလေး မျက်နှာလွှဲသွားတာ။

ဒီခွေးနဲ့တော့ ခက်နေပါပြီ။

ကိုယ်တောင် ကြားကဝင်ပြီး အားနာသလို၊ မျက်နှာပူသလိုဖြစ်မိတယ်။

ဒါပေမယ့် မရှေးမနှောင်းအချိန်မှာပဲ (နောင်အခါ ကျွန်တော့်ဘဝထဲမှာ ဘာဖြစ်လာမယ်မှန်း မသိသေးတဲ့) အဲဒီကောင်မလေးရဲ့အစွမ်းအစကို တွေ့ရပါတော့တယ်။

"နည်းနည်းလောက်"

"ဟင်... ဘာလဲ"

သူ လှမ်းပြောတာကို ဘာအဓိပ္ပာယ်မှန်းမသိဘူး။

"နည်းနည်းလောက် တိမ်းစမ်းပါလို့"

သူက လက်ဟန်နဲ့ပါပြလို့ သူညွှန်ရာဘက်ကို ကိုယ်ကိုယို့ပြီး တိမ်းပေးလိုက်တယ်။ ဘာကြောင့်လဲဆိုတာကိုလည်း အကဲခတ်လိုက်မိတယ်။

"ဟင်... အဲ..."

ချက်ချင်းမှာ ဘာပြောရမလဲတောင် မသိဘူးဖြစ်သွားတယ်။

ကျွန်တော် တိမ်းပေးလိုက်တာမှာ ကောင်မလေးရဲ့ လက်ချောင်းလှလှကလေးတွေ မြောက်လာတယ်။ ကျွန်တော် သေသေချာချာကြည့်တော့ သားရေကွင်းတစ်ကွင်းနဲ့။

# ၅၅ တာရာမင်းဝေ

ခုထိ ပက်လက်ကြီးလုပ်နေတဲ့ ခွေးကြီးရဲ့ သူအမြင်ကတတ်တဲ့နေရာကို သားရေကွင်းနဲ့ပစ်မလို့။

သေသေချာချာအချိန်မှာ...

"အဟင်း... ဟက်"

ကျွန်တော် မအောင့်နိုင်ဘဲ ရယ်လိုက်မိရင်း

"သွား... မလုပ်နဲ့လေ၊ တော်ကြာ... ထကိုက်နေဦးမယ်"

အရေးကြီးတယ်လေ။

အဲဒါက အဲ့ဒီခွေးကြီးရဲ့ မျိုးဆက်ပြန့်ပွားရေး ကိစ္စပဲ။

သူက သားရေကွင်းကို ချိန်ထားရက်က မပစ်ဖြစ်သေးဘဲ

"ထကိုက်တော့လဲ ပြန်တီးလိုက်မှာပေါ့၊ သူက တစ်ကောင်တည်းပဲ။ ကျွန်တော်တို့က နှစ်ယောက်တောင်ဟာ"

"ဟာ... ဒုက္ခပါပဲ"

ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်ချလိုက်မိတော့တယ်။ သားရေကွင်းနဲ့သူ ချိန်ထားတာကို ခြေဟန်လက်ဟန်နဲ့ ဖျက်ခိုင်းလိုက်ရင်း

"မကောင်းပါဘူး၊ ခွေးတစ်ကောင်နဲ့ လူနှစ်ယောက် ရန်ဖြစ်လို့"

သူက ဇဝေဇဝါဖြစ်နေဟန်နဲ့ သားရေကွင်းကို လက်ထဲမှာ ဆွဲ... ဆွဲဆန့်နေတယ်။

"ခွေးက ပြန်ကိုက်လိုက်ရင် အကြောင်းမဟုတ်ဘူး"

"ဘာက အကြောင်းလဲ"

"တို့ကို သူက သဘောထားကြီးကြီးနဲ့ သည်းခံနေလိုက်ရင်

ပြသနာ”

သူ ရယ်ချင်သွားတယ်။ မျက်လုံးလေးတွေ အဝိုင်းသားနဲ့ စဉ်းစားဟန်ပြပြီး…

“အင်း… ဟုတ်တယ်နော်။ အဲဒါဆိုရင်တော့ ကျွန်တော်တို့တွေ သီချင်းထဲကအတိုင်း ဖြစ်သွားလိမ့်မယ်”

“ဘာသီချင်းလဲ”

သူက နှာခေါင်းလေးရှုံ့ပြရင်း

“ဟို ခွေးတစ်ယောက်နဲ့ လူနှစ်ကောင်ဆိုတာလေ”

ကျွန်တော်တို့ ရယ်ဖြစ်ကြတယ်။

သူ သားရေကွင်းကို ပြန်သိမ်းလိုက်တယ်။ သိပ်ကြည်လင်တာတော့ မဟုတ်ဘူး။

“ဟင်း”

ခွေးကြီးကို မျက်စောင်းခဲလိုက်သေးတယ်။ (သိပ်လှတာပဲ၊ ကြည့်ရတာ တစ်ဘက်လူကို မချင့်မရဲဖြစ်လာစေတယ်)။

အဲ့ဒီအချိန်မှာပဲ ခွေးကြီးက ကျွန်တော်တို့နှစ်ယောက်ကို မသင်္ကာသလို လှမ်းကြည့်ရင်း သူ့ကိုယ်ကို ဘေးတိုက်လှဲချလိုက်တယ်။

နှစ်ယောက်လုံး ပြုံးလိုက်မိတယ်။

“သူ ရိပ်မိသွားတယ်ထင်တယ်”

ခွေးကြီးက ဖျတ်ခနဲ ခုန်ထလိုက်တယ်။ ကောင်မလေးလန့်ပြီး နောက်ကို ခြေတစ်လှမ်းဆုတ်တယ်။ ကျွန်တော်လည်း အံ့သြသွားပြီး ငေးကြည့်

http://www.cherrythitsar.org


နေတုန်း”

“…… ……”

ခေါ်သံ။

ရှေ့မှာ ပက်ဘလစ်ကာအမိုးတပ်လေးတစ်စီး လာရပ်ပြီး မောင်းလာတဲ့ သူက ခွေးကြီးကိုခေါ်တယ်။

“ဟေ့ကောင်… တက်… တက်”

ခွေးကြီးက ပက်ဘလစ်ကာ ကားနောက်ခန်းကို ခုန်ဝင်တယ်။ ကားက မောင်းထွက်သွားတယ်။ ခွေးကြီးက ကားနဲ့ပါသွားတယ်။ ကျွန်တော်တို့ကို ကြည့်ရင်း ပါသွားပါတယ်။

လှျာတောင် တန်းလန်းကြီး ထုတ်ပြနေသေးတယ်။

“ဒါကတော့ ‘ခံ’ရတာပဲကွာ၊ ရေရေလည်လည်ပဲ”

သူ… အဲ့ဒီလိုပြောလို့ ကျွန်တော့်မှာ ရယ်ရပါသေးတယ်။

ကိုယ်ပြန်ဖို့ အတွက်လည်း မိုးရဲ့အရိပ်အခြည်ကို ကြည့်ရသေးတယ်။ စဲစပြုပါပြီ။ မကြာခင် တိတ်တော့မယ်ထင်ပါတယ်။

သူက ပြောတယ်။

“ခွေးကြီးရဲ့နာမည်က ဗမာဆန်တယ်နော်”

ကျွန်တော် မျက်မှောင်ကြုတ်လိုက်တယ်။

“ဘယ်လိုလုပ် ဗမာဆန်မှာလဲ၊ ဒီနာမည်ကြီးကို”

“ဗမာဆန်တာပေါ့၊ မောင်နီတဲ့”

ကျွန်တော် စိတ်ညစ်သွားတယ်။

"ဟာ... ဘရောင်နီပါကွာ"

သူ... အမ်းတမ်းတမ်းလေး ဖြစ်သွားတယ်။

ပြီး...

"သူ့သခင်က ခေါ်သွားတယ်လေ၊ မောင်နီတဲ့"

"ဘရောင်နီလို့ ခေါ်သွားတာပါကွာ"

"ဟင်... ဟုတ်လို့လား"

ပြီးတော့ သူ ရှက်ကိုးရှက်ကန်းရယ်နေပါတယ်။

ရယ်ရင်းနဲ့ 'မသိဘူး၊ အဲဒီခွေးကြီးကို နောက်တွေ့ရင်တော့ မောင်နီလို့ပဲ ခေါ်မှာပဲ'တဲ့။

ကျွန်တော်က 'ခေါ်စေဗျာ'လို့ ပြန်ပြောလိုက်လို့ ရယ်ဖြစ်ကြပါသေးတယ်။

ကံဆိုးချင်တော့ ကျွန်တော်တို့ အဲဒီလို သာယာလှပနေချိန်မှာပဲ မိုးက တိတ်သွားပါတယ်။

သူက ပတ်ဝန်းကျင်ကို ကြည့်တယ်။

ပြီး... ကျွန်တော့်ကို ကြည့်တယ်။

"သွားမယ်"

သူ ထွက်သွားပါတော့တယ်။

ကျွန်တော် တစ်ယောက်တည်း ရပ်မြဲရပ်ရင်း ကျန်ရစ်ခဲ့တယ်။

ရင်ထဲမှာ ဟာနေတယ်။ စိတ်ထဲကလည်း ပျံ့ပျံ့လွင့်လွင့်တွေးမိတယ်။

http://www.cherrythitsar.org

## ၁၉ တာရာမင်းဝေ

'မိုးခိုသူတို့ရဲ့ဘဝဆိုတာ ဒီလိုပါပဲ၊ မိုးတိတ်ရင် ပြန်ခွဲရတာ'လို့။

ဖတ်ဖူးတဲ့ကဗျာထဲက အတိုင်းလည်း စဉ်းစားဖြစ်တယ်။

မိုးမတိတ်ခဲ့ရင် အကောင်းသား။

ဒါမှမဟုတ်...

အစကတည်းက မရွာခဲ့ရင် အကောင်းသားလို့...။

❀ ✻ ✤

၄

မိုးမရွာတာကတော့ ကောင်းပါတယ်။ ဒါပေမယ့် ဒီလောက်ကြီး နေပူတာကတော့ မကောင်းဘူး။ ဒါထက်...။

နေပူကြီးထဲမှာ သူတို့မိန်းကလေးနှစ်ယောက် ဒီအတိုင်း အကြာကြီး ရပ်နေကြတာ ပိုမကောင်းဘူး။

ကျွန်တော်က အအေးဆိုင်ထဲကပါ။ ရုပ်ရှင်ဒါရိုက်တာတစ်ယောက်နဲ့ **Pop Art** တွေ **Op Art, (optical Art)** တွေအကြောင်း ဆွေးနွေးနေတာ။ ဒါရိုက်တာပြန်သွားလို့ အအေးဆိုင်အပြင်ကို လှမ်းကြည့်တော့ လမ်းမပေါ်မှာက နေကျက်ကျက်ဆူနေပြီ။

ကားလမ်းဘေးမှာ မိန်းကလေးနှစ်ယောက် ရပ်နေတယ်။ ကျွန်တော်ရဲ့

# ၆၁ တာရာမင်းဝေ

ဘာမှန်းမသိတဲ့ကောင်မလေးရယ်။ သူ့အဖော် နောက်ထပ်ကောင်မလေးတစ်ယောက်ရယ်...။

အဲ့ဒီကောင်မလေးက **Taxi** ကားကို လက်တားပြီး ငှားဖို့ကြိုးစားနေတယ်။ သူ့အဖော်ကောင်မလေးက သူ့ဘေးနားမှာပဲ ခပ်တည်တည်ရပ်နေတယ်။

အဲ့ဒီကောင်မလေးလည်း သူ့လိုပဲ လှတယ်။ ရှပ်အင်္ကျီအဖြူဖွားဖွားကြီးကို အပြင်ထုတ်ဝတ်ထားတယ်။ ဘယ်သူ့ကိုမှ အလေးမထားတဲ့အမူအရာမျိုးနဲ့ မျက်နှာမှာ မာနလှလှတွေ လိမ်းထားတယ်။

"ဘာလဲဟ"

ကျွန်တော် တိုးတိုးလေး ရေရွတ်မိတယ်။ ဘာမှန်းကို မသိဘူး။ ဒီကောင်မလေးနဲ့ ပတ်သက်လာရင် ကျွန်တော်ဖြင့် ဘာမှန်းကိုမသိဘူး။

**Taxi** တွေ တစ်စင်းပြီးတစ်စင်း ဖြတ်သွားနေတာပဲ။ ကားပေါ်က ဒရိုင်ဘာတွေကလည်း သူတို့ကို အကဲခတ်နေကြတယ်။ ရပ်ပေးဖို့ ပြင်ကြတယ်။ ဒါပေမယ့် အဲ့ဒီဘာမှန်းမသိတဲ့ကောင်မလေးက တားမလိုလို... တားမလိုလိုနဲ့ နောက်ဆုံးတော့လည်း မတားဘူး။

ကားတွေမှာလည်း ရပ်ရမလို... ရပ်ရမလိုနဲ့ နောက်ဆုံးတော့လည်း မရပ်ရဘူးဖြစ်နေတယ်။

"ပိုက်ဆံရှင်းမယ်"

စားပွဲထိုးကိုခေါ်ပြီး ပိုက်ဆံရှင်းပေးလိုက်တယ်။ ကျွန်တော် သူတို့နှစ်ယောက်ဆီ ထွက်လာခဲ့တယ်။

http://www.cherrythitsar.org



ကျွန်တော့်ရဲ့ ဘာမှန်းမသိတဲ့ကောင်မလေးက ကျွန်တော့်ကို တော်တော်နဲ့ မမြင်သေးဘူး။ သူတို့နားရောက်တဲ့အထိ မမြင်သေးဘူး။

သူ့အဖော်ကောင်မလေးကသာ ကျွန်တော် ဆိုင်ထဲက ထွက်လာတာကိုလည်း မြင်တယ်။ သူတို့ဆီ လျှောက်လာနေတာကိုလည်း မြင်တယ်။ လူတစ်ယောက်ဖြစ်နေလို့ **Taxi** ကား မဟုတ်ဘူးဆိုတာကိုလည်း မြင်တယ်။

ကျွန်တော် ရပ်ရမလို၊ မရပ်ရမလိုဖြစ်နေတာကိုလည်း မြင်တယ်။ နောက်ဆုံးတော့ ရပ်လိုက်တာကိုလည်း မြင်တယ်။ သူ… ခပ်တည်တည် ကြည့်နေတာပါပဲ။

"ဟိတ်"

ကျွန်တော် အသံပြုလိုက်တယ်။ အဲဒီတော့မှ ဘာမှန်းမသိတဲ့ ကျွန်တော့်ရဲ့ကောင်မလေးက ကျွန်တော့်ကို လှည့်ကြည့်ပြီး မြင်တယ်။

"သြော်…"

သူ… ပြုံးတယ်။ ဒါပေမယ့် အပီအပြင်တော့ မပြုံးဘူး။ ပေါရာဏနဲ့ ပြောရရင် 'ပွင့်အံ့တျားတျားအပြုံး'ပေါ့။ မေးလေးဆတ်ပြီး မေးတယ်။

"ဘယ်သွားမလို့လဲ"

"မဟုတ်ဘူး၊ အအေးဆိုင်ထဲက ထွက်လာတာ၊ ဒီမှာရပ်နေတာ မြင်လို့"

"အင်း… ကားငှားမလို့"

"အိမ်ကကားကို ဘာလို့ယူမလာတာလဲ"

သူက နှာခေါင်းလေး ရှုံ့ပြတယ်။

"အို... မယူချင်ပါဘူး။ ဝန်ကြီးတယ်။ တာဝန်ပိုတယ်။ ကားယူလာရင် ကားကိုပါ ဂရုစိုက်နေရတာ။ ကျွန်တော်ကသာ ကားကိုစီးချင်တယ်။ ကားက ကျွန်တော့်ကို ပြန်စီးကာ မခံချင်ဘူး"

သူ့စကားကြောင့် ကျွန်တော် သဘောကျသွားပြီး ခပ်အုပ်အုပ်ရယ်ဖြစ်တယ်။ သူက ဆက်ပြောတယ်။

"ကျွန်တော်က ခြေလွတ်လက်လွတ်ပဲ သွားချင်တာ"

"နေပူကြီးထဲကွာ... ထီးမယူချင်ဘူးဆိုရင်တောင် ဦးထုပ်လေးလောက်တော့ ဆောင်းခဲ့ရောပေါ့"

ဘာမှ ပြန်မပြောဘူး။ ရယ်ကျဲကျဲနဲ့ ခေါင်းခါတယ်။

"ဘာလဲ ကိုယ်ကသာ ဦးထုပ်ကိုဆောင်းချင်တာ။ ဦးထုပ်က ကိုယ့်ခေါင်းပေါ် တက်ထိုင်နေတာကိုတော့ မခံချင်ဘူးပေါ့"

"ဟာ... မဟုတ်ပါဘူး"

ကိုယ်လေးကို ယိမ်းနွဲ့ပြီး သူရယ်သည်။ သူ့အဖော်ကောင်မလေးက ကျွန်တော်တို့ကို မကြည့်ဘူး။ အဝေးတစ်ဘက်ကိုပဲ ငေးနေတယ်။ **Tax** တစ်စင်းက ကျွန်တော်တို့ရှေ့က ဖြတ်မောင်းသွားတယ်။

သူ... မတားပြန်ဘူး။

"မဟုတ်သေးပါဘူး။ ကိုယ် အအေးဆိုင်ထဲက တွေ့နေတယ်။ **Tax** တွေဖြတ်သွားတော့လဲ မတားဘူး"

"အင်း... မကြိုက်လို့"

"ဘာကို မကြိုက်တာလဲ"

http://www.cherrythitsar.org



"ကျွန်တော်က ကားစီးရင် ဘီးကိုကြည့်ပြီးစီးတယ်"

"ဘယ်လို... ဘီးကို ဟုတ်လား"

"အင်း"

"ဟောဗျ"

ဘာမှန်းကို မသိပါဘူး။ အဲ့ဒါနဲ့...

"ဘယ်လိုဖြစ်လို့လဲ"

သူက အထက်စီးကနေ ပြုံးပါတယ်။

"ဒီလိုလေ"

"အင်း"

"ကားဘီးတွေက စက်ဝိုင်းအနေအထားရှိတယ်။ စက်ဝိုင်းအနေအထား ပြည့်ပြည့်ဝဝရှိမှလဲ ဖြစ်မယ်၊ စက်ဝိုင်းပုံ မပီပြင်ရင် မကောင်းဘူး"

"ဘယ်လိုမကောင်းတာလဲ"

"အဲ့ဒီကားဟာ စီးလို့မကောင်းတော့ဘူး။ စက်ဝိုင်းပုံမပြည့်ဘဲ ကားဘီးလေလျော့နေရင်၊ လေတင်းလွန်းနေရင် ကားစီးရတာ အဆင်မပြေဘူး ခေါင်းမူးတယ်"

"သြော်... သြော်"

"နောက်ပြီး ဒီကားလမ်းကို ကြည့်"

"အင်း"

သူက ပြလို့ ကားလမ်းကို မြင်နေရက်နဲ့ ထပ်ကြည့်ရတယ်။

"ဒီကားလမ်းက မဖြစ်ဘူး။ ရေပြင်ညီ သိပ်မကျဘူး။ အနိမ့်အမြင့်

တွေနဲ့ရော၊ ချိုင့်ခွက်တွေနဲ့ရော၊ သိပ်မမိုက်ဘူး”

“အင်း”

“အဲဒီလိုကားလမ်းမျိုးမှာဆိုရင် ပိုပြီးသတိထားရတာပေါ့”

‘ဂလိုကိုး’လို့ မပြောလိုက်ပါဘူး။ ခေါင်းပဲ အခါခါညိတ်ပြလိုက်တယ်။

“ဟော… ဟိုကလာတဲ့ကားကို စီးမယ်၊ တားမယ်”

ဒီတစ်ခါလာတဲ့ **Taxi** ကိုတော့ သူ သဘောကျတယ်၊ လက်တားဖို့ပြင်တယ်။ ကျွန်တော်က သူ့အဖော်ကောင်မလေးကို အကဲခတ်သလို ကြည့်တယ်။ အဲဒီကောင်မလေးကလည်း ကျွန်တော့်ကို တစ်ချက်ပြန်ကြည့်ရင်း

“ဥယျာဉ်… စျေးဆစ်မနေနဲ့တော့၊ လိုက်သွားကြမယ်”

အိုး… အခုမှပဲ သိတော့တယ်။ ဘာမှန်းမသိတဲ့ကောင်မလေးရဲ့နာမည်က ‘ဥယျာဉ်’တဲ့။ လှသားပဲ။

ဘယ်လိုပန်းတွေ မွှေးပြီး ဘယ်လိုသစ်သီးတွေ ဝင်းမှည့်ကြသလဲဆိုတာကိုတော့…

ဆက်လေ့လာရမှာပဲ။

အဲဒီအချိန်မှာပဲ အဖော်ကောင်မလေးရဲ့ခေါင်းက ဦးထုပ်လေးက လေတိုက်လို့ လွင့်ကျတယ်။

“အို…”

ဦးထုပ်က ကျွန်တော့်ရှေ့မြေပြင်ကို ကျလာတာပါ။ ကျွန်တော်က ကုန်းကောက်ဟန်ပြလိုက်တယ်။ ဒါပေမယ့် တကယ်တမ်းမှာ မကောက်ဘူး။

ဦးထုပ်ရဲ့အထက် တစ်ထွာလောက်အမြင့်မှာ လက်ဖဝါးဖြန့်ရက်နဲ့ ရပ်ထားလိုက်တယ်။ လက်ဖဝါးကို သုံးကြိမ်ဇွေ့ဝိုင်းပြီး ဦးထုပ်ကို 'မန်း' သလို 'ညို့'သလို လုပ်တယ်။ နောက်လက်ဖဝါးကို ဆွဲမြှောက်လိုက်တယ်။

ဦးထုပ်က လေထဲမှာ မြှောက်ပြီးပါလာတယ်။

"ဟင်"

"အယ်"

သူတို့ အံ့သြသွားတယ်။ ဦးထုပ်က ကျွန်တော့်လက်ဖဝါးသွားရာကို လေထဲကနေ လိုက်လာတယ်။ ကျွန်တော်က အဖော်ကောင်မလေးနားရောက် အောင် ဦးထုပ်ကို ရွှေ့ပေးတယ်။

"အဲ့ဒီမှာ လှမ်းယူလိုက်"

အဖော်ကောင်မလေးက လှမ်းမယူဘူး။ လေထဲမှာရပ်နေတဲ့ ဦးထုပ်ကို မျက်မှောင်ကလေးကြုတ်ပြီး ကြည့်နေတယ်။ ဥယျာဉ်ကပဲ ဖျတ်ခနဲဆွဲ ယူလိုက်တယ်။

ဦးထုပ် သူ့လက်ထဲရောက်သွားတယ်။

**Taxi** က သူတို့ရှေ့မှာ လာရပ်ပြီ။ ကျွန်တော်က သူတို့နှစ်ယောက် စလုံးကို အစ်ကိုကြီးဆန်ဆန်ပြုံးပြလိုက်ပြီး

"သွားတော့၊ သွားတော့… လိုက်သွားကြတော့…"

"ဟင်… ဪ… အင်း"

သူတို့နှစ်ယောက် ကားပေါ်တက်တယ်။

"သွားမယ်… နော်"

# ၆၇ တာရာမင်းဝေ

ဥယျာဉ်က ကျွန်တော့်ကို နှုတ်ဆက်တယ်။ အဖော်ကောင်မလေးက တော့ လှည့်တောင်မကြည့်ပါဘူး။ ကားလေး ကျွန်တော့်ရှေ့က ထွက်သွား တယ်။

ဥယျာဉ်ရှေ့တဲ့ကားဘီးကို တစ်ချက်လှမ်းကြည့်ဖြစ်သေးတယ်။

ကျွန်တော့်အမြင်မှာတော့ ဘယ်လိုမှ မထူးခြားပါဘူး။ ဒသည်းသီးကြီး လိမ့်သလိုပဲ။ အဲဒီကားဘီးဟာ ခေါင်းကြီးငုံ့ပြီး ကမ္ဘာ့ရှုထိုး ပြေးထွက်သွား တယ်။

.....................................

.....................................

ဒါနဲ့များ .........။

❀ ❄ ❁

## အိပ်မက် တစ်

အဲဒီညက မိုးလင်းခါနီးအထိ အိပ်မပျော်ဘူး။
အိပ်ပျော်တော့ အိပ်မက် မက်တယ်။
အိပ်မက်ထဲမှာ ကျွန်တော်က စက်ဝိုင်းကြီးတစ်ခုကို
တောင်ပေါ် တွန်းတင်သွားတယ်။
တောင်ပေါ်ရောက်တော့ တောင်အောက်ကို
ပြန်လှိမ့်ချတယ်။
စက်ဝိုင်းကြီးက ကျွန်တော့်ကို
စိတ်ပျက်လက်ပျက်ပြောတယ်။
"မင်းတို့ 'လူ'ဆိုတဲ့သတ္တဝါတွေဟာ အတော်ညစ်စုတ်
တာပဲ"
"ဟင်... ဘာဖြစ်လို့လဲ"
"သူများတစ်ဘက်သားကို တွန်းတင်လိုက်၊ တွန်းချ
လိုက်နဲ့ ဒါကြောင့် မင်းတို့တွေ ည ည အိပ်မပျော်တာ"
တဲ့...။

❀ ❄ ✿

## ၅

နိုင်ငံခြားသားတွေထိုင်လေ့ရှိတဲ့ ကော်ဖီဆိုင်တစ်ဆိုင်ကို ကျွန်တော် ရောက်ခဲ့ရပါတယ်၊ ချိုထွန်းက အဲဒီဆိုင်ကို လာခဲ့၊ အဲ့ဒီဆိုင်က စောင့်နေမယ်ဆိုလို့ပါ။

"အို ..."

ဆိုင်ထဲကိုဝင်ပြီး ကျွန်တော် တွေ့လိုက်ရတာက ချိုထွန်းနဲ့ကောင်မလေး တစ်ယောက်နဲ့ တစ်စားပွဲတည်းထိုင်ပြီး စကားတွေ တွတ်ထိုးလို့...။ ချိုထွန်း လို ပုံမလာပန်းမလာကောင်၊ ဦးပုညစကားနဲ့ပြောရရင် 'ရွှေပုံတလုပ် ငှက်ကြီးရပ် သို့ ကုပ်ကုပ်ကလေး ပေမှေးမှေး... ဖြစ်နေတဲ့ကောင်'က သားသားနားနား ကောင်မလေးတစ်ယောက်နဲ့ အခုလို ဆက်ဆံရေးရှိနေတာ အံ့သြစရာပါပဲ။

ပိုပြီး အံ့သြမိတာကတော့ အဲ့ဒီကောင်မလေးဟာ ဟိုတစ်နေ့က ကျွန်တော်တွေ့ခဲ့ရတဲ့ ဥယျာဉ်ရဲ့အဖော်ကောင်မလေး ဖြစ်နေလို့ပါပဲ။

ချိုထွန်းက ကျွန်တော့်ကိုမြင်တော့ လှမ်းခေါ်တယ်။

"ရဲခေါင် လာ မင်းကို စောင့်နေတာ"

ကောင်မလေးက ကျွန်တော့်ကို မော့်ကြည့်တယ်။ သူ အံ့သြသွားတယ်လို့ ကျွန်တော်ခံစားရပေမယ့် ကောင်မလေးရဲ့မျက်နှာက အံ့သြဟန်မပြဘူး။

သူ့ထုံးစံအတိုင်း ခပ်တည်တည်ပါပဲ။

ကျွန်တော်က ကောင်မလေးနဲ့ မျက်နှာချင်းဆိုင်ခုံတစ်လုံးမှာ ဝင်ထိုင်တယ်။ ကောင်မလေးက ကျွန်တော့်ကို မကြည့်ဘူး။ ကျွန်တော်ကတော့ ကြည့်တယ်။ သူ ဘာဖြစ်လို့ ကျွန်တော့်ကို မကြည့်တာလဲဆိုတာကိုသိချင်လို့ ကျွန်တော်ကတော့ သူ့ကို ကြည့်တယ်။

ချိုထွန်းက စကားစတယ်။

"ဒီမှာ ငါတို့ စကားကောင်းပြောနေကြတာကွ"

"ဟုတ်လား၊ ဘာအကြောင်းတွေ ပြောနေကြတာလဲ"

"သြော်... တရုတ်နဲ့ ဂျပန်ရဲ့ ဆိုက်ကိုအနေအထား ကွဲပြားမှုတွေ အကြောင်းပါကွာ..."

"အဟင်း"

ချိုထွန်းက အဲ့ဒီလိုပဲ။ တစ်ခါတစ်ခါကျရင် အဲဒီလို ကြီးကြီးကျယ်ကျယ် အကြောင်းအရာတွေကို အတည်ပေါက်နဲ့ လျှောက်ပြောနေတတ်တယ်။

# ၇၁ တာရာမင်းဝေ

ကျွန်တော်က ထိုင်လျက်ကနေ ခါးလိမ်ပြီး အပျင်းဆန့်လိုက်တယ်။ စားပွဲထိုးကို ကော်ဖီမှာလိုက်ရတယ်။ ဘေးဝိုင်းတွေမှာ ထိုင်နေတဲ့ နိုင်ငံခြားသားတွေကို အကဲခတ်သလို လိုက်ကြည့်ပြီး…

"ဟော့ကောင်… ချိုထွန်း၊ ဟိုမှာ… ကြည့်"

အနက်ရောင်ဝတ်စုံဝတ်ထားတဲ့ တရုတ်အမျိုးသမီးတစ်ယောက်ကို ကျွန်တော် လက်ညှိုးထိုးပြလိုက်တယ်။

"အင်း… ဘာဖြစ်လို့လဲ"

ချိုထွန်းက လိုက်ကြည့်တယ်။

ကောင်မလေးက ကြည့်မကြည့် မသိဘူး။

ကျွန်တော်ကတော့ ပြောမယ့်စကားကို ပြောလိုက်တယ်။

"သူက တရုတ်၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ အနက်ရောင်ဝတ်ထားတယ်"

"အင်း… ဟုတ်တယ်လေ"

အဖြူရောင်ဝတ်ထားတဲ့ ဂျပန်အဘွားကြီးတစ်ယောက်ကို ထပ်လက်ညှိုးထိုးပြလိုက်တယ်။

"အင်း… သူက ဘာဖြစ်လဲ"

"သူလဲ ဝမ်းနည်းခြင်းအထိမ်းအမှတ်ဝတ်စုံကို ဝတ်ထားတာပဲ၊ ဒါပေမယ့် အနက်ရောင်မဟုတ်ဘူး၊ အဖြူရောင်"

"ဟင်… သြော်"

ကောင်မလေးက ကျွန်တော့်ကို မျက်လုံးလှန်ကြည့်တယ်။ ကျွန်တော်

နောက်ချင်စိတ်ပေါက်လာတာနဲ့…

"တရုတ်နဲ့ဂျပန်နဲ့ စိတ်ပိုင်းဆိုင်ရာ သဘောထားတွေ မတူတာတော့ မတူဘူး။ ဂျပန်ကတော့ ရွေ့လျားနေတဲ့ 'ခေတ်'ကြီးကို ဇက်ကြိုးတပ်ပြီး စီးသွားနိုင်တယ်။ ပြောင်းလဲမှုနဲ့အညီ လိုက်နိုင်တယ်။ ရှေ့ကို ကြိုသွားနိုင်တယ်ပေါ့ကွာ…"

ချိုထွန်းက ဘာမှဝင်မပြောဘူး။ ကျွန်တော် ဆက်ပြောမယ့် စကားကို နားစွင့်နေတယ်။

"ဂျပန်ရယ်၊ တရုတ်ရယ်မှတော့ မဟုတ်ပါဘူးကွာ၊ ခေတ်ရဲ့ အပြောင်းအလဲမှာ လိုက်လျောညီထွေလိုက်သွားနိုင်သူတွေကတော့ အဆင်ပြေတာပါပဲ။ တချို့ ဓလေ့ဟောင်းတွေကို ခေတ်နဲ့မညီဘဲ အတင်းဆုပ်ကိုင်ရင်း ကိုးရိုးကားရားဖြစ်နေတတ်တယ်။ ဥပမာ ဟိုလေဒီကိုကြည့်…"

အိန္ဒိယအမျိုးသမီးတစ်ယောက်ကို မေးငေါ့ပြလိုက်တယ်။

"ဟို… ဆံပင်အရှည်ကြီးနဲ့ အမျိုးသမီးကိုပြောတာလား"

"အင်း… အဲဒီဆံပင်အရှည်ကြီးကိုပဲ ပြောမလို့။ သူ့ခြေသလုံးတစ်ဝက်လောက်အထိရောက်အောင် ရှည်တယ်။ အရှေ့တိုင်းရဲ့ အယူအဆဟောင်းတစ်ခု အရဆိုရင် သူဟာ ဆံပင်ရဲ့ကောင်းခြင်းဆိုတာမျိုးနဲ့ ပြည့်စုံတယ်"

"အင်း…"

"ဒါပေမယ့်… ခေတ်နဲ့မညီတော့ဘူး။ ဒီလောက် ကသုတ်ကရက် လှုပ်ရှားသွားလာနေရတဲ့ခေတ်ကြီးထဲမှာ ဒီဆံပင်ကြီးက အများကြီး အနှောင့်အယှက်ပေးလိမ့်မယ်။ ဆံပင်ရှည်တော့ ဦးခေါင်းပိုင်း အားကုန်တယ်။ ဓာတ်

လိုက်ဖို့လွယ်တယ်။ ဒီဆံပင်အတွက် နေရာပေးရတယ်။ အချိန်ပေးရတယ်။ သတိထားရတယ်။ မလွယ်ဘူး။ မကောင်းဘူး”

“မင်း ဆံပင်ကျတော့ရော”

ချူထွန်းက ပြုံးစိစိနဲ့ ကျွန်တော့်ကို ပြန်မေးတယ်။ ကောင်မလေးကလည်း ဟုတ်သားပဲဆိုတဲ့အကြည့်မျိုးနဲ့ ကျွန်တော့်ကိုကြည့်တယ်။ ကျွန်တော့်ဆံပင်က ကျောလယ်လောက်အထိ ရှည်တယ်။

ကျွန်တော်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်မိတယ်။ ကော်ဖီခွက်ကို မော့သောက်တယ်။ ပြီးတော့မှ…

“မင်းတို့က ငါ့ကို အတည်ပေါက် လိုက်မတွက်နဲ့လေ။ ငါက အီလူရှင်းနစ် **Illusionist** ကွ၊ ငါက မျက်လှည့်ဆရာ”

“သြော်… ဒီလိုလား၊ အေး… ဟုတ်မှာပေါ့”

ပြောပြီး ချူထွန်းက တဟားဟားရယ်တယ်။ ကောင်မလေးကတော့ ကျွန်တော့်ဆံပင်ကို ကြည့်လိုက်၊ ကျွန်တော့်မျက်နှာကိုကြည့်လိုက်နဲ့…

ဒါပေမယ့် သူ ဘာမှလည်း ဝင်မပြောဘူး။

သူ့ဘာသာ ခပ်တည်တည်ပဲ။

ချူထွန်းက အရယ်မျက်နှာနဲ့ သူ့ကို လှည့်ကြည့်တယ်။

‘ကျွန်တော့် သူငယ်ချင်းလေ…’ဆိုတဲ့အကြည့်မျိုး။ ‘တွေ့တယ်မို့လား’ ဆိုတဲ့ အကြည့်မျိုး။

ပြီးမှ ကျွန်တော့်ကို

“ကဲ… ကဲ… မင်းပြောလက်စ စကားကို ဆက်ပါဦး”

"ဘာမှမဟုတ်ပါဘူးကွာ၊ လိုရင်းကိုပြောရရင် အဲဒီလောက် ဆံပင် ရှည်ကြီးထားတာ ဒီခေတ်မှာ မကောင်းတော့ဘူး။ အသုံးလဲ မဝင်ဘူး။ သူ စိတ်ဝင်စားမယ်ဆိုရင် လုပ်လို့ရတာ တစ်ခုပဲရှိတယ်"

ဒီတစ်ခါတော့ ချိုထွန်းက ဒီလောက်မဟုတ်ဘူး။

ကောင်မလေးက အတော်စိတ်ဝင်စားသွားပုံရတယ်။ သူ့အစား ချိုထွန်းက ပါးစပ်က မေးပေးတယ်။

"ဘာများလဲ"

"သူ့ဆံပင်နဲ့သူ အီးကုန်းလို့ရတယ်"

"ဟာကွာ..."

ချိုထွန်းက တဝါးဝါးတဟားဟားရယ်တယ်။

ကောင်မလေးက မျက်နှာမှုန်သိုးသိုးနဲ့ တစ်ဘက်ပြန်လှည့်သွားတယ်။ တခြားဝိုင်းတွေက ကျွန်တော်တို့ကို လှည့်ကြည့်တယ်။

"ဆံပင်ကို ရာသီဥတုဒဏ်ခံနိုင်ဖို့ပဲ ထားတာကောင်းပါတယ်။ ဟို အန်ကယ်လ်ကြီးလောက် တိုတာတော့လဲ မကောင်းဘူး"

ဒီတစ်ခါ ကျွန်တော် လှမ်းပြတဲ့ အန်ကယ်လ်ကြီးက ထိပ်ပြောင်ပြောင် နဲ့ပေါ့ ...။

"သူဆိုရင် အရမ်းတိုတယ်။ ခေါင်းဖြီးရတာတော့ သက်သာမယ်။ ဒါပေမယ့် ဦးထုပ်ဆောင်းဖို့ နေရာပိုကျယ်သွားတယ်။ သူ့အနေအထားကို ငါတော့ မကြိုက်ဘူး"

ဒီတစ်ခါတော့ ကောင်မလေး ရယ်ချင်လာပုံရတယ်။ တစ်ဘက်လှည့်

ပြီး အတင်းတည်ထားတဲ့မျက်နှာမှာ ပြုံးငွေ့လဲ့လဲ့ပြေးနေတယ်။

"အင်း... မင်းရောက်လာတာ ငါတို့ ပြောလက်စ စကားတောင် ဘယ်ရောက်သွားလဲမသိဘူး။ ထားပါတော့။ ဒီမှာ မိတ်ဆက်ပေးရဦးမယ်"

"လုပ်လေ..."

"ဒါက ငါ့မိတ်ဆွေပေါ့။ ရှားရှားပါးပါး မိန်းကလေးမိတ်ဆွေ၊ နာမည်က 'ကသစ်'တဲ့ကွ"

"ကသစ်"

"အင်း... အပြည့်အစုံက 'ကသစ်နွယ်'"

"ဩော်... ဩော်... လူနဲ့နာမည်နဲ့ လိုက်ပါတယ်"

ကောင်မလေးက ကျွန်တော့်ကို အတည်ပြောတာမှ ဟုတ်ရဲ့လားလို့ မသင်္ကာတဲ့မျက်လုံးနဲ့ ကြည့်သေးတယ်။

"သမိုင်းနဲ့ ကျောင်းပြီးသွားပြီ၊ ဒါပေမယ့် သမိုင်းနဲ့စာရင် စိတ်ပညာကို စိတ်ဝင်စားတယ်။ ဒါကြောင့် ခုနက ငါတို့ စိတ်ပညာအကြောင်းတွေ လျှောက်ပြောနေကြတာ"

"ဩော်... ဩော်"

ပြီးတော့ ချိုထွန်းက ကောင်မလေးကို လှည့်ခေါ်တယ်။

"ကသစ်"

"ဟုတ်ကဲ့"

ခုမှပဲ ကောင်မလေး အသံစထွက်လာတယ်။

"ဒါက ကိုယ်တို့ ရန်ကုန်တက္ကသိုလ်မှာ တွဲခဲ့တဲ့သူငယ်ချင်း၊ ရဲခေါင်

တဲ့။ ရူပဗေဒနဲ့ ကျောင်းပြီးသွားပြီ။ ယောနယ်က သူ့ဌေးသား၊ သူ့အဘိုးက အရမ်းတော်တဲ့ မျက်လှည့်ပညာရှင်တစ်ယောက်ပေါ့။ ဒီကောင်က အခု မျက်လှည့်ပညာနဲ့ပတ်သက်ပြီး စာတမ်းတစ်စောင်ရေးနေတယ်"

"သြော်..."

ကောင်မလေးခမျာ မကြားဖူးတာတွေ ကြားနေရပုံရတယ် ကျွန်တော်ကလည်း သူ့ကို နောက်ချင်စိတ်များနေတာနဲ့"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် မောင်ရဲခေါင်ပါ"

"ဟာ..."

ကောင်မလေး မနေတတ်မထိုင်တတ်ဖြစ်သွားတယ်။ မေးဆတ်ပြီး ပြောတယ်။

"ဟိုတစ်နေ့က တွေ့ကတည်းက မှတ်မိပါတယ်"

"အဲ့ဒီဦးထုပ်ကို ဆောင်းမလာတော့ဘူးလား၊ ခု မပါ ပါလား"

"ဟင့်အင်း... ဆောင်းမလာဘူး"

"အေးလေ၊ ဘာလို့ဆောင်းလာရမှာလဲ။ ထိပ်ပြောင်နေတာမှ မဟုတ်ဘဲ"

"ဟာ... ဘာမှန်းလဲ မသိဘူး"

ကောင်မလေး ဘယ်လိုမှ မတတ်နိုင်တော့ဘူး။

မျက်နှာကို လက်ကိုင်ပုဝါနဲ့အုပ်ပြီး ရယ်ပါတော့တယ်။ ချိုထွန်းနဲ့ ကျွန်တော်လည်း လိုက်ရယ်ဖြစ်တယ်။ ရယ်လို့ဆုံးမှ အဲ့ဒီ ကသစ်ဆိုတဲ့ ကောင်မလေးက မေးတယ်။

# ၇၇ တာရာမင်းဝေ

"နေပါဦး... အဲဒီ ဦးထုပ်ကို ဘယ်လိုလုပ်ပြီး ယူတာလဲ"

ကျွန်တော်က လက်ကို မန်းသလိုလုပ်ပြရင်း

"ဦးထုပ်ကို ညှို့ပြီး ယူလိုက်တာ"

"ဟာ... မဟုတ်တာ"

သူက လက်မခံဘူး။

"ဟုတ်ပါတယ်... ဆို"

"ဟာ... မဟုတ်နိုင်ပါဘူး"

"ဟောဗျာ... ခက်တော့ခက်နေပါပြီ"

ကျွန်တော် ရယ်နေမိတယ်။ ချို့ထွန်းကလည်း ဘာမှမသိဘဲ ဟရူး... ဟရူးနဲ့ လိုက်ရယ်တယ်။ ကသစ်ကတော့ မရယ်ဘူး။ ကျွန်တော့်အဖြေကို သူ မကျေမလည်ဖြစ်နေတယ်။

ကျွန်တော်က သူ အသည်းယားအောင် ထပ်ပြောလိုက်တယ်။

"လူကိုတောင် ညှို့ပြီး ကခိုင်းလို့ရတယ်"

"အောင်မာ"

"အဟုတ်ပြောတာ"

"အာ... မဟုတ်တာတွေ လာပြောနေပြီးတော့"

ချို့ထွန်းက ကြားက ဝင်တွန်းတယ်။

"သူ တကယ်လုပ်ပြနိုင်ရင် ကသစ်က ယုံမလား"

သူ နည်းနည်းစဉ်းစားတယ်။ ရယ်နေတဲ့ ကျွန်တော့်ကို ဇဝေဇဝါနဲ့ ကြည့်တယ်။ ပြီးမှ...

“ဒါဆို လုပ်ပြ”

“ဘယ်တော့လဲ”

“အခု…”

“အင်…”

ကျွန်တော် နည်းနည်းအကျပ်ရိုက်သွားတယ်။ ဆိုင်ထဲ ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်တော့လည်း နိုင်ငံခြားသားတွေချည်းပဲ။ ဗမာတွေလည်း ပါတော့ပါတယ်။ ဒါပေမယ့် အားလုံးက ဥရောပဝတ်စုံဝတ်ထားပြီး လူကြီးလူကောင်း စတိုင်လ်တွေနဲ့ဆိုတော့ …

က,ခိုင်းရမှာ အားနာစရာကြီးဖြစ်နေတယ်။

ကသစ်ကိုလှမ်းကြည့်တော့ ကသစ်ကလည်း ကျွန်တော့်ကို ကြည့်နေတယ်။ အားမလိုအားမရတောင် ကျွန်တော့်ကို လှမ်းပြောလိုက်သေးတယ်။

“ကဲ… ဘယ်လိုလဲ… လုပ်ပြလေ”

ချိုထွန်းကလည်း နည်းနည်းမှ အငြိမ်မနေဘူး။

“ဟော့ကောင်… လုပ်ပြလိုက်လေကွာ၊ လုပ်ပြလိုက်၊ ငါလဲ ကြည့်ချင်လို့”

မထူးတော့ပါဘူး။ ကျွန်တော် ထိုင်ရာကထပြီး ကောင်တာနားလျှောက်သွားလိုက်တယ်။ ကောင်တာနားအရောက်မှာ…

“ဝုန်း”

စိမ့်ရင်ရောင် မီးခိုးမှိုင်းတွေ ပျံလွင့်ထွက်သွားတယ်။

“အိုး… မိုင်ဂေါ့ဒ်”

# ၇၉ တာရာမင်းဝေ

တချို့တွေ လန့်သွားတယ်။ မီးခိုးအစိမ်းရောင်တွေကြားမှာ သူတို့ ဝိုးတဝါးပဲ မြင်နေရတဲ့ ကျွန်တော့်ကိုလည်း မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဝိုင်းကြည့်ကြတယ်။

ကောင်တာကလူလည်း လန့်သွားတာပေါ့။ ဒါပေမယ့် လူတွေကြားထဲကနေပြီး သူ့ဖောက်သည်ကြီး ချိုထွန်းက ရယ်ရယ်မောမောလက်ကာပြနေတော့ လန့်လန့်နဲ့ပဲ ပြန်ထိုင်သွားတယ်။

ကျွန်တော်က စားပွဲတစ်လုံးပေါ်မှာ ဖယောင်းတိုင်တစ်တိုင် စိုက်လိုက်တယ်။ သစ်သားမီးခြစ်တစ်လုံးကို ထုတ်ပြီး မီးခြစ်တယ်။ ဒါပေမယ့် မီးတောက်ကို ဖယောင်းတိုင်မှာ မညှိဘူး။

လူတွေက ကျွန်တော် ဘာလုပ်မလဲ ကြည့်နေကြတယ်။

ကျွန်တော်က မီးခြစ်ဆံက မီးတောက်ကို ပါးစပ်မျိုလိုက်တယ်။ မီးခြစ်ဆံမှာ မီးမရှိတော့ဘူး။ ကျွန်တော် လွှင့်ပစ်လိုက်တယ်။ ပါးစပ်ကို ငုံထားရက်နဲ့ ကျွန်တော် ဖယောင်းတိုင်ကို မမိုတ်မသုန်စိုက်ကြည့်နေလိုက်တယ်။ ပြီးမှ

"ဖူး"

ပါးစပ်ကို မှုတ်ထုတ်လိုက်တယ်။ ဖယောင်းတိုင်မှာ မီးလင်းသွားပြီ။ ကျွန်တော့်ပါးစပ်ထဲက မီးတောက် ဖယောင်းတိုင်ဆီ ရောက်သွားတဲ့သဘောပေါ့။

အားလုံး ငြိမ်သွားကြတယ်။ စိတ်ဝင်စားနေကြတယ်။

ကျွန်တော်က ဖယောင်းတိုင်နားကပ်ပြီး မီးတောက်ကို ငုံ့ကြည့်နေ

လိုက်တယ်။ မီးခိုးတွေ တလူလူထွက်လာတာကို လိုက်ကြည့်နေလိုက်တယ်။ နောက်ပြီး အဲ့ဒီမီးခိုးတွေထဲက တစ်ခုခုကို ဆွဲထုတ်နေသလိုမျိုး လက်ညှိုး လက်မနဲ့ဆွဲ... ဆွဲထုတ်ပြတယ်။

ဆိုင်ထဲကလူတွေ အသက်တောင်မရှူကြဘူး။ ဘာဖြစ်လာဦးမလဲလို့ ငြိမ်စိုက်ကြည့်နေကြတယ်။

မီးခိုးတွေကို ကျွန်တော် ဆွဲဆွဲထုတ်နေရင်း ကျွန်တော့်လက်ထဲကို ပဝါတစ်ထည် ရောက်လာတာ သူတို့ တွေ့လိုက်ကြရတယ်။

"သြော်"

"ဟယ်"

တီးတိုးသံလေးတွေ ဟိုကဒီက ထွက်လာတယ်။ ကျွန်တော်က အဲ့ဒီ ပုဝါ လေထဲမှာ ဆွဲဝှေ့လိုက်တယ်။ ပဝါတစ်ထည် ပီပီပြင်ပြင်ဖြစ်လာပြီး ကျွန်တော်က ပဝါးနားကပ်ပြီး ဂါထာရွတ်ဟန်ပြုတယ်။

ပြီးမှ အဲ့ဒီပုဝါကို လေထဲမှာ တစ်ချက်ဆွဲယမ်းလိုက်ရင်း

"ကဲ... လူကြီးမင်းအားလုံးကို ကျွန်တော် ထူးဆန်းတဲ့ မျက်လှည့် ပြကွက်တစ်ခုကို ပြပါ့မယ်။ ကျွန်တော်နဲ့အတူ လူကြီးမင်းတို့ထဲက တစ်ယောက်က တွဲဖက်ကူညီရပါမယ်။ ဒီလိုပါ။ ကျွန်တော်က လူကြီးမင်း တစ်ယောက်ကို စိတ်ညှို့ပါ့မယ်။ အဲ့ဒီလူကြီးမင်းက ကျန်တဲ့လူကြီးမင်းတွေကို ကပြဖျော်ဖြေပါမယ်။ ပျော်စရာကောင်းပါတယ်။ ကျွန်တော်နဲ့အတူ တွဲဖက် ဖျော်ဖြေချင်တဲ့ လူကြီးမင်းတစ်ဦး ရှေ့ထွက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ ကျေးဇူး တင်ပါတယ်"

# ၈၁ တာရာမင်းဝေ

နည်းနည်းတော့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။

နိုင်ငံခြားသားတွေကို သူတို့ရဲ့သက်ဆိုင်ရာ စကားပြန်တွေက ကျွန်တော့်စကားကို ဘာသာပြန်ပေးနေတယ်။

ကျွန်တော်ကတော့ အားလုံးကို ပြုံးစိစိနဲ့ပဲ ကြည့်နေလိုက်တယ်၊ ဘယ်သူမှ ထွက်မလာရဲဘူး။

ဟုတ်တာပေါ့။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကော်ဖီလာသောက်ပြီး ကျန်တဲ့သူတွေကို ကပြရမယ်ဆိုတာ...

ရှက်စရာကြီး

ပြီးတော့ ဘာမှလည်းမဆိုင်ဘူး။

ချိုထွန်းကို လှမ်းကြည့်မိပြီးတော့လည်း ရယ်ချင်သွားသေးတယ်။ ကသစ်က သူ့ကို တွန်းလွှတ်နေတယ်လေ။ ထွက်'က'ဖို့။ ချိုထွန်းက ခြေကားယား လက်ကားယားနဲ့ ပြန်ငြင်းနေရတယ်။

အတော်ကြာတဲ့အထိ ဘယ်သူကမှ ထွက်မလာဘူး။ နောက်မှ အမေရိကန်ကြီးတစ်ယောက်က သူ့ဒရိုင်ဘာကိုထွက်ခိုင်းလိုက်တယ်။ ဒရိုင်ဘာကြီးခမျာ မထွက်ချင်ထွက်ချင်နဲ့ ထွက်လာပြီး ကျွန်တော့်ဆီကို မရောက်ချင်ရောက်ချင်နဲ့ ရောက်လာတယ်။

ကျွန်တော့်ရှေ့ရောက်တော့လည်း ကျွန်တော့်ကိုကြောက်နေတယ်။ ကျွန်တော်က 'မကြောက်နဲ့၊ မကြောက်နဲ့'လို့ ခပ်ပြုံးပြုံးပြောလိုက်တယ်။ ပြီးတော့မှ သူ့ပတ်ပတ်လည်ကို အဖြူရောင်ဆေးမှုန့်တွေ စက်ဝိုင်းသဏ္ဌာန်ဖြူးရင်း ပိုကြောက်အောင် လုပ်လိုက်တယ်။

သူကလည်း 'အဟီး... မကြောက်... မကြောက်ပါဘူး... အဟင့်' လို့ မျက်စိပျက်မျက်နှာပျက် ပြောရှာတယ်။

နောက်တော့ ကျွန်တော်က သူ့ကို စက်ဝိုင်းထဲမှာ မလှုပ်မယှက် ရပ်ခိုင်းတယ်။ ပဝါကိုယမ်းရင်း ပါးစပ်ကလည်း ဂါထာတစ်ခု ရွတ်ဟန်ပြုရင်း သူ့ကို သုံးပတ် ပတ်တယ်။

နောက်... သူ့ရှေ့မှာ မျက်နှာချင်းဆိုင်ရပ်တယ်။ သူ့နှာရောင်တည့်တည့်ကို ပဝါနဲ့ချိန်ထားရင်း

"မျက်စိမှတ်လိုက်..."

ပြောကာမှ သူက ကျွန်တော့်ကို မျက်လုံးပြူးကြီးနဲ့ ပြန်ကြည့်တယ်။ ကျွန်တော်က သူ့နှာရောင်ဆီကို လေနဲ့ ဖြည်းဖြည်းလှမ်းမှုတ်လိုက်ရင်း နှုတ် က ခပ်တိုးတိုးထပ်ပြောလိုက်တယ်။

"မျက်စိမှိတ်စမ်း၊ မျက်စိမှိတ်လိုက်..."

သူ မျက်လုံးတွေ ဖြည်းဖြည်းချင်း မှိတ်သွားတယ်။

ကျွန်တော်က ကောင်တာဘက်လှည့်ပြီး 'မြူးဇစ်'လို့ အော်လိုက်တယ်။ ကောင်တာကလူက အသက်ဝင်လာပြီး တေးသွားသစ်တစ်ခုကို ဖွင့်လိုက်တယ်။ တစ်ဆိုင်လုံးမှာ အဲ့ဒီတေးဂီတသံကလွဲပြီး တခြားဘာသံမှ မကြားရအောင် တိတ်နေတယ်။

တေးသွားက တဖြည်းဖြည်းအရှိန်ရလာပြီ။ စက်ဝိုင်းထဲကလူကတော့ မျက်စိမှိတ်ပြီး တောင့်တောင့်ကြီး ရပ်နေတုန်း။

နောက်တော့ ကျွန်တော်ကပဝါကို လေထဲမှာဖြန်းခနဲရိုက်လိုက်တယ်။

http://www.cherrythitsar.org

# ၈၃ တာရာမင်းဝေ

လေချွန်သံတစ်ချက်ကိုလည်း စူးစူးရှရှပေးလိုက်တယ်။ အဲဒီမှာ စက်ဝိုင်းထဲကလူက စတင်လှုပ်ရှားလာတော့တယ်။

စည်းချက်နဲ့အညီ လိုက်ကပါတော့တယ်။ မျက်စိမှိတ်ပြီး သူ ကနေ တာ ကြည့်လို့တော့ မကောင်းလှဘူး”

ဒါပေမယ့် ဆိုင်ထဲကလူတွေကို ပါးစပ်အဟောင်းသား ဖြစ်နေစေတော့ တယ်။

အဲဒီလို... သူ လှုပ်ရှားကခုန်နေတုန်းမှာပဲ လူအုပ်တွေထဲကို မျက်လုံး ကစားကြည့်တော့ မျက်တောင်မခတ်ငေးကြည့်နေတဲ့ ကသစ်ကို တွေ့ရတယ်။ အဲဒီအချိန်မှာပဲ သူ့ရှပ်အင်္ကျီဖားဖားကြီးထဲက ‘တီ... တီ’ဆိုတဲ့ အသံထွက် လာတယ်။ သူ ဆွဲထုတ်လိုက်တော့ ဆယ်လူလာဖုန်းတစ်လုံး။

သူ ဖုန်းစကားပြောတယ်။ မျက်နှာအမူအရာပြောင်းသွားတယ်။ ပြီးတော့ ချိုထွန်းကိုနှုတ်ဆက်ပြီး ကော်ဖီဆိုင်တဲက ကပျာကယာ ထွက်သွား ပါတော့တယ်။

ဘာရယ်တော့ မဟုတ်ပါဘူး။ ကျွန်တော် ခေါင်းကို ဖြည်းဖြည်းချင်း ခါနေလိုက်မိတယ်။

❀ ❄ ❁

# ၆

"အစတုန်းကတော့ ကျွန်တော်က ဆရာလေးပြောနေတာကို သေသေချာချာမကြားမိဘူးဆရာလေးရဲ့"

"အင်း"

"ကျွန်တော်က ဆရာလေး ဂါထာတစ်ခုခုကို ရွတ်နေတယ်ပဲ အောင်းမေ့တာ"

"အင်း"

"နောက်မှ... အဲ... ဝေ့"

သူ့ကိုယ်ကြီးက ကျွန်တော့်ကိုယ်ပေါ် ယိုင်ကျလာပြီး လေချဉ်တက်တယ်။ ကျွန်တော် မနိုင့်တနိုင်ထိန်းပေးရင်း တွဲလျှောက်နေရတော့တယ်။

# ၈၅ တာရာမင်းဝေ

သူက 'ရတယ်... ရတယ်'ဆိုပြီး လက်ကာကာ ခြေကာကာနဲ့ ကျွန်တော် ထိန်းတာကို တားတယ်။ သူ့ဘာသာ လျှောက်ဖို့ကြိုးစားတယ်။ လဲကျမလိုဖြစ်တော့ လက်ကာကာခြေကာကာနဲ့ ပြန်ထိန်းတယ်။ မရဘူး။ အဲဒါနဲ့ ကျွန်တော်က ဝင်ထိန်းပေးတော့လည်း 'ရတယ် ရတယ်'ဆိုပြီး လက်ကာကာ ခြေကာကာလုပ်ပြန်တယ်။

တစ်ယောက်တည်းနဲ့ ရှုပ်နေတာပဲ။

သူ့ကို တွဲလျှောက်ရတာ ကျွန်တော့်အတွက် အတော်အလုပ်ရှုပ်တယ်။ ကျွန်တော့်ပခုံးပေါ် သူ့လက်ကို ဖေးတင်ထားရင်း (တစ်ကိုယ်လုံးလည်း) ယိုင်ထိုးကွေးကောက်နေတယ်။ လျှောက်ရတာ ဘယ်လိုမှ မဖြောင့်တန်းတော့ ဘူးပေါ့လေ။

သူက ကျွန်တော့်ဘေးကနေပြီး ငှတလင်းချိတ်လို ဖြစ်လိုက်၊ ဥရင်ကောက်ကို ဖြစ်လိုက်၊ ဌဝင်ဘဲလိုဖြစ်လိုက် ဋကြီးလို ဖြစ်လိုက်နဲ့...။

တွဲထားရသူအတွက်တော့ အတော်စိတ်ညစ်တယ်။

"နောက်မှ... ဝေ့... ဆရာလေးက ဂါထာရွတ်သလိုလုပ်ပြီး ကျွန်တော့်ကို စကားလှမ်းပြောနေတာမှန်း ကျွန်တော်သိတယ်"

"အင်း... ကိုင်ထား၊ ကျွန်တော်ပခုံးကို ကိုင်ထား"

"နှစ်ခါလောက် အာရုံစိုက်နားထောင်ပြီးမှ ဆရာလေးပြောတာကို ကျွန်တော် သိလိုက်တာကိုး၊ ဟား... ဟား အိပ်မွေ့ကျယောင်ဆောင်ပြီးသာ ကလိုက်၊ ညကျ ခင်ဗျားကို ကျွန်တော် စားသောက်ဆိုင်မှာ ပြုစုမယ်ဆိုတော့ ဝေ့... ဟား... ဟား... သိပ်ကတာပေါ့ဆရာလေးရာ"

http://www.cherrythitsar.org



ပြောရင်း လဲကျသွားမလိုဖြစ်လို့ မနည်းဆွဲထားရပြန်တယ်။

နေ့လယ်က ကော်ဖီဆိုင်ထဲမှာ ကျွန်တော် က... ခိုင်းခဲ့တဲ့လူကြီးပါ။ ကျွန်တော့်ကတိအတိုင်း ညကျတော့ သူ စားချင်တာကျွေးပြီး သူသောက်ချင်တာ တိုက်ရတယ်။ ခုတော့ သူမူးပြီ။ ကျွန်တော်ကပဲ ဆွဲထုတ်ခဲ့ရတယ်။

"အဲဒါမျိုးက သိပ်ကတာပေါ့ဆရာလေးရယ်၊ ကလို့လဲ သိပ်ပျော်စရာကောင်းတာပေါ့၊ ခုတောင် ကချင်လာပြီ၊ ဝေ့... အဲ... ပြောနေတာကြာတယ်ကမယ်"

လမ်းလယ်ခေါင်ကြီးမှာ ပုဆိုးကလေးကို မ,မပြီး ကပြန်ပါရော။ သူ မရှက်ပေမယ့် ကျွန်တော်က ရှက်တာပေါ့။

"ဟေ့လူ... မလုပ်ပါနဲ့ဗျ၊ လာပါ... မကပါနဲ့တော့"

"ဟာ... ဆရာလေးရယ်၊ မတားပါနဲ့တော့... ကပါရစေတော့ တယ့်နှယ် တယ့်နှယ်ဗျောင်... ကျွန်တော့်မမ ပုသိမ်သူ... ရတယ် ရတယ် ဘာမှမဖြစ်ဘူး။ ချောပုံ ယဉ်ပုံ ဝေ့... တ တ... တမူ... မလဲပါဘူး အများနဲ့မတူ... ဝေါ့... အင်း... အလှဘွဲ့... ဝေ့..."

ခက်တော့ ခက်နေပါပြီ။ ကျွန်တော် ဘာလုပ်ရမလဲမသိဖြစ်နေတုန်းမှာပဲ ကျွန်တော်တို့အနားကို ကားလေးတစ်စီး ထိုးဆိုက်လာတယ်။ မောင်းလာသူက... ကသစ်။

ကသစ်က ကနေတဲ့လူကြီးကို မျက်မှောင်ကြုတ်ပြီး ကြည့်တယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်တယ်။ ပြီးတော့

"ဒီလောက်ကြီးတော့ မလုပ်သင့်ပါဘူး ကိုရဲခေါင်ရယ်"

## ၈၇ ) တာရာမင်းဝေ

"ဟင်... ဘာလဲ ဘာလုပ်လို့လဲ"

"ဒီလူကြီးကို ရှင် နေ့လယ်ကတည်းက စိတ်ညှို့ပြီး ကခိုင်းထားတာ ခုလောက်ဆိုရင်တော့ ဖြေပေးဖို့ ကောင်းပါပြီ။ သူ့ခမျာ ခုထိ ကနေရတယ်။ သေရောပေါ့ရှင်"

"အဲ..."

ကျွန်တော် ဘာပြောရမလဲမသိ ဖြစ်နေတုန်းမှာပဲ က,နေတဲ့ ပုဂ္ဂိုလ်ကြီး က ကသစ်ကို လှမ်းပြောတယ်။

"နေပါစေအစ်မလေးရယ်၊ ကျွန်တော်ကိုယ်တိုင်က ကချင်လွန်းလို့ပါ၊ အရမ်းကို ကချင်နေလို့ပါ"

ပြောပြီးတော့ ဆက်ကနေတယ်။ ကသစ်က သူ့ကို သနားသလို ကြည့်တယ်။ ကျွန်တော့်ကို မျက်စောင်းထိုးတယ်။ ကားလေးကို ဆက်မောင်း ထွက်သွားတယ်။ ညအမှောင်ထဲမှာ သူ့ကားမီးလေးက ဝေးပြီး ပျောက်သွား တယ်။

နေ့လယ်တုန်းကအတိုင်းပါပဲ။ ကျွန်တော် ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါနေရင်းနဲ့ပဲ...

ကျန်ခဲ့ရတယ်။

❀ ❄ ❁

http://www.cherrythitsar.org

# အပိုင်း ( ၂ )

အလင်းသည်
အဘယ်သို့သော လမ်းဖြင့် နှံ့ပြားသနည်း။

အရှေ့လေသည်
မြေကြီးပေါ်မှာ အဘယ်ကြောင့်လွင့်သနည်း။

(ယောဘ၁၀၁၁)

**(စာစီစာကုံး)**

**(က) ကျွန်တော့်အကြောင်း**

ကျွန်တော်သည်
ညွှဲ့သည်တစ်ဦးဖြစ်ပါသည်။
သူငယ်ချင်း၏အိမ်တွင် တည်းခိုပါသည်။
သူငယ်ချင်း၏မိသားစုများက မရှိကြပါ။
နိုင်ငံရပ်ခြားသို့ ရောက်နေပါသည်။
ကျွန်တော့်မှာက
မျက်လှည့်ပညာ ပါလာပါသည်။
ထို့ကြောင့်
ကျွန်တော်၊
သူငယ်ချင်းနှင့်
မျက်လှည့်ပညာတို့သည်
တစ်အိမ်တည်းတွင် စုဝေးနေထိုင်ကြပါသည်။

## (ခ) ကောင်မလေးအကြောင်း

ကောင်မလေးသည်...
သိပ္ပံပညာကို မြတ်နိုးပါသည်။
ကျွန်တော်က မျက်လှည့်ဆရာဖြစ်ပါသည်။
သိပ္ပံနည်းစနစ်ဖြင့် ဖော်ထုတ်ရသော
မျက်လှည့် ပြကွက်များကို
ကျွန်တော်ချစ်ပါသည်။
ကောင်မလေးသည် လှသူဖြစ်၏။
သူ့ကို ချစ်ခြင်းအားဖြင့်
ကျွန်တော့်မျက်လှည့်ပြကွက်များ
ပို၍ လှလာလိမ့်မည်။
ယုံကြည်ခြင်းသည် ရင်ခွင်ကိုလင်းစေ၏။
ထို့ကြောင့်
ကျွန်တော်
ချစ်ရလေသည်။

## (၈) ပန်းသီးတစ်လုံးအကြောင်း

မျက်လှည့်ဆရာသည် မျက်လှည့်ပြ၏။
သူကိုယ်တိုင်လည်း မကြာခဏ အလှည့်စားခံရလေသည်။
သိပ္ပံပညာသည် စမ်းသပ်ချက်တွေကို ပြုလုပ်၏။
သူကိုယ်တိုင်လည်း မကြာခဏစမ်းသပ်ခံရလေသည်။
ကျွန်တော်သည် ကောင်မလေးကို ချစ်၏။
ဒေင်ဥယျာဉ်သို့ ခေါ်သွားလိုသည်။
ကျွန်တော်နှင့် ကောင်မလေးကြားမှာ
မစားကောင်းသောသစ်သီးကိုထားပါ။
ထိုသစ်သီး မှည့်ဝင်းမွှေးမြလာသည့်နေ့အထိ
ကျွန်တော်တို့ စောင့်ကြည့်နေချင်ပါတော့သည်။

# ၇

"ရဲခေါင်"

"ဟင်"

"မျက်လှည့်ဆိုတာ ဘာတုန်းကွ၊ အခိပ္ပာယ်ဖွင့်ဆိုပါဆိုရင် ဘယ်လိုဖွင့်မလဲ"

ဘာရယ်မဟုတ်ပါဘူး။ နံနက်ခင်း လက်ဖက်ရည်ဆိုင်က ပြန်အလာမှာ ချိုထွန်းက အမှတ်မထင်မေးတာပါ။ အတူလမ်းယှဉ်လျှောက်နေကြရင်းက ကျွန်တော့်မျက်နှာကို လှည့်ကြည့်ရင်းမေးတယ်။

ကျွန်တော် ဘာမှ ပြန်မပြောဖြစ်သေးခင်မှာပဲ...

"ဟာ... ကိုချိုထွန်း၊ ဘယ်က ပြန်လာတာလဲ"

http://www.cherrythitsar.org



သူ့အသိတစ်ယောက်နဲ့တိုးတယ်။ သူ့ကို လက်ဆွဲပြီး စကားတွေကို ဒိုးကျည်လွတ်သလို တရှူးထိုး ပြောတော့တယ်။ သူလည်း ဘဝင်မကျဘဲ ခေါင်းညိတ်ရင်း လက်ကို ပြန်ရုန်းမရဖြစ်နေတယ်။ ကျွန်တော်က ရှေ့ကို နည်းနည်းဆက်လျှောက်သွားပြီး ရပ်စောင့်နေလိုက်တယ်။

အတော်လေးကြာတော့မှ ချိုထွန်း လိုက်လာနိုင်တယ်။ မျက်နှာ မအီမသာနဲ့ ကျွန်တော့်နားရောက်လာတယ်။

"အလကားလူပါကွာ"

အတူ ဆက်လျှောက်ကြရင်း ကျွန်တော် ပြုံးမိတယ်။

"ဘာဖြစ်လို့လဲ"

"လူလိမ်ကွ၊ နေရာတကာမှာ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ လိုက်လိမ်နေတာ။ ငါ့ကိုလဲ ဘာကိစ္စ အတင်းဝင်ရောနေမှန်း မသိဘူး"

ကျွန်တော် ပြုံးပဲပြုံးနေမိတယ်။ ချိုထွန်းလည်း ဘာမှ ဆက်မပြောတော့ဘူး။

အဲဒီတော့မှ ကျွန်တော်က

"သူက လူလိမ်ဆိုတော့ သူ့စကားတွေက ဘယ်ယုံရမလဲ"

"ဒါပေါ့ကွာ..."

"သူပြောတဲ့စကားတွေက မဟုတ်တာတွေဖြစ်နေမှာပေါ့"

"အစစ်ပေါ့"

"အဲ့ဒါဆိုရင်ကွာ၊ ငါ တစ်ခု စဉ်းစားမိတယ်"

ချိုထွန်းက ကျွန်တော့်ကို မျက်ခုံးတွေ အတွန့်ချိုးပြီး လှည့်ကြည့်

တယ်။ သူ မမေးခင်… ကျွန်တော်က အရင်ပြောလိုက်တယ်။

“သူက မင်းကို ပြောမယ်ကွာ”

“အင်း”

“ကျွန်တော်ဟာ လူလိမ်ပါ… လို့”

“အဲ…”

“အဲဒီလို သူကပြောရင် သူ့စကားကို မင်း ယုံမှာလား၊ မယုံဘူးလား။ လူလိမ်မို့လို သူ့စကားကို မယုံရတော့ဘူးဆိုရင် သူက သူဟာ လူလိမ်ပါလို့ ပြောလာတာကိုလဲ ယုံဖို့ ခက်ပြီ။ အဲဒီစကားကိုမယုံရင် သူဟာ လူလိမ် မဟုတ်တော့ဘူးပေါ့။ ယုံလိုက်ရင်လဲ လူလိမ်က ပြောတာကို ယုံရမလား ဖြစ်မယ်… ကဲ… ဘယ့်နှယ်လုပ်မလဲ”

“အဲ…”

ချိုထွန်း ဘာမှပြန်မပြောနိုင်ဘူး။ သူ့ချိုစောင်းကို လက်နဲ့ ပြန်ပွတ်ရင်း (တစ်နည်း) သူ့ချိုစောင်းက ဆံပင်တွေကို သူ့လက်က အချောင်းတွေနဲ့ ဟိုဟိုဒီဒီလျှောက်ဖွရင်း အူကြောင်ကြောင်ဖြစ်နေတယ်။

သူ့ကိုကြည့်ပြီး ကျွန်တော် တစ်ချက်ရယ်လိုက်မိတယ်။ မချိုမချဉ် အပြုံးနဲ့ ဆက်ပြောဖြစ်တယ်။

“နောက်တစ်ခု ပြောဦးမယ်၊ မဟုတ်ဘူး၊ ပြရဦးမယ်… ဟောဟိုက ဓာတ်တိုင်ကိုကြည့်စမ်း”

လမ်းဘေးက ဓာတ်တိုင်တစ်တိုင်ကို ညွှန်ပြတော့ ချိုထွန်းက လှမ်း ကြည့်ပြီး သူ ‘မြင်ဖူးတယ်’လို့ပြောတယ်။

http://www.cherrythitsar.org



"မင်း ညာဘက်မျက်လုံးကို မှိတ်ပြီး ဆက်ကြည့်စမ်း"

"အင်း... ကြည့်ပြီ"

"ခုတ်တိုင်က စောစောကလို မဟုတ်ဘဲ ဘယ်ဘက်ကို ရွေ့သွားတယ်လို့ မခံစားရဘူးလား"

"အင်း... ခံစားရတယ်"

"ဟုတ်ပြီ ဘယ်ဘက်မျက်လုံးကိုမှိတ်ပြီး ကြည့်ပါဦး"

"အင်း... ကြည့်ပြီ၊ ဩော်... ဒီတစ်ခါကျတော့ ခုတ်တိုင်က ညာဘက်ကို ရွေ့နေသလိုပဲ"

"အေး အဲဒါပဲကွ"

အဲ့ဒီတော့ မျက်လုံးပြူးကြီးနဲ့ ကျွန်တော့်ကိုကြည့်တယ်။

"အဲဒါ... ဆိုတာက ဘာကိုပြောတာလဲ"

"မျက်လှည့်ကိုပြောတာ၊ အဲ့ဒါ မျက်လှည့်ပဲ"

"ငါ မရှင်းသေးဘူး၊ ဘယ်လိုသဘောဆိုချင်တာလဲ"

"လူတွေရဲ့ အသိကို ဟန်ချက်ပျက်အောင်လုပ်တယ်၊ အမြင်ကို ဟန်ချက်ပျက်အောင်လုပ်တယ်။ အဲ့ဒါ မျက်လှည့်ပဲ"

ချိုထွန်း ခေါင်းတဆတ်ဆတ်ညိတ်တယ်။

"ဆိုပါဦး၊ မျက်လှည့်ဟာ သိပ္ပံပညာလား၊ ဝိဇ္ဇာပညာလား၊ ဘယ်လိုသတ်မှတ်မလဲ"

"မျက်လှည့်မှာ သိပ္ပံနည်းတွေရော၊ ဝိဇ္ဇာနည်းတွေရော အကုန်ပါတယ်။ မျက်လှည့်ဟာ သိပ္ပံပညာ၊ ဝိဇ္ဇာပညာတွေ မဟုတ်ဘူး။ အနုပညာ"

"ဘာ... အနုပညာ"

သူ... အတော်အံ့သြသွားတယ်။ ကျွန်တော် ခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်ရင်း

"ဟုတ်တယ်၊ မျက်လှည့်ဟာ အမြင်လှည့်စားမှုကို အခြေပြုထားတဲ့ **Visual Illusion** တစ်ရပ်ပဲ။ မျက်လှည့်ဟာ **Opo Art** တစ်မျိုးပဲ။ ငါရေးနေတဲ့ စာတမ်းကလဲ အဲ့ဒီအချက်ပဲ"

"သြော်"

အဲသည်မှာ ချို့ထွန်းက တစ်ခုခုကို တွေးမိသလိုနဲ့ မျက်နှာအမူအရာကို တည်ငြိမ်သွားတယ်။

"ဒါဆို တစ်ခုရှိတယ်ကွ"

"ဘာလဲ"

"နဖူးစာရွာလယ်ဆိုတဲ့စကား မင်းကြားဖူးတယ်မဟုတ်လား"

လာလာချည်သေး။ အင်း ကြားဖူးသလိုလိုပဲလို့ ပြန်ပြောလိုက်တယ်။

"အဲသည် ဖူးစာရေးနတ်ကလဲ မျက်လှည့်ဆရာပဲ ထင်တယ်။ လူတွေကို မွေးကတည်းက နဖူးမှာ စာရေးပေးလိုက်တယ်။ တစ်ယောက်နဲ့ တစ်ယောက် လွယ်လွယ်နဲ့ မဆုံအောင် လှည့်ထားတယ်။ ရွာတင်မကဘူး။ ကမ္ဘာပါလည်အောင် လုပ်ထားတယ်။ ချစ်သူချင်းကိုတောင် အသိအမြင်ဝေဝါးအောင် လုပ်ထားတယ်။ အဲသည် ဖူးစာရေးနတ်ကလဲ မျက်လှည့်ဆရာကြီးပဲပေါ့"

ချို့ထွန်းရဲ့စကားကို ကျွန်တော် သဘောကျသွားတယ်။ ဒီကောင်လည်း

တွေးတော့ တွေးတတ်သားပဲ။

ကျွန်တော် အဲလို စဉ်းစားမိတုန်းမှာပဲ သူက မထင်မှတ်တဲ့ စကား တစ်ခွန်းကို ဆက်ပြောတယ်။

“မင်းကရော မင်းရဲ့ ဖူးစာရှင်ကိုသိသလား”

ကျွန်တော် မဖြေတတ်ဘူး။ ဖြေလည်း မဖြေမိဘူး။ အဲသည် အဖြေ အတွက် သူကလည်း ဘယ်နှစ်မှတ်ပေးမှာလဲမသိဘူး။

“ဘာဖြစ်လို့လဲ”

“ဩော်… မင်းကလဲ မျက်လှည့်ဆရာ မဟုတ်လား”

“အဲဒါ ဘာဖြစ်လဲ”

“ဖူးစာရေးနတ်က မင်းကို လှည့်စားလို့ ရမရ၊ ငါ စဉ်းစားနေတာ”

ကျွန်တော် တိတ်တိတ်ကလေး ကျိတ်ပြုံးမိတယ်။ ချိုထွန်းကတော့ မြင်မှာမဟုတ်ဘူး။ ဖူးစာရေးနတ်ကြီး မြင်မမြင်ကိုတော့ မသိဘူး။ ကျွန်တော်မှ သူ့ကို မမြင်ဘဲ။

“ငါ စဉ်းစားကြည့်တာပါ၊ မျက်လှည့်ဆရာက မျက်လှည့်ဆရာကို မျက်လှည့်ပြလို့ ရသလားလို့”

“အဲဒါကတော့…”

❀ ❄ ✺

၈

အဲဒါကတော့...

ကျွန်တော် တစ်ယောက်တည်း ပြောလို့ဖြစ်တဲ့ကိစ္စ မဟုတ်ဘူး။ နှစ်ယောက်ပေါင်းတွက်မှ ရမယ့် အဖြေတစ်ခု ထင်ပါရဲ့။

ကျွန်တော်နဲ့ အဖြေတွဲထုတ်မယ့်သူဟာ လမ်းဆုံလမ်းခွရဲ့ ညောင်ပင်ကြီး တစ်ပင်အောက်မှာ တစ်ယောက်တည်း ရပ်နေတယ်။

ကျွန်တော် သူ့နားရောက်သွားတဲ့အထိ သူ မသိဘူး။ လှည့်မကြည့်ဘူး။ ကျွန်တော်ကပဲ အသံစပြုလိုက်ရတယ်။

"ဥယျာဉ်"

ဥယျာဉ်ကြီးတစ်ခုလုံးကို ခေါ်ပေမယ့် သစ်ပင်လေးတစ်ပင်ကပဲ

လှည့်ကြည့်သလိုမျိုးပေါ့။

သူက ကျွန်တော့်ကို ကြည့်တယ်ဆိုရုံကလေး လှည့်ကြည့်တယ်။

"ဘာလုပ်နေတာလဲ"

သူက ညောင်ပင်အောက် ခပ်လှမ်းလှမ်းက ထမင်းထုပ်တစ်ထုပ် မေ့ငေါ့ပြတယ်။

"ဟိုဟာ၊ ခေါစာဆိုတာ ပစ်ထားတာလား မသိဘူး"

"ဘာဖြစ်လို့လဲ၊ ဟုတ်ရင်လဲ ဟုတ်မှာပေါ့၊ ဘာလဲ၊ စားချင်လို့လား"

သူ အောင့်သက်သက်ဖြစ်သွားပုံရတယ်။

ဘုကြည့်ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်တယ်။ ကျောင်းမှာတုန်းက ကျွန်တော်တို့ အော်နေကျလေသံမျိုးနဲ့ 'ဘောက်မဲ့ကြောင့် ဘုကြည့် ကြည့်ရတာလဲ ဘွေးဒုတ်ရဲ့'လို့ ပြန်အော်လိုက်ရင် မကောင်းဘဲ ရှိတော့မယ်။

"ဥယျာဉ်... ဘာလုပ်နေတာလဲ"

သူ မေ့သွားတယ် ထင်တယ်။ စောစောက မဖြေခဲ့တဲ့ မေးခွန်းကို ဒီတစ်ခါတော့ ဖြေတယ်။

"နတ်စင်ကို ကြည့်နေတာပါ"

"နတ်စင်က ဘာထူးခြားလို့လဲ"

"ဒီနတ်စင်မှာ ဒီနတ်ကိုပူဇော်ရင် မိုးရွာတယ်လို့ ပြောကြတယ်"

"တကယ် ဟုတ်လို့လား"

သူက ရယ်တယ်။

ဥယျာဉ်ကြီးတစ်ခုလုံး လေအငြိမ့်မှာ တသိမ့်သိမ့်ယိမ်းခတ်လှုပ်ရှားသလို

ရယ်တယ်။ (တဝေါဝေါရယ်တာတော့ မဟုတ်ဘူးပေါ့၊ တသောသောရယ်တာလို့ ပြောချင်တာပါ)

ပြီးတော့မှ…

"သေချာတာကတော့ အတော်ခေတ်နောက်ကျတဲ့ ကိစ္စပဲ။ မိုးရွာစေချင်လို့ရှိရင် ရွာအောင်လုပ်လို့ရတဲ့နည်းတွေ၊ ကမ္ဘာမှာ ပေါ်နေခဲ့တာကြာပြီပဲ။ ကလပ်ကလေး လက်ထဲမှာ မြှောက်ပြီးတော့ နတ်ရှိခိုးစာတွေ ရွတ်နေစရာ မလိုပါဘူး။ 'မိုးတိမ်စိုက်ပျိုးခြင်း'ဆိုတာ ကြားဖူးတယ်မဟုတ်လား"

မကြားဖူးပါဘူး။ သူက သူ့ဘာသာဆက်ပြောသွားလို့ တော်ပါသေးရဲ့။

"မိုးရွာစေချင်လို့ ရှိရင်၊ မိုးတိမ်ဖြစ်အောင် ဖန်တီးပြီးတော့ မိုးရွာချခိုင်းတဲ့နည်းတွေ သိပ္ပံပညာမှာ ပေါ်ပေါက်နေတာကြာပြီ။ မြေပြင်ကနေပြီးတော့ 'ပြောင်း'တွေနဲ့ 'ဆီးလ်ဗားအိုင်အိုဒိုက်'ဓာတ်ငွေ့တွေ လွှတ်ပေးလို့ရှိရင် သက်ဆိုင်ရာ ဧရိယာတစ်ခုမှာ မိုးရွာပါတယ်"

"ဩော်… အဲလိုလား"

ကျွန်တော်က တကယ့်ကို သဘောကျသွားပြီး အဲလိုပြောမိတာပါ။ ဒါပေမယ့် သူက ဒါလေးကိုတောင် ခုမှသိရသလားဆိုတဲ့ မျက်နှာထားမျိုးနဲ့ ကျွန်တော့်ကို ကြည့်တယ်။

ပြီးတော့ ဆက်ပြောတယ်။

"ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သိပ်ကောင်းတဲ့နည်းစနစ်တွေပေါ့။ သိပ်ကြီးမားတဲ့ တောမီးတွေကိုလဲ မိုးတုရွာခိုင်းပြီး ငြိမ်းလို့ရတယ်။ မိုးကြိုးပစ်မယ့် တိမ်ကိုလဲ မိုးရွာချသွားအောင်လုပ်ပြီး အဲဒီမိုးကြိုးကို အရည်

http://www.cherrythitsar.org



ဖျော်ပစ်လို့ရတယ်”

“တယ်ဟုတ်ပါလား”

“သိပ္ပံပညာကို တယ်ဟုတ်ပါလားလို့ပြောဖို့ ‘ကိုရဲ’နှစ် နှစ်ရာလောက် နောက်ကျနေတယ်။ လွန်ခဲ့တဲ့ နှစ် နှစ်ရာလောက်တည်းက ‘တယ်ဟုတ်ပါလား’လို့ ကိုရဲ့အရင် ပြောခဲ့တဲ့လူတွေဟာ ဟောသည် ညောင်ပင်ပေါ်က ညောင်ရွက်တွေထက်များတယ်”

မှားပါတယ်။ သူ မဟုတ်ဘူး။ ကျွန်တော်ပါ။ ဘာရယ်ညာရယ် မရည်ရွယ်ပါဘဲနဲ့ ကျွန်တော် သူ့ကို ပြောလိုက်မိတယ်။

“အဲဒါဆိုရင် မိုးတုကို တီထွင်နိုင်တဲ့ အဲဒီသိပ္ပံပညာရှင်ကြီးကို ဒီနတ်စင်ပေါ် တင်ထားရမလို ဖြစ်နေပြီ”

သူလည်း ကျွန်တော်ပြောမှ တွေးမိပုံရပါတယ်။ သူ့မျက်နှာလှလှလေးမှာ ပြုံးရိပ်ပြုံးယောင်သန်းသွားတယ်။ ချက်ချင်းဆိုသလိုပဲ တုံ့ပြန်တယ်။

“သူတို့ကိုသာ မိုးနတ်လို ကိုးကွယ်မယ်ဆိုရင်တော့ အခုလို ကလပ်ကလေးထဲမှာ ကောက်ညှင်းပေါင်းလေးထည့်ပြီးတော့ ရှာခိုင်းလို့ရမှာ မဟုတ်ဘူး”

“ဘယ်လိုလုပ်ပြီး ရှာခိုင်းမှ ရမှာလဲ”

သူက လက်ညှိုးနှင့် လက်မကို ဝိုင်းပြတယ်။

“ငွေပေးမှ ရမှာပေါ့၊ ဒေါ်လာပေးမှ မိုးရွာတယ်။ အဲဒီလိုမှသာ သူတို့ကလဲ လုပ်ပေးတယ်... ဟဲ... ဟဲ သိပ္ပံပညာသည် ပြည်သူ့အတွက်ပေါ့။ **Science for people's sake** ပေါ့”

ကျွန်တော် တဟားဟား ထ,ရယ်လိုက်တယ်။

ဒီကောင်မလေးက နည်းနည်းမှ လျှော့တွက်လို့မရဘူး။ အစကတည်းက ဘယ်သူ့အပေါ်မှာမှ လျှော့တွေးတာတွေ၊ တင်းတွေးတာတွေ၊ မလျော့မတင်းတွေးတာတွေ၊ ဘာမှ မရှိခဲ့တဲ့ ကျွန်တော်ကတောင်မှ ဒီကောင်မလေးကို လျှော့တွေးလို့ မရပါလားလို့ တွေးမိတယ်။

အဲဒီလိုနဲ့ပဲ ဟက်ဟက်ပက်ပက် ရယ်ဖြစ်တာပါ။

သူက လိုက်မရယ်ဘူး။ ကျွန်တော် ရယ်တာကိုပဲ သေသေချာချာ လိုက်ကြည့်နေတယ်။ မျက်နှာကိုမှ စေ့စေ့ကြည့်တာပါ။

ကျွန်တော် အရယ်ရပ်တော့ သူက ပြောတယ်။

"လူတစ်ယောက်ရယ်ရင် မျက်နှာက အကြောဆယ့်ငါးခု ရှုံ့သွားတယ်။ အသက်ရှူနှုန်းကလဲ ပြောင်းသွားတယ်တဲ့"

ကျွန်တော် ကြောင်သွားတယ်။

"ဟုတ်တယ်၊ သိပ္ပံပညာက အဲလိုပြောထားတယ်"

ဟာဗျာ၊ ပြဿနာပါပဲ။ ရယ်တာတောင် လွတ်လွတ်လပ်လပ် မရယ်ရတော့ဘူး။ ကျွန်တော့်ဘဝမှာ အဲဒီအကြော ဆယ့်ငါးခုကဘယ်နှစ်ခါလောက် ရှုံ့ခဲ့ရပြီလဲ မသိဘူး။ ရယ်ရမလို ငိုရမလို ဖြစ်မိတယ်။ မဟုတ်ဘူး၊ ငိုရမလို၊ ငိုရမလိုဖြစ်မိတယ်။ ဘယ်ရယ်ရဲတော့မှာလဲ...

မရဲတရဲ ပြန်မေးဖြစ်တယ်။

"ပြုံးရင်ကော..."

အဲသည် အမေးကြောင့် သူပြုံးတယ်။ သူ့မျက်နှာလေး ပြောင်းလဲ

http://www.cherrythitsar.org



ပုံကို ကျွန်တော် သေသေချာချာ လိုက်ကြည့်နေဖြစ်တယ်။ အဲဒီ အကြည့် ကြောင့်ပဲ သူ့မျက်နှာပေါ်က အပြုံးဟာ မဆုံးနိုင်အောင် ဖြစ်ရတယ်။

နောက်မှ အပြတ်သားဆုံး ပြန်ဖြေတယ်။

"မသိဘူး"

အဲဒီတော့မှ ကျွန်တော် ပြုံးမိတော့တယ်။ တစ်ချို့ ကိစ္စတွေမှာ သိတာနဲ့စာရင် မသိတာမှ ကောင်းပါသေးတယ်။ ကောင်းမလေးရယ်။

❀ ❄ ❁

http://www.cherrythitsar.org



## အိပ်မက် နှစ်

ကျွန်တော် အရူးတစ်ယောက်နဲ့ တွေ့တယ်။
မေးကြည့်မိတယ်။
"အချစ်ဆိုတာကို ခင်ဗျားသိလား"
"သိတော့ သိတယ်၊ ဒါပေမယ့်
ပြောမပြတတ်တော့ဘူး"
"ဘာဖြစ်လို့လဲ"
"အဲဒါကို သိပြီးကတည်းက ငါ ခုလို
ရူးသွားတာပဲ"
လန့်နိုးတော့ ကျွန်တော်တောင်
ညဉ့်တော်တော်နက်နေပြီ။

❀ ❄ ❁

http://www.cherrythitsar.org



ကြိုဆိုလိုက်ပါရဲ့၊ လာခြင်းကောင်းသောဝိညာဉ်ရေ...
ကောင်းကင်တော်ဆီကနေ
ဒါမှမဟုတ် ကောင်းကင်တော်အနီးအပါးကနေ
မတွေးတတ်လောက်အောင်
ဆန်းကြယ်တဲ့ ဂီတရိုက်ချက်တွေနဲ့
နှလုံးသားကို အလုံးအရင်းသွန်ချလိုက်တဲ့
မင်းဟာ...
'ငှက်'မှ ဟုတ်ပါရဲ့လား။

## (၁၀၇) တာရာမင်းဝေ

မြင့်မြင့်မားမား... ပိုပြီးတော့ မြင့်မြင့်မားမား
မီးနဲ့လုပ်ထားတဲ့ တိမ်တိုက်တစ်ခုလို
မြေကမ္ဘာကနေ ခုန်လွှားထွက်ခဲ့တယ်
ပြာလဲ့နက်ရှိုင်းရာဆီကို ပျံသန်းသွားခဲ့
သီချင်းတွေဆိုရင်း ပျံသန်း
ပြီးတော့ ပျံသန်းရင်းလည်း သီချင်းတွေဆို။

ကျွံနစ်လက်စနေလုံးကြီးရဲ့ ရွှေအလင်းတန်းတွေထဲမှာ

အထက်မိုးတိမ်တွေ တောက်စားလင်းပ

ကိုယ်လုံးကိုယ်ထည်မရှိတဲ့ ပျော်ရွှင်မှုကြီးက

ပြေးပွဲတစ်ခုကို ဖွင့်လှစ်လိုက်တဲ့ပမာ

မင်းဟာ... လေဟုန်စီးလျက်... ပျံထွက်လိုက်နဲ့။

http://www.cherrythitsar.org



ခရမ်းပျော့ညနေရီ…

မင်းရဲ့အပြန်လမ်းတစ်လျှောက်မှာ အိုင်ဖွဲ့ယိုစီး

နေ့အလင်းထဲက ကောင်းကင်ကြယ်တစ်ပွင့်ဆန်ဆန်

မင်းကို မမြင်ရဘူး… ဒါပေမယ့်

မင်းရဲ့စူးစူးရှရှပျော်မွေ့မှုကို ငါတို့ကြားရပါရဲ့။

လင်းရှတဲ့အရက်ထဲမှာ
ငါတို့မမြင်ရတော့တဲ့အထိ ပါးလှပ်သွား
အရှိန်ပြင်းတဲ့ မီးအိမ်နယ်ကျဉ်းကလေးမှာ
မြားတံအစင်းစင်းကို ချွန်မြထက်ရှ
မင်းရဲ့ဂီတဟာ အဲဒီမှာ ရှိနေတယ်။ ငါတို့ သိတယ်။

# ၁၁၁ တာရာမင်းဝေ

ညက ပွင့်ကွဲထွက်နေချိန်...

လမင်းဟာ... အထီးကျန်တိမ်တိုက်တစ်ခုဆီကနေ

ကောင်းကင်ကြီးလျှံကျအောင် ရောင်ခြည်တွေ ရွှာချသလို

ဝသုန်လေထုတစ်ခွင်တစ်ပြင်မှာ မင်းရဲ့အသံ ပျံလွင့်နေတယ်။

'မင်း' ဘာလဲဆိုတာ ငါတို့မသိဘူး။

.......................................

.......................................။

၉

အဘိုးအို လမ်းလျှောက်နေတာကို ငြိမ်ငြိမ်သက်သက် ငေးကြည့်နေရင်းက ကျွန်တော့်ရင်ထဲမှာ တစ်မျိုးခံစားနေရတယ်၊ အဘိုးအိုရဲ့ မျက်နှာကတော့ ပကတိ တိတ်ဆိတ်လျက်ပါပဲ။ ဖြည်းညင်းတဲ့ သူ့ရဲ့ လမ်းလျှောက်ဟန်တိုင်းမှာ စွမ်းအားတွေကို ကိန်းဝပ်နေသလိုပါပဲ။

"ကိုရဲ... အံ့သြနေသလား"

ကသစ်က မေးတယ်။ ကျွန်တော် ခေါင်းခါပြလိုက်တယ်။ ကသစ်က မသေချာသလိုကြည့်လို့ ကျွန်တော်ကပဲ သေသေချာချာ ခေါင်းထပ်ခါပြလိုက်တယ်။

"မအံ့သြပါဘူး"

"အဲဒါ သူ ဘုရားရှိခိုးနေတာ"

"အင်း... ကိုယ်သိတယ်"

စေတီတစ်ဆူရဲ့ ရင်ပြင်တော်ပေါ်မှာပါ...။ ဘုရားဝတ်ပြုနေသူ

အများစုထဲမှာမှ ဒီအဘိုးအိုက ထူးခြားနေတယ်။ ကသစ်က ဘာမှ ဆက်မပြောတော့ဘူး။ အဲဒါကြောင့် ကျွန်တော်က ဆက်ပြောလိုက်တယ်။

"အဲ့ဒါ တရားကျင့်ပြီး လမ်းလျှောက်နေတာ ဇာဇင် (**Zazer**) လမ်းလျှောက်နည်းလို့ခေါ်တယ်။ သူ ဒီကျင့်စဉ်ကို အတော်လေး အောင်မြင်ပြီးပုံရတယ်"

နည်းနည်းတော့ ကသစ် အံ့ဩသွားတယ်။

"ဟုတ်လား"

"ဟုတ်တယ်၊ ဒါနဲ့... ဒီအဘိုးက ဘယ်မှာနေတာလဲ"

ကသစ်က ချက်ချင်းပြန်မဖြေဘူး။ ဒါပေမယ့် သူ့အဖြေစကားကြားတဲ့ အချိန်မှာပဲ တုံ့ဆိုင်းနေရခြင်းရဲ့အကြောင်းကို ကျွန်တော်သိလိုက်တယ်။

"အဲ့ဒါ၊ ဥယျာဉ်တို့ အဘိုး"

"သြော်"

ခေါင်းထဲမှာ တွေးစရာတွေအများကြီး ဖြစ်သွားတော့တယ်။ အဘိုးအိုကိုလည်း စောစောကထက် ပိုအကဲခတ်ဖြစ်တယ်။ အဘိုးအိုရဲ့ မျက်နှာကတော့ သူ့ကို မမွေးခင်တုန်းက မျက်နှာအတိုင်းပါပဲ။

(ပကတိ ကြည်လင်နေတယ်လို့ ပြောချင်တာပါ)။

စေတီက အပြန်လမ်းမှာ ကသစ်က မေးတယ်။

"ကိုရဲ"

"ပြော"

"ဥယျာဉ်တို့အဘိုးကို ဘယ်လိုမြင်လဲ"

“အရောင်၊ အနံ့၊ အရသာမရှိဘူးလို့ မြင်တယ်”

ကသစ်က မျက်စောင်းထိုးတယ်။

“အနံ့တွေ အရသာတွေပါ ထည့်ပြောရအောင် ကိုရဲက သူ့ကို ရှူကြည့်၊ စားကြည့်လို့လား”

မှန်တာပြောရရင်တော့ ကျွန်တော်ခံသွားရတယ်။ ဘာပြန်ပြောရမလဲ လည်း မသိဘူး။ အဲဒါကြောင့် မျက်နှာကို တည်တည်ထားပြီး။

“အကောင်းပြောနေတဲ့ဟာကို”

အဲဒါကြောင့် ကသစ်လေးခမျာ မျက်နှာပိုးသတ်သွားရတယ်။

“အင်း... အင်း... ပြောပါဦး၊ ဆက်ပါဦး”

“ပြောရရင်တော့ တစ်ခွန်းတည်းပါပဲ”

“ဘာလဲဟင်”

“သြော်... သူက ငြိမ်းချမ်းနေပြီပဲ”

ကသစ် ငြိမ်သွားတယ်။ နှစ်ယောက်သား ဘာစကားမှမဆိုဘဲ ဆက်လျှောက်လာခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်တယ်။ လက်ဖက်ရည်သောက်ကြရင်းနဲ့ပဲ ကသစ်က ထပ်မေးပြန်တယ်။

“ကိုရဲ”

“ဟင်”

“ဥယျာဉ်ကိုရော၊ ဘယ်လိုမြင်လဲ”

အရောင်၊ အနံ့၊ အရသာရှိတယ်လို့ မဖြေဖြစ်ပါဘူး။ ရှူရ၊ စားရတာ မှ မဟုတ်တဲ။ မေးခွန်းကို မေးခွန်းနဲ့ တုံ့ပြန်လိုက်တယ်။

"ဘာဖြစ်လို့ မေးတာလဲ"

"အဲ... ဟို... အင်း... ဘာမှတော့ မဖြစ်ပါဘူး"

အဲဒါဆိုရင်လည်းပြီးရောပေါ့။ မဖြေဘဲ နေလိုက်တယ်။ ကသစ်ကလည်း မမေးတော့ဘူး။

သူလုပ်တိုင်းခံတဲ့ ရေနွေးကိုပဲ မော့သောက်နေတော့တယ်။ နှစ်ယောက်သား အဲဒီလို အတော်ကြာအောင် ငြိမ်နေမိကြတယ်။ ဘေးဝိုင်းက လူတွေက ကျယ်လောင်၊ ကျယ်လောင် အော်ဟစ်နေကြလေရဲ့။

"အလကားပါဗျာ၊ ဒီကောင်တွေ ဘယ်လောက်တတ်လို့လဲ။ ကျုပ်တို့က မလုပ်ချင်လို့ ကြည့်နေတာ။ ကျုပ်တို့က ဒီလောကထဲရောက်နေတာ အနှစ်သုံးဆယ်လောက်ရှိပြီ။ မနေ့တစ်နေ့ကမှ ဝင်လာတဲ့လူတွေက စွာကျယ်စွာကျယ် လုပ်နေတာ၊ ကျုပ်တို့ကိုမှ အားမနာဘူး။ ကျုပ်က သူတို့နဲ့ဆို ကြမ်းတစ်ပြေးတည်းတောင် ထိုင်တာ မဟုတ်ဘူး။ သူတို့ဘာသာ ဘယ်လောက် အောင်မြင်အောင်မြင် ကျုပ်က ဂရုမစိုက်ဘူး။ ဘယ့်နှယ့်ဗျာ..."

ကျွန်တော်တို့ရှေ့ဝိုင်းက လူတစ်ယောက်ပြောနေတာပါ။ မျက်နှာထားကလည်း စကားနဲ့အတူ အမျိုးမျိုးပြောင်းနေတယ်။ ယောကျ်ားအရေပြားမှာ မိန်းမအပြုံးတွေ တပ်ထားတယ်။

ကသစ်က ခပ်တိုးတိုးပြောတယ်။

"အဲလို လူမျိုးဟာလဲ စိတ်ဓာတ်ပုံမှန်မရှိတဲ့အထဲမှာ ပါတယ်။ ကိုယ့်ကိုကိုယ် အထင်ကြီးတယ်။ သူများရဲ့ အောင်မြင်မှုကို မနာလိုဘူး။

http://www.cherrythitsar.org



ကိုယ်လဲ အဖြစ်ရှိအောင် ဘာမှမလုပ်နိုင်ဘူး။ အောင်မြင်တဲ့လူတွေကို လိုက်ပြီး တိုက်ခိုက်နေတယ်။ အဲလိုစိတ်အခြေအနေကို 'အင်ဖာရီယိုရီတီကမ်းပလက်စ်'လို့ခေါ်တယ်။

"သြော်... အင်း"

ကသစ်က ဘယ်ဆိုးလို့လဲ။ ညာဘက်ဝိုင်းကို လှည့်ကြည့်မိတယ်။ ညာဘက်ဝိုင်းမှာလည်း လူကြီးလူကောင်းဝတ်စုံကို အပြည့်ဝတ်ထားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ထိုင်နေတယ်။ သူ့ဘေးက လူငယ်က သူ့ကို စကားတွေ တတွတ်တွတ်ပြောနေတယ်။

"သူကတော့ ဆရာနဲ့ တွေ့ချင်တယ်လို့ပြောတာပဲ"

"ဟုတ်လား... ငါနဲ့ တွေ့ရအောင် သူက ဘာအဆင့်ရှိလို့လဲ"

"ဒီလထုတ် မဂ္ဂဇင်းထဲမှာလဲ ဆရာ့ကို ဝေဖန်ထားတာ ပါလာတယ်"

"ငါက အဖက်လုပ်ပြီး ပြန်ပြောနေရမှာလား"

"ဆရာတော်မှန်းတော့ သိကြပါတယ်"

"ငါ ညံ့တာ တစ်ချက်ပဲရှိတယ်။ မြန်မာဖြစ်နေတဲ့ အချက်ပဲ"

သူတို့ဘာသာတော့ ဆက်ပြောနေကြသေးတယ်။ ဒါပေမယ့် ကျွန်တော်က ကသစ်ရဲ့ စကားကိုပဲ နားထောင်လိုက်တယ်။

"အဲဒီလိုလူမျိုးလဲ သိပ်စိတ်ပျက်စရာ ကောင်းတယ်။ သူတို့ကိုကျတော့ 'မဂလိုမနီးယား'လို့ခေါ်တယ်။ ဘဝင်လေဟပ်ရောဂါပေါ့"

အဲသည်ဝိုင်းကို ဆက်မကြည့်ချင်တော့ဘူး။ အဲဒါကြောင့် သည်ဘက်

ဝိုင်းကို တစ်စေ့တစ်စောင်း အကဲခတ်တယ်။

သူတို့မှာလည်း သူတို့ဒုက္ခနဲ့။

"ဘာမော်ဒန်လဲ၊ ဘာတွေ လျှောက်ရေးနေမှန်း မသိဘူး။ လူနားလည်အောင် ရေးမှပေါ့။ ဘယ်သူတွေ ဒန်ဒန် မဒန်ဒန်၊ ငါတို့ကတော့ ဘယ်တော့မှ မဒန်ဘူး။ ထုံးတမ်းစဉ်လာဆိုတာ လုပ်ကတည်းက လိုက်နာဖို့ လုပ်ထားတာ၊ လိုက်လုပ်ရမှာပဲ။ မပယ်ကောင်းဘူး။ ငါတို့ကတော့ ရှေးရိုးရှေးဟန်အတိုင်းပဲ ရေးမှာပဲ။ အနုပညာသစ်တွေ ဘာတွေ လာအော်မနေနဲ့ လက်မခံဘူး။ ဘာလဲကွာ – အနုပညာလောကကြီး သူတို့ဝင်လာမှပဲ ရှုပ်ကုန်တော့တယ်။ ကိုယ့်ဘက်က လူဟောင်းတွေကလဲ သူတို့ဘက်ကို ပြောင်းလိုပြောင်းနဲ့။ ငါးစိမ်းမြင် ငါးကင်ပစ်တဲ့ လူတွေ၊ တို့ကတော့ မရဘူး၊ လက်လဲ မခံဘူး။ ဆော်စရာရှိရင်လဲ ဆော်သွားမှာပဲ…"

သူ ဘာတွေ ဆက်ပြောမှန်း မသိတော့ဘူး။ ဒါပေမယ့် ကသစ် ဘာဆက်ပြောလဲဆိုတာကိုတော့ ကျွန်တော် သိတယ်။

"အဲဒီလူတွေလဲ မသက်သာလှဘူး။ ပြောင်းလဲခြင်းတရားကို လက်မခံနိုင်ဘဲ အသိဉာဏ်ပိတ်ဆို့မှု ဖြစ်နေတဲ့လူတွေ။ အသစ်ကိုဆန့်ကျင် အဟောင်းတွေကိုပဲ ပြန်ဖက်တွယ်ပြီး လောကနဲ့ခေတ်နဲ့၊ အံ့ဝင်ခွင်ကျ မဖြစ်တဲ့လူတွေ ကန့်လန့်ကြီး ဖြစ်နေကြတယ်။ သူတို့ကိုကျတော့ မယ်လာဂျတ်စ်မန့်တ်လို့ ခေါ်တယ်"

"ပုထုဇနော ဥမ္မတကောပဲနော်၊ ဘုရားဟောထားတာ တကယ်မှန်တာပဲ။ လူအများစုဟာ အရူးတွေပဲ"

## ၁၁၉ တာရာမင်းဝေ

ကျွန်တော် အဲသည်လိုပြောတော့ ကသစ်က ခေါင်းညိတ်တယ်။

"ဟုတ်တယ်၊ လူအများစုဟာ အရူးတွေပဲ။ ဒါပေမယ့် ဥယျာဉ်ကတော့ မရူးဘူးထင်ပါတယ်။ ဥယျာဉ်က လူကောင်းပါ"

ကျွန်တော် ဘာမှပြန်မပြောဖြစ်ဘူး။ ကျွန်တော်ကလည်း ဥယျာဉ်ကို ရူးနေတယ်လို့ မပြောမိပါဘူး။ အဲလိုတွေးဖြစ်တာကို ရိပ်မိလို့ထင်တယ်။ ကသစ်က ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်ပြီး

"တစ်ချို့က ဥယျာဉ်ကို ရူးနေတယ်လို့ ထင်ကြတယ်။ မဟုတ်ပါဘူး၊ ဥယျာဉ် မရူးပါဘူး"

ကျွန်တော် စပ်စုလေ့မရှိဘူး။ အခုလည်း စပ်စုတာ မဟုတ်ဘူး။ ဒါပေမယ့် မေးလိုက်မိတယ်။

"မရူးရင် ဘာဖြစ်တာလဲ"

ကသစ် သက်ပြင်းချတယ်။ မဖြေဘူး၊ အဝေးကို ငေးတယ်။ စားပွဲက ထတယ်။ မဖြေဘူး။ ပြန်ကြရအောင်လို့ ပြောတယ်။ မဖြေဘူး။ အဲလိုနဲ့ ပြန်လာခဲ့ကြတယ်။ သေချာတာကတော့...

သူ မဖြေဘူး။

.....................................

.....................................

ရပါတယ်...။

❀ ❄ ❁

# ၁၀

"မဖြေလဲ နေပေါ့ကွာ၊ ရပါတယ်"

ကျွန်တော် အဲလိုပြောတော့လည်း ချိုထွန်းက မခံချင်ဘူး ရှုံ့မဲ့နေတဲ့ မျက်နှာနဲ့။

"နေပါဦး၊ မင်းက အဲဒါကို ဘာလို့ဒီလောက်သိချင်နေရတာလဲ"

"မင်း မေးဖူးတဲ့မေးခွန်းအတိုင်းပေါ့ကွာ"

"ဘာလဲ"

"ငါက မျက်လှည့်ဆရာလေကွာ၊ မျက်လှည့်ဆရာကို မျက်လှည့်လာပြရင် မခံချင်ဘူး။ အဲဒါကြောင့် မေးနေတာ..."

ချို့ထွန်းက သက်ပြင်းချတယ်။ ကျွန်တော် မြင်အောင် တမင်ချပြတာပါ။ ကျွန်တော်ကလည်း မမြင်ယောင် တမင်နေလိုက်တာပေါ့။ ပြောလက်စစကားကိုပဲ ဆက်ပြောနေလိုက်တယ်။

"မဖြေလဲ နေပေါ့ကွာ၊ ရပါတယ်"

"ဟာကွာ"

ချို့ထွန်း မနေတတ်ဘူး ဖြစ်နေတယ်။ မင်းကို ဒီကိစ္စဘယ်သူကအစဖော်ပေးလိုက်တာလဲလို့လည်း မေးတယ်။

"အစဖော်ပေးတာက ကာယကံရှင်နဲ့ သူ့ရဲ့သူငယ်ချင်းကိုယ်တိုင်ပဲ"

သူ့မျက်မှောင်ကြီးကြုတ်ပြီး နံရံကို စိုက်ကြည့်နေတယ်။ ဥယျာဉ်ကိုတောင် သတိရမိသေးတယ်။ နယူတန်ရဲ့ တတိယနိယာမအရဆိုရင် နံရံကြီးကလည်း သူ့ကို မျက်မှောင်ကြုတ်ပြီး ပြန်ကြည့်နေမှာပဲ။

စိတ်ထဲမှာတောင် တစ်မျိုးကြီးဖြစ်သွားတယ်။ ရှောင်ထွက်သွားရမလိုကြားကနေ ဖြန်ဖြေပေးရမလို။

တော်ပါသေးရဲ့။ ချို့ထွန်းကပဲ အလျှော့ပေးပြီး ကျွန်တော့်ဘက်ပြန်လှည့်လာတယ်။

"ဥယျာဉ်နဲ့ ကသစ်ကလဲ မင်းကို တစ်စုံတစ်ရာအားကိုးပုံရတယ်။ တစ်နေ့ကျ သူတို့ဘာသာသူတို့ မင်းကို ဖွင့်ပြောပါလိမ့်မယ်။ သူတို့ပြောတာက ငါပြောတာထက် ပိုစုံလိမ့်မယ်။ ပိုတိကျလိမ့်မယ်။ နောက်ပြီး ငါပြောတာထက်စာရင် သူတို့ပြောတယ်ဆိုတာပဲ ပိုဖြစ်သင့်တယ်။ တစ်နေ့နေ့တော့ သူတို့ပြောပါလိမ့်မယ်"

ကျွန်တော်က သိမ်မကြေလည်ဘူးပေါ့။

“ဘယ်တစ်နေ့နေ့လဲ၊ နက်ဖန် သို့မဟုတ် ဘယ်သောအခါလား”

အဲဒီလိုပြောတော့လဲ သူက ခေါင်းခါတယ်။ ကျွန်တော့်စကားကို ပြန်ပြင်ပေးတယ်။

“မဟုတ်ဘူး၊ ‘နက်ဖန် သို့မဟုတ် သန်ဘက်ခါ’”

ကျွန်တော် သဘောကျသွားတယ်။

“မင်း တကယ်ပြောတာလား”

“တကယ်ပေါ့၊ နက်ဖန် သို့မဟုတ် သန်ဘက်ခါ၊ တစ်ရက်ရက်မှာ မင်းကို ကသစ်နဲ့ ငါဆုံပေးမယ်”

“သူက ပြောပါ့မလား”

“အဲဒါ ငါ့တာဝန်ထားပါ”

ကျွန်တော်တို့ စကားဝိုင်းကို သိမ်းလိုက်ကြတယ်။ နောက်ဆုံး စကားကို ကျွန်တော် ပြောခဲ့တာပါ။

“တာဝန်ကျေပါ ရဲဘော်”လို့...။

❀ ❄ ❁

၁၁

ထိုစဉ်အချိန်က လောက၏ ဒေါင့်ချိုးတစ်နေရာမှာ...
ပွင့်အံ့မူးမူး ပန်းကလေးလည်း
ကြွေချိန်ကို မြင်ယောင် မျှော်လင့်နေချိန်ဖြစ်ပါသည်။
အပြာရောင် တလင်းလင်းလွင့်နေသော စကြာဝဠာမှာ...
လူငယ်တစ်ယောက်၏
တိမ်တစ်ပွင့်အတွက် နေရာမရှိခဲ့။
ထိုစဉ်အချိန်မှာ...
လူငယ်တစ်ယောက်သည်
လမ်းပေါ်မှာ လမ်းလျှောက်ရင်း

သူကိုယ်တိုင် ပျောက်ဆုံးခဲ့ရ၏။
လမ်းကို တွေ့သည်။
သူ့ကိုယ်သူ မတွေ့။
သူ လမ်းဆက်လျှောက်ခဲ့ရသည်။
နှင်းဆီတစ်ပွင့်ကို သူတွေ့သည်။
သူကိုယ်သူ မတွေ့။
ထိုနှင်းဆီပွင့်ကို သူကောက်ယူနမ်းခဲ့သည်။
သူကံကြမ္မာက
ထိုသို့ဖြင့်ပင်
အလံဖြူတစ်လက်ကို ရခဲ့ခြင်းဖြစ်သည်။
ထိုနှင်းဆီသည်
ကောင်မလေးတစ်ယောက်၏ ဆံကေသာမှ
ပြုတ်ကျကျန်ခဲ့သော နှင်းဆီတစ်ပွင့်သာဖြစ်သည်။
နှင်းဆီဖြစ်၍ ဆူးပါသည်။
မည်သို့ပင်ဖြစ်စေ…
ထိုနှင်းဆီကို
သူကောက်ယူခဲ့ပါ၏။
ပန်းစိုက်သမား မဟုတ်သည့်တိုင်
ထိုနှင်းဆီကို သူဆက်ပျိုးနိုင်ခဲ့သည်။
ထို့အတူ…

နှင်းဆီပိုင်ရှင်ကိုလည်း...
သူမမေ့နိုင်ခဲ့။
သူသတိရသောညများတွင် (သူလွမ်းဆွတ် တမ်းတမိသော
ညများမှာ)...
နှင်းဆီပွင့်သောအိပ်မက်တို့ မက်၏။
နှင်းဆီပန်သူကို သူမျှော်လင့်ဆဲ။
နှင်းဆီသည် ကမ္ဘာပေါ်မှာမရှိသော
အရောင်တစ်မျိုးဖြင့် ရဲရဲနီခဲ့ပြီ။
သူသည် 'အညတရ'မဟုတ်။
အညတရထက်ပင်
ပို၍သိမ်ငယ်နုံနဲ့ရသူဖြစ်၏။
အညတရဆန်သူကို အညတရဖြစ်ကြောင်း...
စာလေးလုံးဖြင့် ဖွဲ့ရ၏။
သူသည် အညတရပင် မဟုတ်။
သူ့ကိုဖွဲ့ရန် စာတစ်လုံးပင် မရှိ။
သူသည်...
ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တစ်ကျောင်းမှ
စိတ်ကောင်းစွာ မနှံ့ဟု
သတ်မှတ်ခံရသော လူငယ်တစ်ယောက်ဖြစ်၏။
သူ့အကြောင်းကို သူဘာမှမသိ။

သူ့အကြောင်းကို...

ဘယ်သူကမှလည်း ဘာမှမသိ။

အချိန်တန် အရွယ်ပွင့်သောအခါ...

မြင့်သောနှင်းဆီကို

သူလှမ်းမိ၏။

အများက သတ်မှတ်ထားသည်ထက်ပင်

ပို၍စိတ်မနှံ့သော လူငယ်တစ်ဦးအဖြစ်

အများက...

ထပ်မံသတ်မှတ်ကြသည်။

ထိုသို့ဖြင့်...

သူချစ်သော နှင်းဆီပန်သူပင်လျှင်

ထိုမြို့ကလေးကို

စွန့်ခွာသွားရမည့်အချိန်တိုင်ခဲ့ပြီ။

ထိုစဉ်အချိန်က

ထိုကောင်မလေးသည်

ဘူတာရုံအတွင်းမှာ

နှင်းဆီ ရနံ့မွှေးမြရင်း

လောကလေစီးတသုန်သုန်မှာ ပွင့်မှုန်လှပနေဆဲဖြစ်၏။

သူ့ရှေ့မှာ ရထားတစ်စီးသည်

ဥသြဆွဲသံကြီးကို အန်ထုတ်တော့မည်။

# ၁၂၇ တာရာမင်းဝေ

နှင်းဆီပွင့်က
နှင်းဆီရွက်တွေကို ယိမ်းခါပြသလို
ကောင်မလေးက လိုက်ပါပို့ဆောင်သူ အားလုံးကို
လက်ဝှေ့ယမ်းကာ နှုတ်ဆက်၏။
ရထားသည် သူ့ကိုယ်လုံးကြီးကို တံခါးဖွင့်ပေးသည်။
ကောင်မလေးက
မြို့ကလေးကို ကျောခိုင်းလိုက်။
ထိုစဉ်အချိန်မှာ...
ပွင့်အံ့မူးမူးပန်းကလေး ကြွေပါတော့မည်။
လူငယ်သည် ကောင်မလေး၏လက်ကိုဆွဲပြီး...
နှင်းဆီကို တစ်ပွင့်တည်း ပေးခဲ့မိ၏။
ကောင်မလေးသည် နှင်းဆီပန်သူဖြစ်သည်။
နှင်းဆီသည် ဆူးရှိ၏။
ဆူးတို့မည်သည် ဒဏ်ရာကိုဖြစ်စေသည်။
"ဖြန်း"
လက်ဝါးတစ်ဖက်မြောက်၍
ပါးတစ်ဘက် လည်ထွက်သွားသည်။
ကမ်းမိသောပန်းတစ်ပွင့်သည်
မမြင်ရသောမီးတို့ဖြင့် အဆင့်ဆင့်တောက်လောင်သွားပြီ။
မျှော်လင့်ချက်တွေ ပြာကျ။

ဘဝရဲ့ အမွှန်အမြတ်တွေ ချုပ်ငြိမ်း ပြယ်လွင့်။

လူငယ် နှင်းဆီ အဆိပ်သင့်ခဲ့ပြီ။

“တူ... တူ”

ရထားကြီးကတော့...

အရာရာကို ဥပေက္ခာထားနိုင်ဆဲ။

မျဉ်းပြိုင်နှစ်ကြောင်းပေါ်မှာ လျှောက်ပြီး

လူငယ်တစ်ယောက်၏ဘဝကို ဒရွတ်တိုက်ဆွဲခေါ်သွား၏။

“...........”

ထိုစဉ်အချိန်မှာပဲ အားလုံးက သိခဲ့ပါသည်။

အပြာရောင် တလင်းလင်းလွင့်နေသော စကြဝဠာမှာ

လူငယ်တစ်ယောက်၏...

တိမ်တစ်ပွင့်အတွက် နေရာမရှိခဲ့။

သူ့ကံကြမ္မာက ထိုသို့ဖြင့်ပင်

အလံနက်တစ်လက်ကို ရခဲ့ခြင်းဖြစ်သည်။

မြစ်ကမ်းပါးတစ်ခုကို သူသွား၏။

မြစ်တစ်စင်းမဟုတ်သည့်တိုင် ထိုရေစီးလို သူလိမ့်မျောခဲ့သည်။

နှင်းဆီပိုင်ရှင်ကို

သူ မမုန်းနိုင်ခဲ့။

သူသတိရသော ခုလိုအချိန်မျိုးမှာ (သူနာကျင် ကြေကွဲခဲ့ရသော ခုလိုအချိန်မျိုးမှာ)...

နှင်းဆီခြားသွားက
သူ့ဘဝကို အလျားလိုက်ဝါးမျိုသည်။
“..............”
သူပြန်ကောက်လာသော နှင်းဆီပန်းလေးဖြစ်၏။
ထိုစဉ်အချိန်မှာတော့
ရေထဲသို့ လိမ့်ပါသွားသော နှင်းဆီပန်းကလေးလည်း ဖြစ်သည်။
(နှင်းဆီ ပန်းကလေးကတော့ နှင်းဆီရနံ့မွှေးမြရင်း
လောကလေစီးတသုန်သုန်မှာ ပွင့်မှုန်လှပနေဆဲ ဖြစ်၏။)
ထိုနှင်းဆီပွင့်က...
လိုက်ပါပို့ဆောင်သူကို လက်ဖွေ့ယမ်း နှုတ်ဆက်သလို
သူ့ကို နှင်းဆီရွက်တွေ ယိမ်းခါပြသွား၏။
“...........”
သူ့ရင်ခွင်သည် ...
မမြင်ရသော မီးတို့ဖြင့် အဆင့်ဆင့်တောက်လောင်သွားပြီ။
နှင်းဆီပန်းသူကို သူမျှော်လင့်ဆဲ။
သူ့ရင်ခွင်သည်
ကမ္ဘာပေါ်မှာ မရှိသော အရောင်တစ်မျိုးဖြင့် ရဲရဲနီဆဲ။
“ဝုန်း”
ရေထဲမျောသော နှင်းဆီပန်းကို ရေထဲမျှောရင်း သူလိုက်၏။
ရေထဲနစ်သော နှင်းဆီပန်းကို ရေထဲနှစ်ဝင်ကာ သူဆယ်၏။

မြစ်ရေကတော့ အရာရာကို ဥပေက္ခာထားနိုင်ဆဲ။
မျှော်လင့်ချက်တွေ ပြာကျ။
ဘဝရဲ့ အမှန်အမြတ်တွေ ချုပ်ငြိမ်းပြယ်လွင့်။
လူငယ်… နှင်းဆီအဆိပ်သင့်ခဲ့ပြီ။
နှင်းဆီပန်းက ရေမျက်နှာပြင်ပေါ် ပြန်တက်လာသည့်တိုင်…
နှင်းဆီစူးသူသည်
အငြိအထွေးတွေနှင့် နေရစ်ခဲ့။
သူက နှောင်ဖွဲ့တတ်သည်။
သူသည် အညတရပင် မဟုတ်။
သူ့ကိုဖွဲ့ရန် စာတစ်လုံးပင် မရှိ။
သူ့အတွက် အားလုံး ပြီးဆုံးသွားပါပြီ။
ထိုစဉ်အချိန်မှာပဲ…
ပွင့်အံမူးမူးပန်းကလေး ကြွေသွားခဲ့ပြီဖြစ်သည်။
ထိုမြို့ကလေးကို
သူစွန့်ခွာသွားရသည့်အချိန်တိုင်ခဲ့ပြီ။
အပြီးအပိုင်တိုင်ခဲ့ပြီ။
သူ့အကြောင်းကို သူကိုယ်တိုင် ဘာမှမသိ။
ထို့ကြောင့်…
ဘယ်သူကမှလည်း ဘာမှမသိ။
သူ့ကို လိုက်ပါပို့ဆောင်သူမရှိ။

ထို့ကြောင့် လက်ဖွေ့ယမ်း နှုတ်ဆက်စရာ...
သူ့အတွက် မလို။
ထိုသို့ဖြင့်...
ထိုဖြစ်ရပ်ကို မသိသော နှင်းဆီပန်သူက...
ထိုဖြစ်ရပ်ကို တစ်ဆင့် ပြန်သိသော အချိန်မှာ
သုံးနှစ်ကျော် ကွာဟခဲ့ပြီဖြစ်သည်။
အံ့သြခြင်း၊ ကြေကွဲခြင်း၊ နောင်တလိုက်စားခြင်းတို့နှင့်အတူ
လမ်းပေါ်မှာ လမ်းလျှောက်ရင်း
သူကိုယ်တိုင် ပျောက်ဆုံးခဲ့ရ၏။
လမ်းကို တွေ့သည်။
သူ့ကိုယ်သူ မတွေ့။
သူ လမ်းဆက်လျှောက်ခဲ့ရသည်။
နှင်းဆီတစ်ပွင့်ကို တွေ့သည်။
သူ့ကိုယ်သူ မတွေ့။
ထိုနှင်းဆီပွင့်က သူ့ကို
ဝိညာဉ်တစ်ခုလိုကိုယ်ထင်ပြ၏။
"အို"
သူ ငိုသည်။
သူ ချောက်ချားသည်။
တမလွန်မှ လူငယ်သည် သူ့နောက်ကိုလိုက်လာ၏။

http://www.cherrythitsar.org



(ထိုတို့ သူထင်သည်)

သူ့ကို ဆက်သွယ်၏။ (ထိုသို့ သူထင်သည်။)

သူ့ကို ကလဲ့စားချေလိမ့်မည်။ (ထိုသို့ သူထင်သည်)

သူ့ထံ မကြာမီရောက်လာတော့မည်။ (ထိုသို့ သူထင်သည်)

ထိုသို့ဖြင့်…

သူ့သူငယ်ချင်းကို သူ စကားတစ်ခွန်း ဆိုခဲ့သည်။

"ငါက မကြာမီ သေရတော့မှာပါ၊ ငါ့ကို ကလဲ့စားချေဖို့ အတွက် တမလွန်ကနေ 'ဝင်းလတ်'လိုက်လာနေပြီပဲ။ သူ့ကို ငါရင်ဆိုင်မှာပါ….' သေနေ့ကိုစောင့်ရတာ…." အင်း… နီးတော့ နီးနေပြီ ထင်ပါရဲ့…"

သူ့ကံကြမ္မာက ထိုသို့ဖြင့်ပင်…

အလံတစ်လက်ကို ရခဲ့ခြင်းဖြစ်သည်။

ဖြူသလား၊ နက်သလား၊ ဘာအရောင်လဲ မသဲကွဲ။

ထိုသို့ဖြင့်…

❀ ❄ ❁

၁၂

ဘာမှန်း မသိခင်ကတည်းက သူ့ကို ကျွန်တော် ချစ်ခဲ့ရတာပါ။ ဘာမှန်းသိပြီးတဲ့ နောက်ကျတော့ ပိုချစ်လာရပြန်ရော။ သူ့မျက်နှာလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း၊ ကျွန်တော့်စိတ်ထဲမှာ ဒေါင်ပန်းရနံ့တို့ သင်းပျံ့လာတယ်။

ကောင်မလေးရယ်။

သူကတော့ မသိပါဘူး။ ကျွန်တော့်ကို သိပေမယ့် ကျွန်တော့်အချစ်ကို မသိပါဘူး။ မသိဘူးလို့ ထင်တယ်လေ။ သူပြောချင်တာတွေပဲ စွတ်ပြောပြီး တစ်ဦးတည်းသော ပရိသတ်ဖြစ်တဲ့ ကျွန်တော့်ကို ‘ဝမ်းမင်းရှိုး’လေပေါနေတယ်။

"ကျွန်တော်က အဲသလိုပဲ။ တအားစူးစမ်းချင်တာ၊ ကျွန်တော် ငယ်ငယ်တည်းက မိုးပေါ်ကို မော့မော့ကြည့်တယ်။ လူကြီးတွေက လာလာမေးတယ်။ မိုးကို ဘာမော့ကြည့်နေတာလဲ...တဲ့။ အဲဒါခက်တာပေါ့၊ မိုးပေါ်ကို မော့ကြည့်တိုင်း မိုးကိုကြည့်တယ်လို့ပဲ ထင်နေကြတယ်။ ကျွန်တော်က မိုးရဲ့တစ်ဖက်မှာ ဘာရှိလဲလို့ မိုးကောင်းကင်ကြီးကို ဖောက်ပြီးကြည့်နေတာ။ မြင်တော့ မမြင်ရဘူးပေါ့လေ၊ ဒါပေမယ့် မြင်ချင်စိတ်တော့ ရှိခဲ့တယ်။ လူကြီးတွေက အဲဒါကို မသိကြဘူး"

"သြော်... အေး၊ ဟုတ်တာပေါ့။ တော်တော်ညံ့တဲ့လူကြီးတွေ"

ပြောမယ့်သာ ပြောရတယ်။ ဘယ်သူက သိမှာလဲ။ သူ့ဘာသာ ရှုပေါပေါလျှောက်လုပ်ပြီးတော့။

နောက် ဆက်သေးတယ်။

"စူးစမ်းရတာ၊ စမ်းသပ်လေ့လာရတာ၊ တအားပျော်စရာကောင်းတယ်။ 'ရော်ဂျာဘေကွန်' ဆိုရင် စိန်ဟာ ဆိတ်သွေးနဲ့စိမ်ရင် အရည်ပျော်တယ်ဆိုလို့ ဟုတ်မဟုတ် စမ်းသပ်ဖူးတယ်။ အဲဒီအတွက် ဆိတ်တစ်ကောင်ရယ်၊ စိန်တစ်ပွင့်ရယ် ကုန်ခဲ့တယ်။ သူ့ရှိတဲ့ငွေလေးတွေ ပြောင်ရော"

"ဥယျာဉ်က သိပ္ပံပညာကို အတော်ဝါသနာပါလား"

"မမေးနဲ့၊ အဲဒါကို... မမေးနဲ့"

"ဘာဖြစ်လို့လဲ"

"ဖြေပြစရာ စကားမရှိဘူး။ ကျွန်တော့်စိတ်ထဲမှာက ငါသည်ပင်လျှင် သိပ္ပံပညာလို့ ထင်နေတာ"

ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ် ငါသည်ပင်လျှင် မျက်လှည့်လို့ မထင်မိပါဘူး။ သူက သူ့ဘာသာထင်တာကိုတော့လည်း ဘာမှမပြောပါဘူး၊ (မဟုတ်ရင် ပြီးတာပဲ)

ဒါပေမယ့် မိန်းကလေးကတော့ မိန်းကလေးဆန်ဖို့လိုတယ်၊ ဆန်စေချင်တယ်။ အဲဒါကြောင့်...

"ဥယျာဉ်... ပန်းပန်လေ့ရှိတယ်နော်"

သူက မျက်နှာလေးရှုံ့ပြတယ်။ လှတာပဲ... လှမှန်းသိလို့ ရှုံ့ပြတယ် ထင်ပါရဲ့။

"အင်း... ပန်တော့ပန်တယ်။ ဒါပေမယ့် အခုရောဂါတစ်ခု ဝင်နေတယ်"

"ဘာလဲ... ဘာရောဂါလဲ"

သူက မဖြေသေးဘဲ ရယ်တယ်။ ဘာမှန်းမသိလို့ ကျွန်တော်ကတော့ လိုက်မရယ်သေးဘူးပေါ့။ သူရယ်တာကိုပဲ စောင့်ကြည့်နေရင်း မဟုတ်တာ တစ်ခုခုဖြေတော့မယ်ဆိုတာကို သိနေတယ်။

အရယ်ဆုံးတော့ သူဖြေတယ်။ မဟုတ်တဲ့အဖြေလို့ပဲ ထင်ရပါတယ်။ ဒါပေမယ့် ကျွန်တော်လိုက်မရယ်ဖြစ်ဘူး။ ရင်ထဲမောသွားတယ်။

"ပန်ချင်နေတဲ့ ပန်းတစ်ပွင့် သပ်သပ်ရှိတယ်။ ကမ္ဘာမြေမှာပွင့်တဲ့ ပန်းမဟုတ်ဘူး။ အာကာသလမ်းကြောင်းထဲမှာ သိပ္ပံနည်းပညာနဲ့စိုက်ပြီး ပွင့်တဲ့ပန်းကို ပန်ချင်တယ်။ တကယ်ပြောတာ..."

သူ့ကို ချစ်မိပြီး ရည်းစားစကားပြောတဲ့လူငယ်တွေထဲမှာ ရူဝံကြယ်

http://www.cherrythitsar.org



ခူးပေးမယ်... ဘာညာ... ပြောမိတဲ့ကောင်တော့ မလွယ်ဘူး။ ဒီကောင်မလေးက တကယ်ခိုင်းမယ့် ကောင်မလေး။

"ဟိတ်..."

"ဟင်..."

"ဘာငိုင်နေတာလဲ"

"အင်း... မငိုင်ပါဘူး"

သူက ကျွန်တော့်ကို လှမ်းမေးလို့ ဖြေရတာပါ။ ကျွန်တော့်ကိုများ သူ့သူငယ်ချင်း ကျနေတာပဲ။

"မငိုင်ပါဘူးသာဆိုတယ်၊ ငူငူကြီးဖြစ်နေတယ်"

"ဩော်... မြေဆွဲအားကို ခံစားကြည့်နေတာပါ"

ပထမတော့ သူရယ်ချင်သွားတယ်။ နောက်တော့ မျက်စောင်းထိုးတယ်။ နောက်တော့ "တော်ပြီ၊ မပြောတော့ဘူး"လို့ ပြောတယ်။ နောက်တော့ ပြုံးလဲ့လဲ့နဲ့ ကျွန်တော့်ကို ကြည့်ပြီး..."

"လူဟာ မျောက်ကဆင်းသက်လာတယ်ဆိုရင် ကုန်းကုန်း၊ ကုန်းကုန်းသွားနေရတဲ့ဘဝကနေပြီးတော့ မားမားမတ်မတ်သွားနိုင်တဲ့ဘဝရောက်အောင် မြေဆွဲအားကို အတိုင်းအတာတစ်ခုအထိ ဆန့်ကျင်နိုင်ရလိမ့်မယ်။ အဲဒါ..."

သူ့စကားကို ဆုံးအောင်စောင့်မနေတော့ဘူး။ ကျွန်တော်က ဝင်ဖျက်ပစ်လိုက်တယ်။

"တစ်ချို့က လူဟာ ဘုရားသခင်က ဖန်ဆင်းတယ်လို့ပြောတယ်။

http://www.cherrythitsar.org



နတ်မျိုးနွယ်လိုလို၊ ဘာလိုလိုနဲ့။ တချို့ကမျောက်က ဆင်းသက်တယ်လို့ ပြောတယ်။ တိရစ္ဆာန်လိုလို ဘာလိုလိုနဲ့...။ ကိုယ်ကတော့ နှစ်ခုလုံးကို မငြင်းဘူး။ နှစ်ခုလုံးကို လက်ခံထားတယ်။ လူဟာ 'နတ်တစ်ပိုင်း မျောက်တစ်ပိုင်း သတ္တဝါ'လို့"

သူက ဘုကြည့်ဆိုတဲ့ အကြည်နဲ့ကြည့်ပြန်ပါတယ်။ ဒီနေရာ 'ဘု' ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်ကို ကျွန်တော် မရှင်းနိုင်ပါဘူး။ 'ဘု'ကိုကြားရတာကိုက နားထဲမှာ တစ်ခုခု 'ဖု'လာသလိုတော့ ခံစားဖူးပါတယ်။ ဘုကြည့် ကြည့်ခံရတော့လည်း အဲဒီအတိုင်းပါပဲ။

ဒါပေမယ့် ကိစ္စမရှိပါဘူး။ သူ့လမ်းကြောင်းပြတ်သွားပြီးတဲ့နောက်မှာ ကျွန်တော့်လမ်းကြောင်းကို ဖွင့်ရပါတယ်။

"ကဲ... ဦးယျာဉ် ဒီမှာကြည့်စမ်း"

ကျွန်တော့် ဘယ်ဘက်လက်ကိုဖြန့်၊ ညာဘက်လက်ကိုဆုပ်ထားပြီး သူ့ကိုပြလိုက်တယ်။ ဘယ်ဘက်လက်ဝါးပေါ်မှာ ရေမွှေးပုလင်းသေးသေးလေးတစ်လုံး၊ ညာဘက်လက်သီးဆုပ်ထဲမှာတော့ 'တစ်ခုခု'ပေါ့လေ။

သူ့ကို မေးလိုက်တယ်။

"ဘာယူမလဲ"

သူက ကျွန်တော့်မျက်နှာကို ခပ်စူးစူးအရင်ကြည့်တယ်။ ပြီးမှ... လက်နှစ်ဘက်ကို ကြည့်တယ်။ နောက်ပြီးတော့ သူစဉ်းစားနေတယ်။ ဘာရွေးရမလဲလို့ စဉ်းစားနေတာပေါ့လေ။

ကျွန်တော်က ရေမွှေးပုလင်းကတော့ 'သိပ္ပံနည်းပညာနဲ့ လုပ်ထားတာ

ပဲ’လို့ ငေါ့ပြောတော့ ကျွန်တော်ကလည်း ‘သိပ္ပံနည်းကျ စဉ်းစားနေတာပါ’လို့ ရွဲ့ဖြေတယ်။

နောက်တော့ သူဆုံးဖြတ်ချက် ကျသွားတယ်။

“ဒါ… ယူမယ်”

ကျွန်တော့် လက်ဖဝါးပေါ်က ရေမွှေးပုလင်းကိုပဲ ဆတ်ခနဲယူသွားတယ်။ ကျွန်တော်က… မဲပြုံးနဲ့ ဆုပ်ထားတဲ့ ညာဘက်လက်ကို သူ့မျက်နှာရှေ့မှာ ကပ်မြှောက်ပြလိုက်တယ်။

သူက နှုတ်ခမ်းလေးစူပြီး ခေါင်းခါပြတယ်။

အဲဒီခေါင်းကိုပဲ ကျွန်တော် အဲဒီလက်သီးဆုပ်နဲ့ ထုလိုက်ပါတယ်။ ဖြည်းဖြည်းကလေး။ ပြီးတော့ လက်သီးဆုပ်ကို ဖြေပြလိုက်တယ်။ ဘာမှမရှိဘူး။

သူက အောင်နိုင်သူတစ်ယောက်လို ပြုံးတယ်။ မိန်းကလေးတစ်ယောက်လိုမှ မရယ်သင့်တဲ့ ရယ်သံမျိုးနဲ့ ရယ်တယ်။ ဟဲဟဲ… တဲ့။

ဒါပေမယ့်… ရပါတယ်။ ကျွန်တော်ကတော့ ချစ်မှာပါပဲ… ချစ်ဖို့က ကျွန်တော့်အလုပ်။ အချစ်ခံဖို့က သူ့အလုပ်လို့ပဲ စိတ်ထဲမှာထားပါတယ်။ ကျွန်တော်သိရင်ပဲ လုံလောက်တဲ့ ကိစ္စမို့လို့ သူသိအောင်လည်း ပြောမနေတော့ပါဘူး။

ဒီကောင်မလေး မရူးပါဘူးလို့ စဉ်းစားမိတယ်။ ရူးရင်လည်း အရူးပါးပါလို့ စဉ်းစားမိတယ်။ ဒီအရူးပါးထဲမှာ ချစ်တတ်တဲ့ အရူးပါးဖြစ်ပါစေလို့ ဆုတောင်းမိတယ်။ ကျွန်တော်ကတော့ ချစ်မှာပါပဲ… သူက

http://www.cherrythitsar.org



ချစ်ရင်လည်း မငြင်းပါဘူး။

အချစ်နဲ့ထိတွေ့ရင် လူတိုင်းဟာ ကဗျာဆရာဖြစ်လာတတ်တယ်လို့ ပလေတိုက ပြောတယ်။ ရူးခြင်း မရူးခြင်းက အရေးမကြီးပါဘူး။ ကဗျာတွေ ရေးဖြစ်ကြဖို့သာ လိုတာပါ။

'ဟုတ်တယ် မဟုတ်လား ချစ်သူ'လို့ စိတ်ထဲက လှမ်းမေးလိုက်တော့... 'ဟုတ်တယ်'လို့ ပြန်ဖြေသံတစ်ခွန်းတည်းကို စိတ်ထဲက ကြားရတယ်။ ကျွန်တော်... စိတ်ပျက်သွားတယ်။ မှတ်မိပါတယ်။ ပလေတို့အသံကြီးများ...။

❀ ❄ ❁

၁၃

"ဟုတ်တယ်၊ အဲဒီအသံကြောင့် ကိုရဲနဲ့ ခုလိုဆုံကြရတာပဲ... ကောင်လေးတစ်ယောက်... ယောနယ်ကလို့ ပြောတယ်။ မျက်လှည့်ဝိုင်းမှာ ကြိုးကို မြွေဖြစ်အောင်ဝင်လုပ်သွားတယ်လို့ ပြောတယ်... အဲဒီမှာ ဥယျာဉ်ကလဲ ဥယျာဉ်အလျောက် ကသစ်ကလဲ ကသစ်အလျောက် ကိုရဲကို တွေ့ချင်သွားကြတယ်..."

ကသစ်က အဲဒီလိုပြောတော့ ကျွန်တော် နားရွက်ထောင်သွားတယ်။

ချိုထွန်းတို့အိမ်မှာ ကျွန်တော်လုပ်ထားတဲ့ မျက်လှည့်စတူဒီယိုလေးထဲ သူလာလည်တာပါ... ပထမတော့ ရိုးရိုးလာလည်တယ် ထင်မိပေမယ့် နောက်မှ

သူ့မှာ ပြောစရာစကားတချို့ပါလာမှန်း ရိပ်မိတယ်။

အဲဒီစကားတွေကိုလည်း ပထမတော့ ပေါ့ပေါ့တန်တန်ပဲလို့ ထင်မိပေမယ့် နောက်မှ… အတော်အရေးကြီးနေမှန်း ရိပ်မိရပြန်တယ်။

"ပြောပါဦး… ဘာကိစ္စတွေ့ချင်ကြတာလဲ"

ကသစ်က ချက်ချင်းပြန်ဖြေမလို လုပ်ပြီးမှ မဖြေသေးဘဲ ခဏတွေဝေသွားတယ်။ ကျွန်တော် သူ့ကို တစ်ချက်ကြည့်တော့ သူက ကျွန်တော့်ကို မျက်နှာလွှဲထားတယ်။ သူဘာကို စဉ်းစားတယ် မသိဘူး။ ကျွန်တော်ကလည်း အလိုက်တသိနဲ့ တွန်းတွန်းတိုက်တိုက် မမေးပါဘူး။

မီးခြစ်ကိုယူပြီး စားပွဲရှည်တစ်လုံးပေါ်မှာ တန်းစီစိုက်ထားတဲ့ ဖယောင်းတိုင်တွေဆီကို လျှောက်သွားလိုက်တယ်။ နောက်… ဖယောင်းတိုင်တစ်တိုင်ကိုပဲ အဲဒီမီးခြစ်နဲ့ မီးညှိလိုက်တယ်။

"ဩော်…"

ကသစ် အံ့ဩသွားတယ်။ ကျွန်တော်က တစ်တိုင်တည်းကို မီးထွန်းတာ ဖြစ်ပေမယ့် ဖယောင်းတိုင်အားလုံး မီးလင်းသွားလို့ပါပဲ။

"ကိုရဲ"

"ဟမ်"

"အဲဒါက ဘယ်လိုဖြစ်လို့လဲ"

"မပြောပြရဘူး… တဲ့"

ကသစ်က မကျေမနပ်နဲ့ ပါးစပ်ပိတ်ပြီး 'အင်း'လို့ သံရှည်ကြီးဆွဲတယ်။ 'မပြောနေပေါ့ ရပါတယ်'လို့လည်း ပြောချင်လာအောင် စကားနာ

http://www.cherrythitsar.org



ထိုးတယ်။

ရပါတယ်။ ကျွန်တော်ကလည်း မပြောပါဘူး။

**"မျက်လှည့်ဆိုတာက နည်းမသိရင်သာ အံ့သြစရာဖြစ်နေတာ။ သိသွားတော့လဲ ဘာမှမဟုတ်ဘူး။** အဲဒီတော့ မသိချင်ပါနဲ့ ကသစ်ရယ်။ မျက်လှည့်ကို မျက်လှည့်အတိုင်းထားလိုက်ပါ။ ကသစ်ပြောလက်စ စကားကိုသာ ဆက်ပြောပါဦး၊ ကသစ်နဲ့ ဥယျာဉ်နဲ့က ကိုယ့်ကိုဘာလို့ တွေ့ချင်ကြတာလဲ"

"အင်း... အဲဒါက... အင်း... ဘာလို့တွေ့ချင်တာလဲဆိုတော့၊ ကသစ်ကတော့ မသင်္ကာလို့"

ကျွန်တော် ပြုံးမိတယ်။

"ဘာကို မသင်္ကာတာလဲ။ ဘာလို့ မသင်္ကာတာလဲ"

"သြော်... ဥယျာဉ်နဲ့ပတ်သက်ပြီးတော့ပါ...၊ ဥယျာဉ်နောက်ကို လိုက်လာမယ့် တမလွန်က ဝင်းလတ်ဆိုတာ... ကိုရဲမျှားလားလို့..."

ကျွန်တော် အသံထွက်ရယ်လိုက်တယ်။

"ကိုယ့်ပုံက အဲဒီလို ကျပ်မပြည့် ရူးနှမ်းနှမ်းပုံပေါက်နေလို့လား"

"ဟာ... မဟုတ်ပါဘူး"

ကသစ် အားနာသွားတယ်။

"ဝင်းလတ်ဆိုတာ တကယ်လာခဲ့လို့ရှိရင်လဲ ခုချိန်မှာ ကျပ်မပြည့်တဲ့ ရူးနှမ်းနှမ်းပုံ ဘယ်ဟုတ်တော့မလဲ... နင်ဂျာလိုလို၊ ကောင်းဘွိုင်သေနတ်သမားလိုလို ပုံဖြစ်နေမှာပေါ့။ လေးနှစ်လောက် ကြာခဲ့ပြီပဲ"

http://www.cherrythitsar.org



အဲဒီကိစ္စကို ကျွန်တော် ဘာမှဆက်မဆွေးနွေးတော့ပါဘူး။ တခြားအချက်ကိုသာ ဆက်မေးလိုက်တယ်။

"အဲဒါက ထားပါတော့..."

"ဘာကိုမထားရဘူးလဲ"

"ဥယျာဉ်ကရော... ဘာကိစ္စကိုယ့်ကို တွေ့ချင်ရတာလဲ... ကိုယ့်နောက်က သူလျှောက်လိုက်လာတယ်၊ ဘာမှလဲ မေးလို့မရဘူး... ကိုယ့်ဖြင့်စိတ်ကို အတော်ညစ်ရော"

ကသစ်... မရယ်အောင် ထိန်းသေးတယ်။ ဒါပေမယ့် မရဘူး။ ခစ်ခနဲရယ်သံပွင့်ထွက်လာတယ်။

"အဲဒီတုန်းက ကိုရဲ့ အတော်စိတ်ညစ်သွားလား"

"ဟာ... ညစ်တာပေါ့... သိလို့လား၊ အဲဒီတုန်းက သူကိုယ့်နောက်လျှောက်လိုက်လာတာကို ကသစ်သိလား..."

ကသစ်က ရယ်နေရင်းနဲ့ပဲ ပြန်ဖြေတယ်။

"သိတာပေါ့... ကသစ်က ဟိုးနောက်ဘက် ခပ်လှမ်းလှမ်းမှာ နေရစ်ခဲ့တာ။ သူ့ဘာသာ တစ်ယောက်တည်းလိုက်သွားမယ်ဆိုပြီးတော့ ကပ်လိုက်သွားတာ..."

ကျွန်တော်က မျက်လှည့်ကြိမ်လုံး (**magic wand**) ကလေးကို လက်ထဲမှာ ဆနေရင်းက...

"ဘာဖြစ်လို့... ဘာဖြစ်လို့... အဲဒီလို ကပ်လိုက်လာတာလဲ..."

"သူက သိပ္ပံပညာရှင်လေ၊ လူတစ်ယောက်က သူ့နောက်က

http://www.cherrythitsar.org



တစ်ခုခုကပ်ပါလာလို့ရှိရင် လှည့်မကြည့်ဘဲနေလဲ သိနိုင်တယ်... လို့ပြောတယ်။ မယုံရင်နောက်ကကြည့်နေဆိုပြီးတော့ သူထွက်သွားတာ... ကိုရဲ နောက်က လျှောက်လိုက်သွားတာ..."

"နေပါဦး အဲဒါဆိုလို့ရှိရင်လဲ သူနောက်ကပါလာတာကို ကိုယ်သိပြီးတဲ့နောက်ပိုင်း ကိုယ်သူ့ကို မလိုက်တော့ဖို့ မောင်းထုတ်နေတဲ့ဟာကို ဘာကိစ္စပြန်မသွားတာလဲ"

ကသစ်က လျှာလေးတစ်လစ်ထုတ်ပြတယ်။

"ဒါတော့ မသိဘူးလေ၊ သူ့ဘာသာ ကိုရဲနားက မခွာချင်လို့ဖြစ်မှာပေါ့"

"အင်း..."

ကျွန်တော် ရှက်သွားသလိုပဲ။ လက်ကလေး နှစ်ဘက်ပွတ်ပြီး 'အဟီး တကယ်လားဟင်'လို့ မေးဖို့ကလည်း မဖြစ်ဘူး။ ခပ်တည်တည်ပဲ နေနေလိုက်တယ်။ ကသစ်ကပဲ ဆက်ပြောတယ်။

"ဥယျာဉ်က သနားဖို့ကောင်းတယ်။ သူ့အဘိုး ဘာသာရေးသမားကြီးနဲ့ နေရတာ။ အေးချမ်းပေမယ့် ခုလိုကိစ္စမှာ အဘိုးကို တိုင်ပင်လို့ မရဘူး။ ဘာမှလဲ ပြောလို့ မရဘူး။ ဟို... သရဲလိုလို၊ ဝိညာဉ်လိုလိုလူ လာမယ်ဆိုပြီး ဥယျာဉ်ခမျာ ကြောက်နေရှာတာ"

ကသစ်ရဲ့စကားသံတွေက ခံစားချက်တွေပါလာတယ်။ လေယူလေသိမ်းဟာ အယိုင်အငေ့တွေနဲ့။

"ကိုရဲ... ဥယျာဉ်ကို ဘယ်လိုပြုပြင်ပေးရင်ရမလဲ"

"အင်း... အသက်ငယ်သေးတော့ သိပ္ပံပညာကိုလဲ သိပ်စိတ်ဝင်စားနေတဲ့ ခေတ်လူငယ်ဖြစ်တော့ ဘာသာရေးနဲ့လဲ နည်းနည်းစိမ်းနေတုန်းထင်ပါရဲ့"

ပြောပြောဆိုဆို ကျွန်တော်က လက်ထဲက မျက်လှည့်ကြိမ်လုံးကလေးကို တစ်ချက်ဝှေ့ယမ်းလိုက်တယ်။ စောစောက ဘာမှမရှိတဲ့ မှန်ပေါ်မှာ ဖျတ်ခနဲ... 'ပဋိစ္စသမုပ္ပါဒ်' စက်ဝိုင်းပုံပေါ်လာတယ်။ ကသစ် လန့်သွားပုံရတယ်။ သူ မျက်လုံးပြူးနဲ့ ကြည့်နေတုန်းမှာပဲ စက်ဝိုင်းပုံက ပြန်ပျောက်သွားပြီး မှန်ချည်းပဲကျန်ခဲ့တယ်။

ကျွန်တော်ကလည်း ပြောလက်စ စကားကိုဆက်ပြောတယ်။

"ဘာသာတရားကို တကယ်သက်ဝင်မယ်ဆိုရင်လဲ တုန်လှုပ်မှုဆိုတာ သိပ်ရှိတော့မှာ မဟုတ်ဘူး"

"ကိုရဲ"

"ပြောလေ"

မရဲတရဲလေသံနဲ့ပဲ ကသစ်က သူသိချင်တာကို လှမ်းမေးတယ်။

"ကိုရဲ... ဥယျာဉ်ကို စိတ်ဝေဒနာရှင်တစ်ယောက်လို့ ထင်လား..."

"ဟင့်အင်း... မထင်ဘူး"

သူ့မျက်နှာလေး မော့ခနဲဖြစ်သွားတယ်။ မျက်လုံးလက်လက်တွေနဲ့ ကျွန်တော့်ကို အဆက်မပြတ်ကြည့်နေတယ်။ အားတက်သရော ဆက်မေးတယ်။

"တကယ်လား... တကယ်မထင်တာလား"

သူ့ကို မကြည့်ဘဲ ကျွန်တော် ခပ်အုပ်အုပ်ရယ်နေမိတယ်။ 'တကယ် ပေါ့လို့'ဖြေတော့ သူမနေနိုင်တော့ဘဲ ထိုင်ရာကထတယ်။

"ဘာဖြစ်လို့ မထင်ရတာလဲ ဟင်..."

"ကိုယ်က စိတ်ပညာကို ကသစ်လောက် နားမလည်ပါဘူး။ ကသစ်က... ဖရွိုက်ဒီယမ်သီအိုရမ်ကို အတော်ကျွမ်းကျင်ပုံရတယ်။ ကိုယ်လဲ ထိုက်သင့်သလောက်တော့ လေ့လာခဲ့ရဖူးပါတယ်။ ကိုယ်က ဥယျာဉ်ကို စိတ္တဇဝေဒနာရှင်လို့ မမြင်မိဘူး။ ကိုယ်ကတော့ ဂျိမ်းလန်း (စ) သီအိုရီဘက်က ပြောတာပါ"

ကသစ် အရမ်းတက်ကြွသွားတယ်။

"ဟုတ်တယ်၊ ကသစ်လဲ သူ့ကို စိတ်ဝေဒနာရှင်လို့ လက်မခံဘူး၊ သူအရူးမဟုတ်ဘူး။ ဒါပေမယ့် အင်း... ခက်တာက..."

ချက်ချင်း ပြန်အားလျော့သွားသလိုပဲ။

"ခက်တာက... သူက... တမလွန်ကလူ သူ့ကို ဆက်သွယ်နေပါတယ်လို့ချည်း ကျိန်းသေပြောနေတယ်။ တကယ်လဲ ခံစားနေရတယ်။ ကသစ်ကတော့ သနားလဲ သနား၊ စိတ်လဲရှုပ်နေမိတော့တယ်"

ကျွန်တော် ဘာမှပြန်မပြောဘူး။ သူကလည်း မမေးဘဲမနေနိုင်တော့ဘူး။

"ကိုရဲ..."

"အင်း..."

"အဲဒီကိစ္စကိုရော၊ ကိုရဲဘယ်လိုမြင်လဲ..."

http://www.cherrythitsar.org



ကျွန်တော်က ချက်ချင်းမှာ သူ့ကို ပြန်မဖြေအားသေးဘူး။ သူ့ကို တိုက်ဖို့ဖျော်နေတဲ့ ဖျော်ရည်ဆီကိုသာ အာရုံရောက်နေတယ်။

သူ့ရှေ့မှာ ဖျော်ရည်ခွက်ကိုချပေးလိုက်တယ်။ သူက လှမ်းမယူဘူး။ သူမေးတာကို ဖြေပါဦးဆိုတဲ့ ပုံစံမျိုးနဲ့သာ ကျွန်တော့်ကို ကြည့်နေတယ်။

"သောက်... သောက်"

မယူချင့်ယူချင်နဲ့ အဲဒီတော့မှပဲ ဖန်ခွက်ကိုလှမ်းယူတယ်။ ဒါပေမယ့် သူယူတဲ့ အချိန်မှာပဲ... ဖန်ခွက်ထဲက အအေးတွေက အရောင်ပြောင်းသွားလို့ သူလန့်သွားသေးတယ်။

ဒါပေမယ့် သူကလည်း သူမေးထားတဲ့ မေးခွန်းအပေါ်မှာ အာရုံလျော့မသွားဘူး။ ထပ်မေးတယ်။

"ကိုရဲ... အဲဒီကိစ္စကို ပြောပါဦး၊ ဘယ်လိုမြင်သလဲ။ အဲဒီကိစ္စ အရေးကြီးတယ်လေ"

ကျွန်တော်က အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်တယ်။

"အဲဒါ သူ ရူးလို့ပြောတာမဟုတ်ဘူး"

ကသစ် စောင့်နေတာလည်း အဲဒီစကားပါပဲ။ သူအလွတ်မခံတော့ဘဲ ချက်ချင်းတုံ့ပြန်တယ်။

"ဒါဖြင့်... ဘာဖြစ်လို့ပြောတာလဲ"

"တကယ်မို့လို့ပေါ့..."

"ရှင်..."

ကသစ်ရဲ့ မျက်လုံးမှာ မယုံကြည်နိုင်လောက်တဲ့ အံ့ဩမှုတွေနဲ့...၊

http://www.cherrythitsar.org



ဖန်ခွက်ကိုင်ထားတဲ့ လက်က တုန်ရီနေတယ်။

“တကယ်… ဟုတ်လား”

“ဟုတ်တယ်… အဲဒီလူ တမလွန်ကနေ သူ့ဆီလိုက်လာတယ်ဆိုတာ သူ စိတ်ထင်တာ မဟုတ်ဘူး၊ တကယ်ဖြစ်နေလို့ပဲ…”

“ခွမ်း…”

ကသစ်လက်ထဲက ဖန်ခွက်လွတ်ကျပြီး ကွဲသွားတယ်။ သူ့မျက်နှာမှာလည်း အရိပ်အယောင်အမျိုးမျိုးဖြာဟပ်လို့…။

ကျွန်တော်က သူ့ကို… နှစ်သိမ့်သလို ပြုံးပြရင်း စကားတစ်ခွန်းကိုလည်း အပြတ်သားဆုံး ပြောလိုက်တယ်။

“ဒါပေမယ့် ကိစ္စမရှိပါဘူး။ သိပ်လဲ မစိုးရိမ်ပါနဲ့၊ ဥယျာဉ်ဘေးမှာ ကိုယ်တစ်ယောက်လုံး ရှိနေမှာပါ…”

အခန်းထဲမှာ တိတ်ဆိတ်သွားတယ်… လူနှစ်ယောက်။ ရင်ထဲမှာရော တိတ်ဆိတ်ကြရဲ့လား။

ဘာသံမှတော့ မကြားရတော့ဘူး…။

❀ ❄ ❁

# အ ပိုင်း ( ၃ )

လူသည်... ရယ်စဉ်အခါပင်
ဝမ်းနည်းသော စိတ်သဘောရှိ၏။

ထို... ရယ်မောရွှင်လန်းခြင်းအဆုံး၌လည်း
ညှိုးငယ်တတ်ခြင်းရှိ၏။

**(သုတ္တံကျမ်း)**

# ၁၄

"ဝုတ်... ဝုတ်"

"ဂရူး... အု"

"ကိန်ကိန်... အိုင်... အိုင်... ကိန်း"

ထိပ်တိုက်တွေ့ရင် သွားကိုယ်စီနဲ့ ကိုက်ကြတယ်။ လိုက်တဲ့ခွေးက လိုက်တယ်။ ခံကိုက်တဲ့ ခွေးက ခံကိုက်တယ်။ ပြေးတဲ့ခွေးက ပြေးတယ်။ အဲဒီလိုခွေးတွေ ကိုက်နေတာကိုပဲ ရပ်ကြည့်နေတဲ့လူက ကြည့်နေကြတယ်။ သူများတကာတွေချည်းပဲဆို အကြောင်းမဟုတ်ပါဘူး။

http://www.cherrythitsar.org



အခုတော့ သူပါနေတယ်။ ကျွန်တော်က ရှေ့ဆက်သွားဖို့အတွက် အတင်းဆွဲခေါ်နေရတယ်။

"လာစမ်းပါ... ဉယျာဉ်ရာ..."

"နေဦး... ဒီမှာကြည့်နေတာ"

"ခွေးကိုက်တာပဲ... ဘာကိုကြည့်နေတာလဲ"

"အသိပါလားလို့"

"ဟမ်..."

ထုံးစံအတိုင်း ကျွန်တော် နည်းနည်းစိတ်ညစ်သွားတယ်။ မျက်နှာကို ရှုံ့မဲ့ပြီး သူ့ကိုကြည့်မိတယ်။

"ခွေးအသိကို ပြောတာ... သိတဲ့ခွေးများ ပါလာမလားလို့၊ ဟို ကောင်... မောင်နီကြီးလေ"

"မပါ ပါဘူးကွ"

ဘရောင်နီကို သူပြောနေတာပါ။ မပါပါဘူး။ ဘရောင်နီက ဒီလို ပွဲမျိုးကို ကိုယ်တိုင်မဝင်ဘူး ထင်ပါရဲ့။ ဉယျာဉ်ရဲ့လက်ကို ကျွန်တော် အတင်းဆွဲပြီး ရှေ့ဆက်လျှောက်ခဲ့တယ်။ သူက ကလေးတစ်ယောက်လို လျှောက်ပြောနေတယ်။

"ခွေးတွေလဲနော်... သတ္တိရှိတဲ့ခွေးက ရှိတယ်။ သူရဲဘောကြောင် တဲ့ခွေးက ကြောင်တယ်"

ကျွန်တော်က ပြုံးရင်း ခေါင်းညိတ်လိုက်တယ်။

"သိုးဆောင်းစကားပုံတစ်ခုရှိတယ်။ ရင်ဆိုင်ဖို့ သတ္တိမရှိသူမှာ

ပြေးဖို့ခြေထောက်ရှိရမယ်တဲ့…၊ လူတွေမှ မဟုတ်ဘူး၊ တိရစ္ဆာန်တွေလဲ ဒီအတိုင်းပဲ။ လောကကြီးကို ရင်ဆိုင်တဲ့နေရာမှာ Fight of Flight ဆိုတာ ရှိတယ်။ ရင်ဆိုင်မလား… ထွက်ပြေးမလား ဒါပဲ…”

ပြီးတော့… ကျွန်တော် ဘာမှဆက်မပြောတော့ဘူး။ သူလည်း ငြိမ်သွားတယ်။ ကျွန်တော့် စကားထဲမှာ သူ့အတွက် တွေးစရာတွေပါသွားတယ် ထင်ပါရဲ့။ သူ့မျက်နှာပေါ်မှာ အလေးအနက် စဉ်းစားမှုရဲ့အငွေ့အရောင်တွေ သန်းနေတယ်။

ကျွန်တော် သဘောကျပါတယ်၊ အဲလို တွေးစေချင်လို့လည်း ဒီစကားကို ပြောခဲ့တာပါ။ ကျွန်တော်သာ ဦးစံရှားဆိုရင် ဆေးတံကြီးဖွာပြီး ပြုံးနေမိမှာပဲ၊

“ဥယျာဉ်”

“အင်း”

အဲဒါ သူထူးတာ။ သူ့ဘာသာ စဉ်းစားနေရင်းက ကျွန်တော့်ခေါ်သံကို ပြန်ထူးတာ။

“တစ်ခုမေးမယ်။ သေသေချာချာ တွေးပြီးမှ ဖြေစမ်း”

သူ မျက်လုံးကလေး ဝိုင်းသွားတယ်။ ကျွန်တော့်မျက်နှာကိုလည်း စူးစမ်းသလို ကြည့်တယ်။

“မေးလေ… ဘာမေးမလို့လဲ”

“မာကိုပိုလိုအကြောင်း လေ့လာဖူးလား”

“ဟင့်အင်း”

"ကူဗလိုင်ခန်အကြောင်းရော"

"ဟင့်အင်း… သူတို့ကို သံလိုက်တုံးတစ်တုံးလောက်တောင် စိတ်မဝင်စားဘူး"

မာကိုပိုလိုရယ်၊ ကူဗလိုင်ခန်ရယ်ကိုယ်စား ကျွန်တော်တောင် အားငယ်သွားမိတယ်။ သူတို့နှစ်ယောက် သံလိုက်တုံးကြီးတစ်ခုမှာ ယက်ကန်ကက်ယန် 'ကပ်'နေတာကို အာရုံထဲမှာ မြင်မိသလိုပဲ…။

ထားလိုက်ပါတော့။

"နာမည်တော့ ကြားဖူးတယ် မဟုတ်လား"

"ကြားတော့ ကြားဖူးပါတယ်။ ဒါပေမယ့် ခုနက ကိုရဲ မေးခါစတုန်းကတော့ စိတ်ထဲမှာ အချိုမှုန့်နဲ့ မှားနေမိသေးတယ်"

သွားရော။ ဘာဆက်ပြောရမလဲတောင် မသိတော့ဘူး။ သံလိုက်တုံးမှာကပ်နေတဲ့ ဟိုပုဂ္ဂိုလ်နှစ်ယောက်လည်း ဟင်းအိုးကြီးထဲ ပြုတ်ကျသွားတယ်။

"အဲ… နေပါဦး… အဲဒီနှစ်ယောက်က ဘာဖြစ်လို့လဲ။ ကိုရဲ ဘာပြောမလို့လဲ"

"သူတို့နှစ်ယောက် ဆုံဖူးတဲ့ သမိုင်းမှတ်တမ်းတစ်ခုရှိတယ်"

"အင်း… အဲဒါ ဘာဖြစ်လဲ၊ သမိုင်းမှတ်တမ်းထဲမှာရှိတာက ဓာတ်ခွဲခန်းထဲမှာ ရှိတာမှမဟုတ်ဘဲ။ အဲဒါကြောင့် သူတို့ဆုံတာကို ကျွန်တော် မသိလိုက်ဘူး"

"သြော်… အင်း ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

ပြောရတဲ့ဆီကို ခုထိမရောက်သေးဘူး။ မာကိုပိုလိုနဲ့ ကူဗလိုင်ခန်ခများ

http://www.cherrythitsar.org



မျက်နှာငယ်လိုက်ရတာ။ ဟင်းအိုးထဲမှာ ကူးနေတုန်း ယောက်ချိုဖွန်းကြီးနဲ့ လိုက်ခပ်လို့ သူတို့ခမျာ အပြေးအလွှား ရှောင်တိမ်းနေရသလိုပါပဲ…။

"ဆက်ပြောလေ၊ သူတို့ဆုံတော့ ဘာဖြစ်လဲ"

"မာကိုပိုလိုက ကမ္ဘာလှည့်တုန်းမှာ ကူဗလိုင်ခန်ရဲ့ အင်ပါယာထဲကို ရောက်သွားတယ်။ စစ်ဘုရင် ကူဗလိုင်ခန်က သူ့ရဲ့အာဏာစက် ဘယ်လောက်ပြင်းတယ်ဆိုတာကို ပြချင်လို့ လူနှစ်ယောက်ကို မျှော်စင်ပေါ်ကနေ လက်ခုပ်တီးပြီး ခုန်ချခိုင်းလိုက်တယ်။ ဟိုလူနှစ်ယောက်ကလဲ ခုန်ချလိုက်ရတယ်"

"အဲဒီတော့…"

"အောက်ရောက်တော့ သေတာပေါ့ ဥယျာဉ်ရယ်။ မာကိုပိုလိုလဲ ကူဗလိုင်ခန်ရဲ့ အာဏာစက်ပြင်းပုံကို မျက်ဝါးထင်ထင်မြင်သွားရတာပေါ့။ အဲဒီအကြောင်းလေး သတိရပြီး ဥယျာဉ်ကို မေးချင်စိတ်လေး ပေါ်လာလို့"

သူက မျက်လုံးဝိုင်းဝိုင်းတွေနဲ့ပဲ ကျွန်တော့်ကို မော့ကြည့်ပြန်တယ်။ တဖျပ်ဖျပ်ခတ်တဲ့ မျက်တောင်နက်ကလေးတွေက ကူဗလိုင်ခန်ကိုယ်တိုင် နန်းမျှော်စင်ပေါ်က ခုန်ချရလောက်အောင်ကို… လှလို့။

"ဘာမေးမလို့လဲ"

"ဩော်… တကယ်လို့လေ… အဲဒီခုန်ချသွားတဲ့ လူနှစ်ယောက် နေရာမှာ ဥယျာဉ်သာဆိုရင် ဘယ်လိုလုပ်မလဲ။ **fight or flight** ဘာကို ရွေးမလဲ။ ပြန်ငြင်းမလား၊ ခုန်ချလိုက်မလား၊ ဘယ်လိုလုပ်မလဲ"

သူ့မျက်နှာလေး ငြိမ်သက်သွားတယ်။ နှုတ်ခမ်းထောင့်စွန်းမှာလည်း မထီမဲ့မြင်အပြုံးလေး ငြိခိုလာတယ်။ ကျွန်တော့်ကို တစ်ခုပြန်မေးတယ်။

"အဲဒီလူနှစ်ယောက်ရဲ့ အခြေအနေမျိုးပဲလား။ ကျွန်တော်ကလဲ အဲဒီလို ကူဗလိုင်ခန်ရဲ့ သက်ဦးဆံပိုင် အအုပ်ချုပ်ခံတစ်ယောက်ပဲလား"

"အင်း... အဲလိုမျိုးပဲဆိုပါတော့"

သူ့မျက်နှာပေါ်က မထီမဲ့မြင်အပြုံးက ပိုပြီးပီပြင်လာတယ်။ အချိန် အတိုင်းအတာလေး တစ်ခုအထိ သူငြိမ်သက်စဉ်းစားနေပါသေးရဲ့။

နောက်တော့ သူဖြေတယ်။

"အင်း... ခုန်ချရမှာပဲ"

ကျွန်တော် ပြုံးမိတယ်။ သူ့စကားကို သံယောင်လိုက်ပြီး ပြောလိုက် တယ်။

"ခုန်ချရမှာပဲ... ဟုတ်လား... ခုန်ချမယ်ပေါ့"

"အင်း... တစ်ခုတော့ရှိတယ်"

အိုကေ။ ကျွန်တော် စိတ်ဝင်စားသွားတယ်။ အဲဒါကိုပဲ ကျွန်တော် ကလည်း သိချင်တာ။

"ဆိုစမ်းပါဦး... ဘာများလဲ"

"ကူဗလိုင်ခန်က... ကမ္ဘာလှည့်နေတဲ့ မာကိုပိုလိုရှေ့မှာ ကြွားပြတာ မဟုတ်လား။ မာကိုပိုလိုဆီကနေတစ်ဆင့် ဒီသတင်း တစ်ကမ္ဘာလုံးကို ပျံ့အောင် ဖန်တီးတာလို့ပဲ ထင်တယ်"

"အင်း... အဲဒီသဘောပဲ နေမှာပေါ့"

"အဲဒါဆိုရင်... ကျွန်တော်... ခုန်တော့ချမယ်။ ဒါပေမယ့် ကူဗ လိုင်ခန်ရဲ့ မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆဲဆိုအော်ဟစ်၊ ကျိန်စာ

http://www.cherrythitsar.org



တိုက်ပြီး သူ့ကိုလှောင်ပြောင်ရှုံ့ချပြီးမှ ခုန်ချမယ်။ မာကိုပိုလိုရှေ့မှာ သူ ရေရေလည်လည် အရှက်ကွဲမှာပဲ။ သူ… မျက်နှာကြီးနီ၊ ဒေါသတွေ အရမ်းထွက်ပြီး လက်ကြီးနှစ်ဖက်မြှောက်ပြီး၊ ထိုင်ရာကထပြီး၊ ကျွန်တော့်ကို တစ်ခုခု လုပ်ဖို့ ပြေးလာမှ ထွီခနဲတံတွေးနဲ့လှမ်းထွေးပြီး ခုန်ချလိုက်မယ်။ သူ ဘာတတ်နိုင်မှာလဲ”

အဲဒီလို ပြောပြီး အောင်နိုင်သူတစ်ယောက်ရဲ့ လေသံမျိုးနဲ့ မိန်းမ မဆန်စွာ ရယ်ပြန်သေးတယ်။ ဟဲဟဲ… လို့။

ကျွန်တော်လည်း အရမ်းသဘောကျသွားတယ်၊ သူပြောသလိုသာ တကယ်ဖြစ်ကြရင် ကူဗလိုင်ခန် အတော်အခံရဆိုးလိမ့်မယ်။ အဲဒီလို တွေးနေတုန်းမှာပဲ သူက ကျွန်တော့်ကို ပြန်မေးတယ်။

“ကိုရဲ… ဆိုရင်ရော”

“ဟိုက်…အဲ…”

သေချာပါတယ်။ ဒီကောင်မလေး ရူးကို မရူးဘူး။

❀ ❄ ❁

## အိပ်မက် သုံး

ကူဗလိုင်ခန်က လက်ခုပ်တီးပြီး ကျွန်တော့်ကို
ခုန်ချလိုက်ဖို့ အမိန့်ပေးတယ်။
ကျွန်တော် ခုန်ချလိုက်တယ်။
ကူဗလိုင်ခန် ပါးစပ်ကြီး အဟောင်းသားဖြစ်သွားတယ်။
မာကိုပိုလိုက အရမ်းသဘောကျသွားတယ်။
မွန်ဂိုစစ်သားတွေက လက်ခုပ် ဝိုင်းတီးကြတယ်။
မွန်ဂိုကောင်မလေးတွေက ပန်းကုံးလာစွပ်ကြတယ်။
ကျွန်တော် ခုန်ချလိုက်တာက လေထီးနဲ့ကိုး။

မင်းဘာလဲဆိုတာ ငါတို့မသိဘူး။

မင်းနဲ့တူတဲ့အရာကိုလည်း ငါတို့မသိဘူး။

မင်းဆီက ဂီတတွေ ရွှာချသလိုမျိုးတော့

တိမ်သက်တန့်တွေဆီကတောင်

မိုးပေါက်လင်းလင်းတွေ ဆင်းမလာဘူး၊ မမြင်ဘူး။

ကိုယ်တိုင်တောင် မျှော်လင့်မထားတဲ့ ‘မျှော်လင့်ခြင်း’နဲ့

‘အကြောက်အရွံ့’တွေ လောကမှာ ဖြစ်ထွန်းလာတဲ့အထိ

အလိုလိုရလာတဲ့ သီချင်းတွေကို အော်ဆိုရင်း

တွေးလက်စအလင်းတိုက်နောက်မှာ ‘ကွယ်’နေတဲ့

ကဗျာသမားလိုမျိုး …။

ချစ်ခြင်းတရားလိုချိုတဲ့ 'ဂီတ'နဲ့ပဲ

ဘယ်သူမှမသိအောင်

ကိုယ့်စိတ်ကို တစ်ခန်းလုံးဖြည့်ဖြည့်နေရတဲ့

နန်းတော်ရင်ခွင်က မိန်းမတစ်ယောက်လိုမျိုး။

ကိုယ့်ကို ကာဆီးထားတဲ့ ပန်းမြက်တွေအကြားမှာမှ

ကိုယ့်ရဲ့ မမြင်ရတဲ့ အရောင်အသွေးကို ဖြန့်လွှတ်နေသူ

နှင်းတဝေဝေ 'ချောင်ကုပ်'ကလေးထဲက ပိုးစုန်းကြူးလိုမျိုး။

ကိုယ်ပိုင်အစိမ်းရွက်တွေကြားမှာ အိမ်ဖွဲ့နေရင်းက

လေပူတွေရဲ့ဖျက်ဆီးမှုကို ခံလိုက်ရတဲ့၊ နောက်တော့လည်း ...

အဲဒီအတောင်ပံတပ်ထားတဲ့သူခိုးတွေကို

သူ့ရန်နဲ့ပဲ မူးမိုက်သွားစေတဲ့ နှင်းဆီတစ်ပွင့်လိုမျိုး။

လင်းလိုက်မှောင်လိုက်မြက်ခင်းပေါ်က

မိုးစက်ပွင့်တို့ရဲ့... အသံ

အဲဒီအသံကြောင့် အိပ်ရာက နိုးလာတဲ့ပန်းပွင့်များ၊

ပျော်ရွှင်၊ ကြည်လင်၊ လန်းဆန်းခဲ့ရ

ရှိရှိသမျှအရာအားလုံးကို ဂီတနဲ့ မင်း ကျော်လွှန်ခဲ့ပြီ။

ငါတို့ကို သင်ကြားလှည့်ပါဦး... ဝိညာဉ်ကလေး
သို့မဟုတ် ... ငှက်ကလေးရေ
ဘယ်လိုလှပတဲ့ စိတ်ကူးတွေများလဲ ...
အဲဒီလို နတ်ဒေဝတာ မြောက်တဲ့ဝိုင်အရက်
သို့မဟုတ် ... မေတ္တာကျူးဆစ်သံကို
ငါ ဘယ်တုန်းကမှ မကြားခဲ့ဖူးဘူး။

# ၁၆၅ တာရာမင်းဝေ

အောင်ပွဲတေး၊ လက်ထပ်ပွဲတော်က တေးတွေဟာလည်း

..................................

.................................. ။

၁၅

ကျွန်တော့်ဘဝမှာ တစ်ခါမှမကြုံဖူးတာကို ကြုံရတာပါပဲ။ ကိုယ်ကလည်း သူမခံချင်အောင် သွားလုပ်မိတာကိုး။

ဘေးမှာ ကသစ်လည်းရှိတယ်။ ချိုထွန်းလည်းရှိတယ်။ သူကတော့ ရှေ့တည့်တည့်မှာပေါ့။

လူ့ရဲ့ခန္ဓာကိုယ်တွင်း လှုပ်ရှားမှုတွေမှာ ဂီတစည်းချက်တွေပါတယ်လို့ သူရှင်းပြနေတဲ့အချိန်ပေါ့။ ကွန်ပျူတာတွေ့ရှိချက်တွေကို သူပြောပြနေတုန်းမှာပဲ ကျွန်တော်ကလည်း ကျွန်တော့်တွေ့ရှိချက်ကို ပြောပြလိုက်တယ်။

"ဘုရားသခင်ကဗျာ... လူကို မြေမှုန်ကနေဖန်တီးတာမဟုတ်ဘဲ ကြွပ်ကြွပ်အိတ်ကသာ ဖန်တီးခဲ့ရင် ပြဿနာပဲ။ လူတွေက တဂျွမ်းဂျွမ်းနဲ့ကို

မြည်နေမှာပဲ။ ဘတ်(စ)ကားတိုးစီးရင် ဆူနေမှာပဲ။ အခု... ဉယျာဉ်ပြောနေတဲ့ ကိုယ်ထဲက ဂီတသံဆိုတာကြီးကလဲ ချွတ်ချွတ် ချွတ်ချွတ်နဲ့ ထွက်နေမှာပဲ..."

သူ့ရှီးလက်စအရှိန် ပျက်သွားတယ်။ ကျွန်တော့်ကို မကျေနပ်ရင် ကြည့်နေကျအတိုင်း၊ 'ဘု'လို့ နာမည်ရတဲ့အကြည့်နဲ့ ကြည့်တယ်။ ကျွန်တော်ကတော့ ဂရုမစိုက်သလိုနေလိုက်တာပါပဲ။ အခြေအနေကို အကဲခတ်တတ်တဲ့ ချိုထွန်းက တအုအုရယ်ရင်း ကျွန်တော့်ဘက်က ဝင်ပါတယ်။

"အဲဒါဆိုရင် လူတွေက အမျိုးအစားနည်းနည်းလေးဖြစ်နေမှာပေါ့ကွ။ အာဂျီနိုမိုတိုဆိုတဲ့လူရယ်၊ ဇင်ဇင်းစီးကရက်ဆိုတဲ့လူရယ်၊ ပန်းပွင့်လေးတွေရိုက်ထားတဲ့လူရယ်၊ အဲဒါမျိုးပဲဖြစ်နေမှာပေါ့။ ဟရူး... ဟရူး...ဟရူး"

"ဒါပေါ့ကွ... ညအိပ်ရင်လဲ ခုတင်မလိုဘူး၊ နံရံကပ်သံငုတ်မှာ ကိုယ့်ကိုကိုယ်ချိတ်ပြီး တွဲလောင်းအိပ်လိုက်ကြရုံပဲ"

"တစ်ခုတော့ရှိတယ်ကွ... တစ်ယောက်ကိုတစ်ယောက် အချွန်နဲ့ မ,စတာတွေ ပိုများလာနိုင်တယ်၊ သေရောပဲ ဟရူး... ဟရူး... ဟရူး"

ကသစ်ကတော့ ပြုံးရုံပဲပြုံးနေတယ်။ ဉယျာဉ်ကတော့ စိတ်ဆိုးပြီးရင်း ဆိုးတော့တာပေါ့။ သူ့စကားလည်း ဘယ်ရောက်သွားသလဲ မသိဘူး။ သူဘာမှကို ဆက်မပြောတော့ဘူး။

ကျွန်တော်ကလည်း ကျွန်တော်ပဲ။ လူ့ကိုယ်ထဲက ဂီတသံကို စိတ်မဝင်စားရင်တောင် သူ့နှုတ်ခမ်းဖျားက ဂီတသံကို စိတ်ဝင်စားပေးဖို့ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်က တစ်ခါတစ်ခါ အဲဒီလိုပဲ။

အစီအစဉ်ရှိရှိနဲ့ကို အလိုက်မသိတတ်တဲ့ကောင်ပေါ့။

"ကသစ်... ကသစ်"

"ရှင့်"

"ဥယျာဉ်က သိပ္ပံပညာအကြောင်းတွေလျှောက်ပြောမှ သတိရတယ်၊ ကမ္ဘာ့အကြီးဆုံးသူခိုးကြီးကို သိလား"

"အယ်..."

ကသစ် ကြောင်သွားတယ်။ ချိုထွန်းက စိတ်ဝင်စားသွားတယ်။ ဥယျာဉ်ကတော့ စိတ်မဝင်စားသလို လုပ်နေတယ်။ (စိတ်ဝင်စားမိပြီးမှ စိတ်မဝင်စားသယောင် ဟန်ဆောင်ဖို့ ကြိုးစားတယ်။)

ကသစ်ကတော့ ဟန်မဆောင်ပါဘူး။ ပွင့်ပွင့်လင်းလင်းပြန်ပြောတယ်။

"မသိဘူးကိုရဲ့... ဘယ်သူလဲ... ဘာဖြစ်လို့လဲ"

အမှန်တော့ အဲဒီနေရာမှာ ချိုထွန်းလို မန်ဒါလီဂီတနဲ့ ရယ်ပြပြီးမှ ကျွန်တော်ဖြေသင့်တာပါ။ ဒါပေမယ့် မလုပ်တတ်လို့ ရိုးရိုးပဲပြန်ပြောလိုက်တယ်။

"ကုပ်၊ အက်ဒွပ် ဒရင်းကာကုပ်'တဲ့ ကသစ်ရဲ့၊ ရုပ်ကြွင်းသိပ္ပံပညာရှင်တစ်ယောက်ပေါ့၊ ဝေလငါးရုပ်ကြွင်းကြီးတစ်ခုကို သူများဆီက ခိုးပြေးဖူးတယ်"

"အယ်"

"ဟရူး... ဟရူး... ဟရူး"

ကသစ်နဲ့ချိုထွန်း သဘောကျသွားသလို ဥယျာဉ်ကလည်း လှုပ်လှုပ်

ရှားရှားဖြစ်သွားတယ်။ ဒါပေမယ့် ကျွန်တော့်စကားကြောင့် မဟုတ်ဘဲ... ကြမ်းပိုးကိုက်တာလိုလို၊ ထိုင်ခုံမညီလို့လိုလို... လုပ်နေတယ်။

"နောက်... ကမ္ဘာ့အကြီးဆုံးလူလိမ်ကြီးလဲ ရှိသေးတယ်။ ဒေါက်တာ အဲလ်ဘတ်ကော့(ချ)တဲ့"

"ဟယ်တော့... သူကရော ဘာဖြစ်လို့လဲ"

"သူလဲ ရုပ်ကြွင်းသိပ္ပံပညာရှင်ပဲလေ...၊ ကမ္ဘာဦးရေနဂါးကြီး တစ်ကောင်ရဲ့ ရုပ်ကြွင်းကို လူထုကိုပြဖူးတယ်။ ဒါပေမယ့်... တကယ့် တကယ်ကျတော့ အဲဒီရုပ်ကြွင်းကြီးက ရေနဂါးရုပ်ကြွင်းအစစ်မဟုတ်ဘူး။ တခြား ရေတိစ္ဆာန်အကောင် ငါးကောင်ရဲ့ အရိုးရုပ်ကြွင်းတွေကို ဆက်ထား တာ။ တိရစ္ဆာန်ဗေဒပညာရှင်တွေက ဖော်ထုတ်လိုက်လို့၊ သူအလိမ်ပေါ်သွား တယ်။ ဒါပေမယ့်... အဲဒီရုပ်ကြွင်းငါးခုကိုဆက်ပြီး ရေနဂါးတစ်ကောင် လုပ်ပြနိုင်တဲ့အတွက် အဲဒါကြီးဟာ အတော်နာမည်ကြီးခဲ့တယ်။ ဂျာမဏီ တော်ဝင်ပြတိုက်က ငွေတွေနင့်နေအောင်ပေးပြီး သူ့ဆီကဝယ်လိုက်ရတယ်။ သူဟာ ကမ္ဘာ့အကြီးဆုံး လူလိမ်ကြီးပဲ"

ချိုထွန်းကဝင်ပြောတယ်။

"အကြီးဆုံးလူလိမ်လို့ မပြောပါနဲ့ကွ။ တော်ဝင်ပြတိုက်က အသိ အမှတ်ပြုတဲ့ တော်ဝင်လူလိမ်လို့ သုံးစမ်းပါ။ အဲဒါပိုကောင်းတယ်"

ကသစ်ကလည်း ပြောတယ်။

"ဂန္ထဝင်လူလိမ်ပေါ့နော်... ခစ်... ခစ်"

ဥယျာဉ်ကတော့ အနေရအထိုင်ရခက်တယ်။ ကြမ်းပိုးကိုက်တာ

အတော်နာသွားသလို ခုံမှာထိုင်ရတာ၊ တစ်ခုခုစူးသလို၊ မအီမသာဖြစ်နေတယ်။ ငဲ့စောင်းကြည့်ပုံကလည်း အတော်သည်းခံနေရသလိုမျိုးပေါ့။

"ဂန္ဓဝင်လူသတ်သမားရော မကြားချင်ဘူးလား"

"ပြောစမ်းပါကွ၊ ငါမဟုတ်တာတော့ သေချာပါတယ်"

ချိုထွန်း စိတ်ချမ်းသာအောင် ပြောပြလိုက်တယ်။ မစ္စတာအိုပင်ဟိုင်မား လို့။

"နာမည်အပြည့်အစုံက ဒေါက်တာရောဘတ်အိုပင်ဟိုင်မား၊ အမေရိကန်သိပ္ပံပညာရှင်ပဲ"

"သူကဘာဖြစ်လို့လဲ… သူက လူသတ်လို့လား"

"သတ်တာပေါ့၊ တစ်ကမ္ဘာလုံးချောက်ချားသွားအောင် သတ်ပြခဲ့တာပေါ့၊ သူက… အနုမြူဗုံးထုတ်လုပ်တဲ့ အဖွဲ့ခေါင်းဆောင်လေ"

"သြော်…"

"ဂလိုကိုး"

ကသစ်က ကျွန်တော့်ကို ပြုံးစိစိနဲ့ကြည့်တယ်။ ဒါတွေကို ကျွန်တော် သိနေလို့၊ ခုလိုလည်း လျှောက်ပြောနေလို့ သူရယ်ချင်နေပုံရပါတယ်။ ဥယျာဉ်ကတော့ အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲပေါ့။ ကြမ်းပိုးရှာရမလို၊ ခုံအသစ်လဲရမလိုဖြစ်နေတယ်။

"ဂန္ဓဝင်အရှုံးကလဲ ရှိသေးတယ်။ ဟင်နရီကေဘင်ဒစ်တဲ့၊ အင်္ဂလိပ်ဓာတုဗေဒပညာရှင်၊ အာဂွန်တို့ ဟီလီယမ်တို့၊ နီယွန်တို့… အဲဒီဓာတ်ငွေ့တွေကို တွေ့ဖို့အတွက် အစောဆုံးအယူအဆတွေကို အစောဆုံးဖော်ထုတ်ပေး

ခဲ့တဲ့လူပဲ... အဟဲ... တစ်ခုတော့ရှိတယ်။ အားလုံးကိုစိတ်ညစ်သွားစေတာ တစ်ချက်ရှိတယ်။ သူက ကောင်းကောင်းစိတ်မနှံ့ဘူး၊ အရူးထဲမှာတော့ ဂန္ထဝင်မြောက်တဲ့အရူးပါပဲ..."

ကသစ်ရယ်၊ ချိုထွန်းရယ် အတော်ကြာအောင် ရယ်ကြတယ်။ ဥယျာဉ်က ကျွန်တော့်ကို မျက်လုံးပြူးနဲ့ကြည့်ပြီ။ ဟိုနှစ်ယောက်ကလည်း အဲဒါကို သတိထားမိတယ်။ သူ့ကိုကြည့်လိုက် ကျွန်တော့်ကိုကြည့်လိုက်နဲ့ ပိုရယ်ကြတာပေါ့။

ကျွန်တော်ကလည်း စကားကိုဆုံးရမယ့်နေရာမှာ မဆုံးလိုက်မိဘူး။

"ဂန္ထဝင်ငပေါမလေးတစ်ယောက်လဲ လာဦးမယ်၊ သိပ္ပံပညာကိုလဲ လေ့လာတယ်၊ ဂျစ်ကန်ကန်လဲလုပ်တယ်။ အဲဒီလို... ကမ္ဘာ့အကြီးဆုံး ငပေါမလေးပေါ့။ လာလိမ့်ဦးမယ်"

ကြမ်းပိုးလည်းကိုက်၊ သံလည်းစူးတဲ့ ဒီခုံမှာ လုံးဝမထိုင်တော့ဘူး ဆိုတဲ့ပုံနဲ့ သူ ထရပ်တယ်။ ကျွန်တော့်ကို ခပ်မာမာမေးတယ်။

"အဲဒီငပေါမလေးနာမည်က ဘယ်သူတဲ့လဲ"

"အင်း... အဲ... အဲဒါက မှတ်တမ်းထဲပြန်ကြည့်ရဦးမယ်"

"ဘုံး..."

"အင့်"

ကျွန်တော့်ရင်ဘတ်ကို သူထိုးထည့်လိုက်တာပါ။

"ဟ... ဘာဖြစ်လို့ထိုးရတာလဲ"

"အဲဒါက... မှတ်တမ်းထဲပြန်ကြည့်ရဦးမယ်"

http://www.cherrythitsar.org



အဲလိုပြောပြီး သူခြေဆောင့်ထွက်သွားပါတော့တယ်။ ကျွန်တော်တို့ သုံးယောက်လုံး ရယ်ရင်းမောရင်း သူ့နောက်ကိုမီအောင် လိုက်ရတာပေါ့။ သူ ကျွန်တော့်ကိုထိုးသွားတာက ညာဘက်ရင်အုံကိုပါ။ ဒါပေမယ့် ဘာဖြစ်လို့လဲ မသိဘူး။

ကျွန်တော်က ဘယ်ဘက်ရင်အုံကို လက်နဲ့အုပ်ထားမိတယ်။ အင်း… အဲဒီလိုနဲ့ စမိတာပါ။ ကောင်မလေးရယ်…။

❀ ❄ ❁

http://www.cherrythitsar.org



## "ဉာဏ်စမ်းပုစ္ဆာ"

သူ့အကြောင်းတွေ ကျွန်တော် တွေးတယ်။ သူ့ကိစ္စကို ကျွန်တော် စဉ်းစားတယ်။ အချိန်တိုင်း ခေါင်းထဲမှာ ရှိနေအောင်လည်း ကိုယ့်ကိုယ်ကို သတိပေးထားတယ်။ ဘယ်လောက်အထိလဲဆိုရင်... အိမ်သာသုံးစက္ကူမှာတောင် သူ့နာမည်ကိုရေးထားတယ်။ အိမ်သာထဲမှာထိုင်၊ စက္ကူပေါ်က သူ့နာမည်လေးကိုဖတ်၊ စိတ်ပိုင်းကျကျ သူ့ပြဿနာကို ဆင်ခြင်တယ်။ ပြီးတော့... ရုပ်ပိုင်းကျကျ အဲဒီစက္ကူကို အိမ်သာသုံးခဲ့ပြီးတော့ ပြန်ထွက်လာတယ်။ သူ 'ပေ'သွားလားတော့ မသိဘူး။ ဒါပေမယ့် စေတနာကိုသိရင် သူ ခွင့်လွှတ်မှာပါ။

၁၆

"အဘိုး တရားကျင့်တာက ဘယ်လိုကျင့်တာလဲ၊ ကျွန်တော့်ကို နည်းနည်းပြောပါလား"

"ဘာမှ မခက်ပါဘူး။ ရုပ်ကြီးက ထိုင်တယ်၊ ထတယ်၊ အိပ်တယ်၊ လမ်းလျှောက်တယ်။ စိတ်ကတော့ ထိုင်လဲမထိုင်ဘူး၊ ထလဲမထဘူး၊ အိပ်လဲ မအိပ်ဘူး၊ လမ်းလဲမလျှောက်ဘူး"

"ဒါဖြင့် ဘာလုပ်နေလဲ"

"ဘာမှလဲ မလုပ်ဘူး"

ကျွန်တော်... စကားဆက်ရ ခက်သွားတယ်။ နောက်မှ...

"ဝိညာဉ်လောကကိုရော အဘိုးဘယ်လိုမျိုးမြင်သလဲ။ သရဲတွေ

http://www.cherrythitsar.org



ဘာတွေနဲ့ရော တွေ့ဖူးလား အဘိုး”

အဘိုးအိုက ဘာမှပြန်မပြောဘူး။ ကျွန်တော်ကပဲ ဆက်ပြောရတယ်။

“လူတွေကတော့ သရဲကို တော်တော်ကြောက်ကြတယ်”

“မရှိဘူး။ ဘာမှမရှိဘူး။ အကြောက်ခံရတဲ့သရဲဆိုတာလဲ မရှိဘူး။ ကြောက်ရတဲ့လူဆိုတာလဲ မရှိဘူး။ ဘာမှမရှိဘူး”

ပြီးပြီ...။

ကျွန်တော် ကုပ်ကုပ်ကလေးပြန်လာရတယ်...။ ဟိုးအဝေးဆီက နဲ့မှုတ်သံကြီး ကြားနေရသလိုပဲ။

❀ ❄ ❁

## ၁၇

သိပ်ဝမ်းနည်းစရာကောင်းတယ်။ ချစ်စရာကောင်းလှတဲ့ ကောင်မလေးမှာ သောကတွေနဲ့ လဲ့ပြာနေပြီ။

ပြောချင်တဲ့စကားတွေ အများကြီးရှိပေမယ့် ပြောမဖြစ်သေးတဲ့ အခြေအနေတွေကြောင့် ကျွန်တော်နှုတ်ဆွံ့နေရတာပါပဲ။ အခု သူ့မျက်နှာလေးကို အနီးကပ်ကြည့်ငေးရင်း ကျွန်တော့်ရင်ထဲမှာ နင့်နေတယ်။

သြော်… ကောင်မလေးရယ်…။

"မျက်လှည့်ပြပါ… ဆို…"

မျက်နှာလေးနွမ်းနွမ်းနဲ့…၊ သံရှည်ဆွဲပြီး ချွဲနွဲ့သလို သူဆိုပါတယ်။ ကျွန်တော်ငြိမ်နေမိတယ်။

# (၁၇၇) တာရာမင်းဝေ

ကျွန်တော်တစ်ယောက်တည်းရှိတုန်း သူရောက်လာတာပါ။ သူဟာ တစ်စုံတစ်ရာကို သိပ်ကြောက်လာတယ်။ ကျွန်တော့်ကိုတွေ့မှ တည်ငြိမ်မှု အထိုက်အလျောက်ကို ရသွားတာပါ။

သူ ဘာကိုကြောက်လာတာလဲလို့ ကျွန်တော်မမေးပါဘူး။ သူကလည်း မပြောပါဘူး။ ကျွန်တော့်ကို တင်းတင်းဆုပ်ထားတယ်။ (သူ့ လက်ဖျားတွေ အေးစက်နေတယ်)

သူ... စိတ်အပြောင်းအလဲဖြစ်ချင်တယ်။ သူပျော်အောင် လုပ်ပေးပါ။ သူ့ကိုမျက်လှည့်ပြပါ... တဲ့။

သူ... မမြင်အောင် ကျွန်တော်သက်ပြင်းချရတယ်။ (ကြားသွားရင်တော့ မတတ်နိုင်ဘူး။)

ကျွန်တော် သူ့ကိုချစ်တယ်။ သူ သိရဲ့လား။ အခု သူ့ကို ကျွန်တော် ပျော်အောင်လုပ်ပေးရတယ်။ အဲ့ဒီအတွက်တော့ ကျွန်တော် ပျော်တယ်။

ကလေးရယ်...။

"က တတ်လား"

"ဟမ်"

မထင်မှတ်ထားတဲ့ မေးခွန်းမို့ထင်ရဲ့၊ သူကြောင်အမ်းအမ်းကလေး ဖြစ်သွားတယ်။

"က တတ်လားလို့"

သူ... မရဲတရဲလေး ခေါင်းညိတ်ပြတယ်။

"ဟိုလေ... ဘရိတ်ဒန့်စ် ကတတ်တယ်"

ကျွန်တော်ပြုံးမိတယ်။ သူ့ ခေါင်းကိုတစ်ချက်ပုတ်လိုက်ရင်း...

"ဒါဖြင့်... က"

"ဟမ်"

"ကလို့၊ စိတ်ညစ်ရင် ကရတယ်"

"ဟာ... ကိုရဲကလဲ..."

သူ... ရုက်သွားပါတယ်။ ရှက်ပြုံးနဲ့နှုတ်ခမ်းစူသွားပုံက လှလွန်းချည်ရဲ့။ ကျွန်တော့်ရင်ဘတ်ထဲမှာ နှင်းဆီတစ်ပွင့် တွယ်ကပ်မွေးမြလာခဲ့ပြီ။

ကျွန်တော်က...

"အကောင်းပြောနေတာ...၊ ခဏနေဦး..."

ကျွန်တော်က သူ့ဆံပင်မည်းခက်ခက်တွေကို အရည်တစ်မျိုးနဲ့ လူးပေးပါတယ်။

ပထမတော့ ရုန်းမလိုလုပ်တယ်။ နောက်တော့ငြိမ်နေတယ်။ ဘာမှလည်း မမေးဘဲ ကျွန်တော့်ကိုပဲ မျက်လုံးဝိုင်းကလေးနဲ့ မော့ကြည့်ရင်း...

သူ့ကိုယ်သူ နတ်သမီးရုပ်တုတစ်ခုအဖြစ် ငြိမ်ငြိမ်သက်သက်ဘဝပြောင်းထားတယ်။

သူ့ဆံနွယ်မျှင်လေးတွေကို ကိုင်တွယ်ပွတ်သပ်ရင်း ကျွန်တော့်ရင်ထဲမှာ ငြိမ်းချမ်းအေးစိမ့်နေတယ်။

ချစ်တယ် ကောင်မလေးရယ်...။ ချစ်တယ်။

သူ့ဆံပင်တွေကို ပြန်လွှတ်ပေးလိုက်တော့မှ...

"အဲ့ဒါဘာတွေလဲ"

ကျွန်တော်ပြုံးနေလိုက်တယ်။

ဘာမှပြန်မပြောဘူး။ သူက မကျေနပ်လှဘူးပေါ့။ အတွန့်မတက်ပေမယ့် မျက်စောင်းကလေးထိုးတယ်။

ကျွန်တော်မတ်တတ်ရပ်နေပါတယ်။ ဒါပေမယ့် ဘိုင်းခနဲလဲကျသွားသလိုပါပဲ။ ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော် ရယ်လိုက်မိတယ်။

"ခဏလေးကွာ..."

သူ့ခေါင်းထက်မှာ မီးကွင်းတစ်ခုစွပ်ပေးလိုက်တော့ သူက... 'ဒါကရော... ဘာလဲ၊ ဘာလုပ်မလို့လဲ'လို့ ထပ်မေးတယ်။

"ဒါနဲ့များ မျက်လှည့်ပြပါ... ဆို..."

ကျွန်တော် အဲ့ဒီလိုပြန်ပြောလိုက်တော့ သူငြိမ်သွားတယ်။ ကျွန်တော်က အမှတ်မထင်ဆိုသလိုပဲ မီးခလုတ်ကို ပိတ်ချလိုက်တယ်။

"ဖျောက်..."

"ဟာ..."

တစ်ခန်းလုံးမည်းမှောင်သွားတယ်။

"ဟာ...၊ အင်း...၊ ဘာလုပ်တာလဲ မီးပြန်ဖွင့်"

သူ... အဲ့ဒီလိုအော်နေတဲ့အချိန်မှာပဲ သူ့ခေါင်းထက်က မီးကွင်းက လင်းခနဲမီးထတောက်တယ်။

"အို..."

သူ... လန့်သွားတယ်။ သူ့ခေါင်းထက်မှာ မီးကွင်းက ဟုန်းဟုန်းတောက်နေပြီ။

ဒါပေမယ့် သူ့ဆံပင်တွေကို မီးမလောင်ဘူး။ သူ့ခေါင်းကလည်း မပူလှဘူး။ သူအကြီးအကျယ် အံ့ဩနေတယ်။ သူ့ဦးခေါင်းက မီးအလင်းနဲ့ပဲ တစ်ခန်းလုံးလင်းနေတယ်။ ကျွန်တော်က…

"သွား… မှန်ထဲမှာသွားကြည့်စမ်း"

"ဩော်… အင်း…"

သူ… ပြေးသွားတယ်။ မှန်ထဲမှာ… သူ့ရဲ့လှပတဲ့ အလင်းပုံရိပ်ကို ပြန်မြင်တော့ ပျော်သွားတယ်။

"ဟာ…"

ကျွန်တော့်ကို အပြုံးနဲ့တောက်ဝင်းပြရင်း လှည့်ကြည့်တယ်။ ကျွန်တော်က…

"က… လေ…"

"ဟင်…"

"က… လို့၊ ကပစ်လိုက်၊ အားလုံးကိုမေ့ပြီး ကပစ်လိုက်…"

သူ… ရှက်သွားသေးတယ်။

ဒါပေမယ့် သူပျော်နေပြီ။ သူ့မျက်လုံးအစုံကို မှိတ်ပစ်လိုက်တယ်။ ကက်ဆက်က ဂီတတေးသွားထွက်လာတဲ့အချိန်မှာတော့ သူ… စည်းချက်နဲ့ အညီ ကပါတော့တယ်။

ကျွန်တော်

ငေးကြည့်နေမိတယ်။

လှလိုက်တဲ့ အလင်းကချေသည်၊ လှလိုက်တဲ့ကောင်မလေးရယ်၊

ကျွန်တော်… ငေးကြည့်နေမိတယ်။ အဲဒီလိုနဲ့ပဲ…

ငါသည် သူ့ကိုချစ်၏။ ငါ့အချစ်ဖြင့် သူ့ကိုဝန်းဖွဲ့တည်ကြည်မည်။ ဤစကားမှန်လျှင် သူ ငြိမ်းချမ်းစေသား။

သူ… ငြိမ်းချမ်းစေသား…။

သူ… ငြိမ်းချမ်းစေသား…။

အိုဘယ့်… အလင်းကချေသည်…။

❀ ❄ ❁

၁၈

"ဟုတ်တယ် ကိုရဲ... ကိုရဲပြောတာဟုတ်တယ်"

ဖုန်းလိုင်းထဲကလာတဲ့ ကသစ်ရဲ့အသံဟာ တုန်ခါနေတော့တယ်။

"ကသစ်ဝင်ရှာပြီးပြီ... တွေ့တယ်... ဥယျာဉ်ကို ဆက်သွယ်တဲ့ တမလွန်ကစာတွေဆိုတာကို တွေ့တယ်။ စာတွေအားလုံးမှာ နှင်းဆီပန်းခြောက်တစ်ပွင့်နဲ့ သမာကျမ်းစာတစ်ပိုဒ်စီပါတယ်။ စာတွေကလဲ ဝင်းလတ်က ဥယျာဉ်ကို တမလွန်ကနေ သတိတရလှမ်းရေးတဲ့စာတွေချည်းပဲ..."

ဖုန်းခွက်ကိုင်ထားတဲ့ ကျွန်တော့်လက်တွေ ပူနွေးရင်းနဲ့အေးစက်လာတယ်။ ကသစ်ပြောတာတွေ နားထောင်နေလိုက်တယ်။ ကသစ်က ဖုန်းချ

သွားပြီးတဲ့အချိန်မှာ စကားပြောခွက်ကို ဖူးခနဲ ဖြည်းဖြည်းလေး လေမှုတ်ထည့်လိုက်တယ်။

ပြီးတော့ ဖုန်းခွက်ကိုချလိုက်တယ်။ ကျွန်တော်ပြုံးနေမိတယ် ထင်တယ်။

..............................

..............................

..............................

ရပါတယ်။

❀ ❋ ❁

http://www.cherrythitsar.org



## စိတ်ကူး (၁)

ကျွန်တော် 'ဝင်းလတ်'ကို စိတ်ကူးနဲ့ သွားတွေ့ကြည့်ပါတယ်။ စိတ်ကူးဟာ စိတ်ကူးအလျောက် ကျယ်ပြန့်ရှည်လျားလှချည့်ရဲ့။ တွေ့တော့ တွေ့တယ်။ ဘာစကားမှတော့ မပြောဖြစ်ဘူး။

ဘုန်းကြီးကျောင်းထဲမှာပဲ သူ့ကို ကျွန်တော် တွေ့တာပါ။ ဘုန်းတော်ကြီးက ဒေါ်တွေဖောင်းပြီး သူ့ကို ဆူနေတယ်။ သူကတော့ သူ ဘာမှမလုပ်သလိုပါပဲ။ မျက်လုံးကလယ်ကလယ်နဲ့ ကုပ်ကုပ်ကလေး။

ဘုန်းကြီးက သူ့ကိုမေးတယ်။

"မင်း… အဲဒါ ငါ့ကို အကြီးအကျယ်သိက္ခာချတာပဲကွ …"

"ဟုတ်ကဲ့... ဟုတ်... ဟုတ်ကဲ့"

ဘုန်းကြီးက စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချပြီး ဘေးကို မျက်နှာလွှဲတယ်။ (အဲဒီဘုန်းကြီးက ဝင်းအေးနိုင်ဖြစ်နေတယ်)

ဘုန်းကြီးက အူကြောင်ကြောင်အနေအထားရှိတဲ့ ဝင်းလတ်ကို ဘာမှ ဆက်မပြောတော့ဘူး။ ဘေးနားက ဒကာကြီးကိုပဲ လှည့်ပြောတော့တယ်။ (အဲဒီဒကာကြီးက ချိုထွန်းဖြစ်နေတယ်)

"ဒကာကြီး စဉ်းစားကြည့်"

"တင်ပါ့ဘုရား"

"ဒီကောင်ဟာ မနက်တိုင်း သီလယူတယ်။ နေ့တိုင်း သီလကျိုးတယ်။ အဲ့ဒါနဲ့ ကျုပ်က ညနေစောင်းရင် သင်ပုန်းကြီးမှာ စာရေးရေးပြီး သူ့ကို သတိပေးထားလိုက်တယ်။ 'ဤယနေ့ ဝင်းလတ် သီလကျိုးသည်' ပေါ့"

"တင်ပါ့"

"အဲ့ဒါကို သူက ကျုပ်ကို ကျေနပ်ပုံမရဘူး။ ဘယ်တုန်းကတည်းက ညှိုးထားလဲမသိဘူး။ သူက သင်ပုန်းကြီးမှာ မနေ့က ကျုပ်ကို စာပြန်ရေးတယ်လေ"

ဒကာကြီးချိုထွန်း စိတ်ဝင်စားသွားတယ်။

"တင်ပါ့၊ ဘယ်လိုရေးလို့လဲဘုရား"

"ဤယနေ့ ဆရာတော် သီလမကျိုး... တဲ့ဗျာ"

"ဟင်"

http://www.cherrythitsar.org



ဒကာကြီးချိုထွန်း အတော်ရယ်ချင်သွားပုံပဲ။ မရယ်ရဲလို့ ရယ်ချင်တာကို ထိန်းချုပ်ပြီး မဆန့်မပြဲကြီးပြုံးသွားတယ်။

"ဒကာကြီး စဉ်းစားကြည့်ပါ"

"တင်ပါ့"

"ဤယနေ့ ဆရာတော် သီလမကျိုး... ဆိုတော့ ခါတိုင်းနေ့တွေကတော့ ကျုပ်က သီလကျိုးသလိုဖြစ်နေတာပေါ့"

"ဒါပေါ့ဘုရား"

ဘုန်းတော်ကြီးက ဆက်မပြောတော့ဘူး၊ စိတ်ပျက်လက်ပျက်ခေါင်းခါပြီး ထိုင်ရာက ထ,သွားတယ်။ ကျန်ရစ်ခဲ့တဲ့ ဒကာကြီးချိုထွန်းက ဝင်းလတ်ကို မျက်လုံးပြူးပြလိုက်တယ်။

ဝင်းလတ်က သူ မျက်လုံးပြူးပြတာကို 'မျက်လုံးဆိုတာ အဲဒီလိုပြူးလို့လည်းရပါလား'ဆိုတဲ့ အမူအရာမျိုးနဲ့ ပြန်ကြည့်တယ်။ ချိုထွန်းမအီမသာဖြစ်သွားလေရဲ့။

ဝင်းလတ်ကို မေးလိုက်တယ်။

"မင်းက စာတော့ ကောင်းကောင်းရေးတတ် ဖတ်တတ်တယ်ပေါ့"

"ဟုတ်ကဲ့"

ချိုထွန်းက စာရွက်တစ်ရွက်ပေါ်မှာ 'ငပေါ'ဆိုတဲ့ စာလုံးကိုရေးပြီး ဝင်းလတ်ကိုပေးလိုက်တယ်။ ဝင်းလတ်က စာရွက်ကို မျက်မှောင်ကြုတ်ပြီး သဲသဲမဲဖတ်တယ်။ တော်တော်နဲ့မပြီးဘူး။

အဲဒီအချိန်မှာပဲ နောက်ထပ် ဒကာကြီးတစ်ယောက် ထပ်ရောက်လာ

တယ်။ (အဲဒီဒကာကြီးကတော့ မင်းဇော်ဖြစ်နေတယ်) အဲဒီဒကာကြီးက ဝင်းလတ်ဖတ်နေတဲ့စာကို လှမ်းကြည့်ပြီး မြင်တယ်။

ချိုထွန်းနောက်နေမှန်းလဲ သိတယ်။ မင်းဇော် တစ်ခုခုဝင်ပြောမလို့ အလုပ်မှာ ချိုထွန်းက ဝင်းလတ်ကို

"မင်း စာဖတ်တတ်တယ်... ဆို"

"အင်း"

"အခုတက်ထိ ဖတ်လို့မပြီးသေးဘူးလား"

"ပြီးပါပြီ"

ချိုထွန်းက မချိုမချဉ်ပြုံးပြီး

"စာရွက်ထဲမှာ ဘာရေးထားလဲ"

ဝင်းလတ်က ချင့်ချင့်ချိန်ချိန်ဟန်နဲ့ ခေါင်းခါပြတယ်။

"ဘယ်လိုဖြစ်တာလဲမသိဘူး"

မင်းဇော်က ဝင်မေးတယ်။

"ဘယ်လိုဖြစ်နေလို့လဲ"

"စာက ပါမလာဘူး။ စာရွက်ပေါ်မှာ ရေးလိုက်တဲ့စာ ပါမလာဘူး။ ရေးတဲ့သူရဲ့နာမည်ပဲ ပါလာတယ်"

"ဘာကွ..."

ချိုထွန်း ဝုန်းကနဲ ထ,ရပ်လို့ မင်းဇော်က ဝင်းလတ်ကို လက်ဆွဲပြီး ကျောင်းအောက်ခေါ်သွားရတယ်။

ကျောင်းအောက်ရောက်တော့ မင်းဇော်က ဝင်းလတ်ကို ကရုဏာ

http://www.cherrythitsar.org



မျက်လုံးနဲ့ ကြည့်တယ်။ ထင်းပုံဘေးမှာ သူတို့ထိုင်စကားပြောကြတယ်။

"ဝင်းလတ် မင်း အသက်ဘယ်လောက်ရှိပြီ"

"နှစ်ဆယ်"

"အသက်နှစ်ဆယ်ဆိုတဲ့အရွယ်ဟာ လောကကြီးအကြောင်း၊ လူတွေအကြောင်း သိဖို့ကောင်းပြီ... နော်"

"ဟုတ်ကဲ့"

မင်းဇော်က ဝင်းလတ်ကို ရှင်းလင်းသွန်သင်ပြမလို့ ထင်ပါတယ်။ ဝင်းလတ်ရဲ့ ပုခုံးကိုဖက်ရင်း စကားဆက်လိုက်တယ်။

"အခု မင်းနဲ့ငါ လောကကြီးအကြောင်း၊ လူတွေအကြောင်း စကားနည်းနည်းပြောကြရအောင်"

"ဟုတ်ကဲ့"

"မင်း စိတ်ဝင်စားရဲ့လား"

"ဟုတ်ကဲ့... ပြောကြတာ ကောင်းတာပေါ့ဆရာရယ်... မေးလေ... ဆရာ ဘာသိချင်လဲ"

"ဟေ..."

မင်းဇော် ပါးစပ်အဟောင်းသားဖြစ်နေတုန်းမှာပဲ ကျွန်တော့်စိတ်ကူးက ပြီးဆုံးသွားပါတော့တယ်။

❀ ❄ ❁

# အ ပိုင်း ( ၄ )

ဖြောင့်သောလမ်းသို့ လိုက်သူသည်
ဘေးလွတ်လိမ့်မည်။

ကောက်သောလမ်းသို့ လိုက်သောသူမူကား
ချက်ချင်းလဲလိမ့်မည်။

**(သုတ္တံကျမ်း)**

http://www.cherrythitsar.org



## ၁၉

“ဘာလဲ ရဲခေါင်… ဘာဖြစ်တာလဲ”

ချိုထွန်းက အရေးတကြီးမေးတယ်။ ဒါပေမယ့် သူ့ကိုပြန်မဖြေအားဘူး။ ရှေ့ကသွားနေတဲ့ ပုဏ္ဏားရဲ့နောက်ကို မီအောင်လိုက်နေရတယ်။

ချိုထွန်းကလည်း ဘေးကနေအမြန်ယှဉ်လိုက်လာရင်း

‘ဘာဖြစ်လို့လဲ အဲဒီပုဏ္ဏားနောက် လိုက်တာလား၊ အဲဒီပုဏ္ဏားက ဘာလဲလို့’ တတွတ်တွတ်မေးနေတယ်။ ကျွန်တော်က ‘အသာနေ’ ဆိုတဲ့အမူအရာလုပ်ပြရင်း ဘာမှပြန်မဖြေဘဲ ပုဏ္ဏားနောက်ကို ရောက်အောင်လျှောက်ရတယ်။

ပုဏ္ဏားက ငယ်ငယ်ပဲရှိပါသေးတယ်။ အလွန်ဆုံးရှိမှ အသက် နှစ်ဆယ်ကျော်ပေါ့။ တခြားတခြားပုဏ္ဏားတွေလိုပဲ သူလည်း ထိးနဲ့လှည့်ပြီး ဖေဒင်ဟောတာပါ။

ကျွန်တော်က သူ့ကိုမီအောင်လိုက်လို့ ချိုထွန်းမှာ အံ့သြတကြီးဖြစ်နေတယ်။ ဖေဒင်မေးမလို့ မဟုတ်မှန်းတော့ သူသိပါတယ်။

အဲဒါကြောင့်လည်း သူ့အတွက် ထူးခြားနေတယ်။ ကျွန်တော့်ဘေးက ယှဉ်လိုက်လာရင်း သူ့မျက်နှာက တည်ကြည်နေတယ်။

ကျွန်တော်က ပုဏ္ဏားကိုလှမ်းခေါ်လိုက်တယ်။

"ဟိတ်... ဒီမှာ... ဒီမှာ..."

ပုဏ္ဏားက မကြားဘူး။ ဒါမှမဟုတ် ကြားရက်နဲ့ သူ့ကိုခေါ်မှန်း မသိဘူး။ ကျွန်တော်လည်း ဘယ်လိုခေါ်ရမလဲ မသိဘူးဖြစ်နေတယ်။ ဘဝမှာ ပုဏ္ဏားနဲ့တစ်ခါမှ မဆက်ဆံဖူးဘူး။

"ဆရာလေး... ဆရာလေး"

ဒါလည်း ပုဏ္ဏားကမကြားဘူး။

ဒါမှမဟုတ် ကြားရက်နဲ့သူ့ကို ခေါ်မှန်းမသိဘူး။ ချိုထွန်းက ဘေးကနေ ကျွန်တော့်ကို ကန့်ကွက်တယ်။

"မင်းဟာကလဲ... မယ်သီလရှင်ကိုခေါ်သလိုပဲ၊ ဒီလိုခေါ်လို့ ဘယ်ရမလဲ... ဟိတ်... ဒီမှာ... ဒီမှာလို့လဲ သွားမလုပ်နဲ့၊ သူက မင်းရည်းစားစကားပြောရမယ့် ကောင်မလေးမဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုခေါ်ရမလဲ"

"မသိဘူး"

အဲဒါနဲ့ ကျွန်တော်လည်း ရမ်းသမ်းလျှောက်ခေါ်လိုက်တယ်။

"ဗျို့… ဆရာ ရာမ… အဲ… ဟို… ဆရာသူရိယံပဏ္ဍိတ်… ဆရာ သောမ…"

ဘယ်နာမည်က မှန်သွားလဲ မသိဘူး။ ပုဏ္ဏားတော်လေး လှည့်ကြည့်တယ်။ ဘာများလဲဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ မေးငေါ့ပြတယ်။ ကျွန်တော်က သွားလေးဖြဲပြလိုက်တယ်။

"အဟဲ…"

ပုဏ္ဏားက ကျွန်တော့်ကို နားမလည်သလိုကြည့်တယ်။ ချိုထွန်းကလည်း ပုဏ္ဏားကြည့်သလိုမျိုးပဲ ကျွန်တော့်ကိုလိုက်ကြည့်တယ်။ ကျွန်တော်က တော်တော်နဲ့ ဘာမှမပြောတော့ ပုဏ္ဏားက ချိုထွန်းကိုကြည့်တယ်။ ချိုထွန်းကလည်း ပုဏ္ဏားကို သူကြည့်သလိုပြန်ကြည့်တယ်။ ပြီးတော့ သူတို့နှစ်ယောက်လုံး ပြိုင်တူ ကျွန်တော့်ကိုကြည့်တယ်။

"အဟဲ… ဟိုဒင်းပါ… ထီး… ထီး"

ပုဏ္ဏားလေး နဖူးကြောရှုံ့သွားတယ်။ သူ့လက်ထဲကထီးကို ငုံ့ကြည့်တယ်။ ပြီး… ဘာဖြစ်လို့လဲဆိုတဲ့ သဘောမျိုးနဲ့ မေးငေါ့ပြတယ်။

"အဲဒီထီးကို ကျွန်တော်ဝယ်ချင်လို့… ကျွန်တော့်ကို ပြန်ရောင်းပါလား"

ပုဏ္ဏားလေး အံ့သြသွားတယ်။ သူ့ထီးကိုသူ သေသေချာချာပြန်ကြည့်တယ်။ ထီးက အကြီးကြီး။ ဒါပေမယ့် သိပ်မကောင်းတော့ဘူး။ ဖြူရော်

စုတ်ပြတ်နေပြီ။ အနားတွေကလည်း ဖွာလန်ကျဲနေပြီ။ ဒါပေမယ့် ဆောင်းလို့တော့ ရပါသေးတယ်။ ဒီထီးကို ဝယ်မယ်ဆိုလို့ ပုဏ္ဏားလေးအံ့ဩနေတယ်။

ချိုထွန်းကတော့ မအံ့ဩဘူး။ သူကိုယ်တိုင်လည်း ကျွန်တော့်လို ဒီထီးကို သဘောကျနေပြီ။ 'ဂန္ဓဝင်ထီး'လို့တောင် ရေရွတ်လိုက်သေးတယ်။

"အဲဒီထီးကို ကျွန်တော်ဝယ်ချင်တယ်... ဘယ်လောက်ပေးရမလဲ ဘယ်လောက်ပေးရင် ရောင်းမလဲ"

ပုဏ္ဏားလေးက ခဏစဉ်းစားတယ်။ ပြီးတော့ ဘာဖြစ်လို့ဝယ်ချင်တာလဲဆိုတဲ့သဘောနဲ့ မေးငေါ့ပြတယ်။

"ကျွန်တော်သဘောကျလို့ပါ"

ကျွန်တော်က သူ့ထီးကို သဘောကျတယ်ဆိုလို့ သူကလည်း ကျွန်တော့်ကို သဘောကျသွားတယ်ထင်ပါတယ်။ ပုဏ္ဏားလေးပြုံးတယ်။ ခေါင်းတဆတ်ဆတ်ညိတ်တယ်။ ပြီးတော့ ဘယ်လောက်ပေးမှာလဲဆိုတဲ့သဘောနဲ့ ကျွန်တော့်ကိုမေးငေါ့ပြတယ်။

"ငါးရာ"

သူခေါင်းညိတ်တယ်။ ပိုက်ဆံက ဘယ်မှာလဲဆိုတဲ့သဘောနဲ့ သူ ကျွန်တော့်ကို မေးငေါ့ပြတယ်။ အဲဒါနဲ့ ကျွန်တော်က သူ့ကို ငါးရာတန်တစ်ရွက်ထုတ်ပေးလိုက်တယ်။

သူက ပိုက်ဆံလှမ်းယူတယ်၊ ထီးကို ကမ်းပေးတယ်။

"ကျေးဇူးပဲ၊ သွားမယ်"

နှုတ်ဆက်ပြီး သူထွက်သွားတယ်။ ကျွန်တော်က ထီးကြီးကို ဖွင့်ကြည့်၊ ပိတ်ကြည့်၊ လက်ထဲမှာ ပွတ်သပ်ကိုင်တွယ်ကြည့်နဲ့ သဘောအမျိုးမျိုးကျနေမိတယ်။

ချိုထွန်းက... ဘာကိစ္စဝယ်တာလဲဆိုတဲ့ သဘောမျိုးနဲ့ ကျွန်တော့်ကို မေးငေါ့ပြတယ်။ ကျွန်တော်က ထီးကြီးကို ချိုင်းကြားမှာ ညှပ်လိုက်တယ်။ ချိုထွန်းမေးတာကိုတော့ မဖြေဘူး။ သွားမှာသာ ဆက်သွားကြရအောင်ဆိုတဲ့ သဘောမျိုးနဲ့ လမ်းကိုမေးငေါ့ပြလိုက်တယ်။

အဲဒီလိုနဲ့ပဲ...

လမ်းကိုဆက်လျှောက်ခဲ့ကြတယ်။

"အရှေ့တိုင်းယဉ်ကျေးမှုတစ်ခုကွ... သတို့သားက သတို့သမီးကို အခုလိုမျိုး စုတ်ပြတ်ဖြူရော်နေတဲ့ ထီးကိုပြပြီး တောင်းယူရတယ်။ ဒီထီးနဲ့ နယ်တကာလှည့်ခဲ့ပြီး အတွေ့အကြုံမျိုးစုံ စုံခဲ့ပါပြီ၊ ရင့်ကျက်တဲ့လူတစ်ယောက် ဖြစ်နေပါပြီဆိုတဲ့ သဘောပဲ...။

ချိုထွန်းရယ်တယ်။

'မင်းကလည်း ကြံကြံဖန်ဖန် တကယ်သိတဲ့ကောင်'လို့လည်း ပြောတယ်။ ပြီးတော့မှ

"ဘာလဲ... မင်းက ဒီထီးနဲ့ ဘယ်ကောင်မလေးကို သွားတောင်းမလို့လဲ"

"အဟင်း"

"အံမယ်... ဒါက... ရှက်နေတာလား"

"အသာနေစမ်းပါကွာ"

"ဟော့ကောင်... ဘာပဲဖြစ်ဖြစ် ငါကတော့ အားပေးတယ်။ စာရေးဆရာကြီးတစ်ယောက်က ပြောဖူးတယ်။ မိန်းမဟူဘိ ထိုဣတ္ထိကား၊ မရှိမကောင်း၊ ရှိမှကောင်းလျက်၊ မပေါင်းလျှင်ခက်၊ ပေါင်းလျှင်မက်လို့ ရေးဖူးတယ်။ အဲဒီတော့ လုပ်သာ... ဆက်လုပ်... ဟရူး... ဟရူး... ဟရူး"

အဲဒီလိုပြောပြီး သူ့ဘာသာသူ ပီတိတွေဖြစ်နေသေးတယ်။ နောက်မှ သတိတရပြန်မေးပြန်ရော။

"နေပါဦး... မင်းက ဒီထီးနဲ့ ဘယ်ကောင်မလေးကို တောင်းမလို့လဲ"

ကျွန်တော် အဖြေရခက်နေတယ်။ နှာခေါင်းကိုလက်နဲ့ ပွတ်နေလိုက်တယ်။ သူကလည်း ကျွန်တော့်အဖြေကို သတိကြီးစွာနဲ့ စောင့်နေတယ်။ အဲဒါနဲ့ပဲ နောက်ဆုံးမှာ ပြောလိုက်ရပါလေရော...။

"ဒီလိုကွ..."

"အေး... ဆို"

"မခွေးမဆိုတဲ့ အမျိုးသမီးမှာ သားတစ်ယောက်ရှိလို့ သူ့ကို ငါတို့က ခွေးမသားလို့ဆဲရင် သူနာမလား မနာဘူးလား... စဉ်းစားကြည့်စမ်းပါဦး"

ဘာမှမဆိုင်ပါလားဆိုတာကို ဘာမှမဆိုင်မှန်းသိရက်နဲ့ ဒီကောင်ရှာလည်သွားတယ်။ ရှာလည်ခေါင်မှာလည်း တိုင်ကိုထပ်ပတ်တယ်။

"အေး... ဒီကိစ္စက အတော်စဉ်းစားရကြပ်တဲ့ကိစ္စပဲ... ငါ့အယူ

http://www.cherrythitsar.org



အဆကိုပြောရမယ်ဆိုရင်...”

သွားပြီ။ ကျွန်တော့်စားရိတ်နဲ့ ဒီကောင်သွားပြီ။ စိတ်ထဲက ကျွန်တော်ကျိတ်ရယ်နေမိတယ်။ နည်းနည်းမှ စပေးလို့မရဘူး။ သိပ်'အ'တဲ့ ကောင်။ ကျွန်တော့်သူငယ်ချင်း။ ချိုထွန်း။ ခွေးမသား။

❀ ❄ ❁

http://www.cherrythitsar.org



## (ဂဏန်းသင်္ချာ)

ကျွန်တော် သူ့ကို ချစ်မိနေပြီ။ ရိုးရိုးလား… ဆန်းဆန်းလားတော့ မတွေးတတ်ဘူး။ မောင်နှမချစ်ထက် 'တစ်'ပဲ ပိုတာပါ။ အောက်ပါအတိုင်းပေါ့။

၅၂၈ + ၀

# ၂၀

"ခွေးမသား... မောင်နီ... အဲလေ... ဘရောင်နီ"

အဲဒီလို ကျွန်တော်ရေရွတ်လိုက်ရော့ သူကရယ်တယ်။

"မောင်နီ ဟုတ်ချင်မှ ဟုတ်မှာပေါ့ ကိုရဲရဲ့၊ တခြားတစ်ကောင်ကောင် ဖြစ်ချင်လဲ ဖြစ်မှာပေါ့"

"ကိုယ်ကတော့ အဲဒီကောင်ပဲထင်တာပဲ"

သူဆက်ရယ်မြဲ ရယ်နေပါတယ်။

လမ်းပေါ်မှာ ညစ်ပတ်နေတာကို မကြိုက်လို့ပါ။ ကြည့်လို့လည်း

မကောင်းဘူးလေ။ ဘယ်ခွေးလဲမသိဘူး။ သူစားထားတဲ့ဟာတွေကို အတုံးလေးတွေလုပ်ပြီး လမ်းပေါ်မှာ (လမ်းလယ်ခေါင်ကြီးမှာ) စအိုကနေ ပြန်ချသွားတယ်။

အဲဒါကို ကျွန်တော်စိတ်တိုနေတာ။

"ကိုရဲ... မျက်လှည့်အတတ်ပညာနဲ့ အဲဒီအပုံကြီး ပျောက်သွားအောင်လုပ်လို့မရဘူးလား..."

မဲ့ပြုံးလေးနဲ့ ကျွန်တော်ခေါင်းညိတ်လိုက်ရတယ်။

"ရပါတယ်... တစ်မိနစ်အတွင်း ပျောက်သွားစေရမယ်"

"ဟင်... ဘယ်လိုလုပ်မှာလဲ"

သူ အရမ်းအံ့သြသွားတယ်။

"ခဏစောင့်..."

ကျွန်တော်လှည့်ထွက်မယ်ပြင်တော့ သူက...

"ဘယ်သွားပြီး ဘာလုပ်မလို့လဲ"

"ဂေါ်ပြားသွားယူမလို့"

သူ တသောသောရယ်ပြန်ပါတယ်။ ဒါပေမယ့် ဂေါ်ပြားကို ခုထက်ထိ ဘာမှ အသုံးမချရသေးပါဘူး။ ဂေါ်ပြားကို တစ်နေရာမှာထားခဲ့ပြီးတော့ သူခေါ်သွားရာကို ကျွန်တော်လျှောက်လိုက်နေရပါတယ်။

သူကလည်း ကောင်မလေးတစ်ယောက်နောက်ကို လိုက်နေတာပါ။

"အဲဒီကောင်မလေး နင်းသွားတာ...၊ ကျွန်တော့်ရှေ့မှာတင် နင်းသွားတာ... သူကတော့ သူ့ဘာသာမသိသေးဘူး"

http://www.cherrythitsar.org



ရှေ့က ကောင်မလေးကတော့ လှတပတလေးပါပဲ။ ကြော့ကြော့ မော့မော့အပြင်အဆင်တွေနဲ့ ကုံကော်တောကို ဝင်မယ်ထင်ရတယ်။ သူက တော့ ရေမွှေးဆွတ်ချင် ဆွတ်လာမှာပေါ့။ ခုတော့ လမ်းလယ်ခေါင်မှာ ခွေးချေးပုံကို တက်နင်းသွားပြီ။

"ချေးပုံများဗျာ... တက်နင်းရတယ်လို့"

ကျွန်တော် အဲလိုရေရွတ်တော့ ဥယျာဉ်က ရယ်ပြန်ပါရော...။

"သူလဲ... သူ့အတွေးနဲ့သူ... နင်းသွားတာ... သူ့ခမျာ သိတောင် မသိသေးဘူး"

"အေး... ဟုတ်ပြီ၊ အဲဒါကထားပါတော့။ ခု တို့က ဘာကိစ္စနဲ့ သူ့နောက်ကို လိုက်ကြည့်နေရတာလဲ"

"ဩော်... သူဘယ်လိုဖြစ်မလဲ သိချင်လို့ပါ"

"ဘာလုပ်ဖို့လဲ..."

"အာ... ကိုရဲကလဲ... အမေးအမြန်းထူလိုက်တာ မြန်မြန်လာမှာ လာစမ်းပါ၊ တော်ကြာလွတ်သွားဦးမယ်"

သူ့အလိုကျအတိုင်း အဲဒီကောင်မလေးရဲ့နောက်ကနေ အမီလိုက်နေရ ပါတော့တယ်။

ရှေ့က ကောင်မလေးကလည်း ဥယျာဉ်ပြောတဲ့အတိုင်းပဲ။ အတွေး တွေဝေပြီး တစ်လှမ်းချင်းလျှောက်နေတယ်။ ငါတွေးသည်၊ ထို့ကြောင့် ငါရှိသည်... ဘာညာ... ဖြစ်မှာပေါ့လေ...။ လူဆိုတာဘာလဲ၊ လူရဲ့ဖြစ် တည်မှုက ဘယ်လိုရှိသလဲ။ စကြာဝဠာကြီးရဲ့ လျှို့ဝှက်ချက်တွေက ဘယ်

http://www.cherrythitsar.org



လောက်များလဲ။ အခိပ္ပာယ်က ဘယ်လိုဖတ်ရပါ့မလဲ ဘာညာတွေဖြစ်မှာ ပေါ့။

အဲဒီအတွေးတွေအတွက် သူ့အဖြေရမရ မသိဘူး။ လောလောဆယ် တော့ သူခွေးချေးနင်းသွားတာကို သူမသိဘူး။

အဲသလို သူ့နောက်က လျှောက်လိုက်နေရင်း အတော်ကြာတော့... ထူးခြားမှုကို စတွေ့ရပါတယ်။

အဲဒီကောင်မလေးရဲ့ နှာခေါင်းဟာ ရှုံ့ပွရှုံ့ပွဖြစ်လာတယ်။ ဘေး ဘီဝန်းကျင်ကို မသင်္ကာသလိုကြည့်တယ်။ တစ်ခုခုကိုစဉ်းစားဟန်ပြုတယ်။ ဒါပေမယ့်... မျက်နှာကလေးပြန်မော့လာပြီး အိုင်တင်နဲ့ဆက်လျှောက်သွား တော့တာပဲ။ ကျွန်တော် ဥယျာဉ်ကိုလှည့်ကြည့်တော့ သူကပြုံးစိစိနဲ့။ ဆက် လိုက်ကြမယ်ဆိုတဲ့ အမူအရာကိုပဲလုပ်ပြတယ်။ ကျွန်တော်လည်း ဘာမှ ပြောမနေတော့ပါဘူး။ ဆက်လိုက်သွားလိုက်တယ်။

လမ်းချိုးလေးတစ်ခုကို အကွေ့မှာ ရှေ့ကကောင်မလေးဟာ အသိ ကျောင်းသူတစ်ယောက်နဲ့ တိုးတယ်။ ကျော်ရဲအောင်ရဲ့ ဗီဒီယိုကားအကြောင်း ပြောနေသံကို နားစွန်နားဖျားကြားလိုက်ရတယ်။ အဲဒီအချိန်မှာပဲ ကောင်မလေး က နှာခေါင်းရှုံ့ပွရှုံ့ပွဖြစ်ပြီး ဘေးဘီကိုကြည့်တယ်။ မြေကြီးကိုကြည့်တယ်။ ပြီး... ကောင်မလေးကို မသင်္ကာသလိုကြည့်တယ်။ ကောင်မလေး အနေရ ခက်သွားတယ်။ အဲဒီအသိနဲ့ ချက်ချင်းပြန်ခွဲပြီး ကိုယ့်လမ်းကိုယ် ဆက်လျှောက် တယ်။

ကျွန်တော်တို့လည်း နောက်ကလိုက်သွားရပြန်တာပေါ့။

တဖြည်းဖြည်းနဲ့တော့ ကောင်မလေးဟာ သူ့ဘာသာသိလာပုံရတယ်။ လမ်းမှာ ခဏရပ်တယ်။ ဆံပင်သပ်တင်သလို ဘာလိုလိုနဲ့၊ သူမသကာတဲ့ အနံ့ကို ရှူကြည့်နေတယ်။ ဒီတစ်ခါတော့ ဘေးဘီကိုလှည့်မကြည့်တော့ဘူး။ သူ့ဖိနပ်ကို သူငုံ့ကြည့်တယ်။

လား... လား။

သိပြီ၊ သူသိလိုက်ပြီ။ အဖြေကို သူရှာတွေ့သွားပြီ။ သူ အတော်စိတ်ညစ်သွားလေတော့တယ်။

ကောင်မလေးရဲ့မျက်နှာဟာ သိသိသာသာပြောင်းလဲသွားတယ်။ ခုနကလို တစ်စုံတစ်ရာကို စိတ်ကူးတွေးတောနေတဲ့ မျက်နှာအမူအရာမျိုး မဟုတ်တော့ဘဲ ပြဿနာတစ်ရပ်ကို လက်တွေ့ကျကျ ရင်ဆိုင်နေရတဲ့ မျက်နှာအမူအရာမျိုး ဖြစ်လာတယ်။

ငါတွေးသည်။ ထို့ကြောင့် ငါရှိသည်ဆိုတာတွေ မလုပ်အားတော့ဘဲ ငါနင်းသည်။ ထို့ကြောင့် ငါနံသည်ဆိုတာကိုပဲ သူသေသေချာချာ သဘောပေါက်သွားတယ်။

သူ ဘေးဘီက လူတွေကိုအကဲခတ်ပါတယ်။ နောက်ကိုတော့ လှည့်မကြည့်ဘူး။

သူ့ကံကောင်းချင်တော့၊ ဘေးဘီမှာ အခြားလူမရှိပါဘူး။ သူ့ကံမကောင်းချင်တော့ သူ့နောက်မှာ ကျွန်တော်တို့ရှိနေပါတယ်။

(ကျွန်တော်တို့ = ရဲခေါင် + ဥယျာဉ်)

ကောင်မလေးက လမ်းဘေးမြက်ပင်တွေဆီ လျှောက်သွားပါတယ်။

ငတက်ပြားဆူးစူးထားတဲ့ ခြေလှမ်းမျိုးနဲ့ အဲဒီမြက်ပင်တွေဆီမှာ သူ့ဖိနပ်ကို အပြားလိုက်ပွတ်ပါတယ်။ ငုံ့ကြည့်ပါတယ်။ မသိမသာလေး ရှုကြည့် ပါသေးတယ်။ (မချစ်သော်လည်း အောင့်ကာနမ်းရတယ်ဆိုတာမျိုး ဖြစ်မှာ ပေါ့။)

ကျွန်တော်ကတော့ သူ့ကိုနားလည်မှုထားပေးပါတယ်။ မရယ်ဘူး။ ဥယျာဉ်ကတော့ သူ့ကို ရင်းရင်းနှီးနှီးဆက်ဆံပါတယ်။ ရယ်တာမှ ပါးစပ် ကို လက်နဲ့ အတင်းအုပ်ထားရပါတယ်။

နောက်တော့ ကောင်မလေးဆက်လျှောက်သွားပါတယ်။ ကျွန်တော် တို့လည်း ဆက်လိုက်သွားပါတယ်။

လမ်းဘေးမြက်ပင်လေးတွေခများမှာသာ တောက်တခေါက်ခေါက်နဲ့ ကျန်ရစ်ခဲ့တယ်။ အရေးပေါ်အစည်းအဝေး ခေါ်မယ်တဲ့။ ဒါ... လူနဲ့ခွေးနဲ့ ပေါင်းပြီး ရန်စစော်ကားသွားတာပဲတဲ့။

နောက်ဆုံးတော့ အဲဒီကောင်မလေးဟာ ကားမှတ်တိုင်တစ်ခုကို ရောက်သွားပါတယ်။

အဲဒီကားမှတ်တိုင်မှာ စာရေးဆရာမင်းလူ တိုက်ဖိုက်ဖြစ်နေတဲ့ပုံနဲ့ ကောင်လေးတစ်ယောက် သူ့ကိုစောင့်နေပါတယ်။

သူတို့လက်ချင်းတွဲပြီး ကားပေါ်တက်သွားပါတယ်။ ခုတော့လည်း သူဘာမှ မနင်းခဲ့တဲ့အတိုင်းပါပဲလားလို့ ကျွန်တော်စဉ်းစားရင်း ဥယျာဉ်ကို လှည့်ကြည့်တော့ ဥယျာဉ်က နှာခေါင်းလေးရှုံ့ပြတယ်။

"ကိုရဲ... ဘာပြောချင်သလဲ"

"မပြောချင်ပါဘူး၊ ဘာပြောရမှာလဲ၊ သူများ ဒုက္ခရောက်နေတာကို"

"ကောင်မလေးကို မရယ်ချင်ဘူးလား"

"မရယ်ချင်ပါဘူး၊ မိန်းမတွေက ဒီအတိုင်းပဲဟာ... မိန်းမမှန်ရင် အရက်သောက်စရာမလိုဘူးတဲ့"

"ဘာဖြစ်လို့လဲ"

"ပုံမှန်အခြေအနေမှာကို ရမ်သုံးပက်စာရှိတယ်"

"အောင်မယ်... အောင်မယ်"

ဆက်မပြောပါရစေနဲ့တော့။ ပုံမှန်မှာတောင် သုံးပက်စာရှိတယ်ဆိုတော့ ခုအခြေအနေကို တွေးကြည့်ပေါ့။

❀ ❄ ❁

http://www.cherrythitsar.org



## ၂၁

ကသစ်က သေနတ်မောင်းပေါ် လက်တင်ထားတယ်။ မောင်းကို ဖြုတ်ချလိုက်တယ်။ အတော်ကြာတဲ့ထိ သူ့ခန္ဓာကိုယ် ငြိမ်သက်နေတယ်။ နောက်မှ ပစ်မှတ်ကတ်ပြားလေးကို ကြိုးနဲ့ဆွဲပြီးတော့ ထိမထိယူကြည့်တယ်။ အဲဒီအချိန်ထိ ကျွန်တော့်ကို ဘာမှ မပြောဘူး။

သေနတ်ပစ်ကွင်းက အပြန်၊ လမ်းကျမှ သေနတ်ကို ထမ်းထားရင်း ဘာခံစားချက်မှမပါတဲ့လေသံနဲ့ ပြောတယ်။

“ဟုတ်တယ် ကိုရဲ၊ လက်ရေးကလဲ ဝင်းလတ်ရဲ့ လက်ရေးပဲ၊

စစ်ဆေးပြီးပြီ၊ သေချာပါတယ်”

စကားဆုံးတော့ မိုးပေါ်မှာ ပျံသွားတဲ့ငှက်တွေကို သူလိုက်ကြည့်တယ်။

သူ ဘာမှဆက်မပြောဘူး။

ကျွန်တော်လည်း ဘာမှထပ်မမေးဘူး။

ညနေက ရင့်အိုစပြုပြီမို့လို့ အမှောင်ကလည်း ဝိုးတဝါးလူးလွန့်နေတယ်။ ပတ်ဝန်းကျင်ကိုကြည့်ရတာ ညို့ညို့ဆိုင်းဆိုင်းနဲ့ ဘာကမှ မသဲကွဲလှဘူး။

အင်းလေ အချိန်ကလည်း ညီအစ်ကို မသိတသိအချိန်ကိုး။

❀ ❄ ❁

၂၂

ကိုအန် **Koan** ပုစ္ဆာတစ်ပုဒ်...

ဖြေရတယ်လို့ပဲ သဘောထားရတော့မှာပဲ။

နှင်းဆီပွင့်ကိုကိုင်ပြီး

ချောင်းကမ်းစပ်မှာ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေမိတယ်။

ခဏကြာတော့...

နှင်းဆီပွင့်ကို ချောင်းရေထဲချလိုက်တယ်။

နှင်းဆီပွင့်က...

ရေစီးထဲမှာ ဝေ့ကာဝေ့ကာ စီးမျော။

ကျွန်တော် ငေးကြည့်နေမိတယ်။

http://www.cherrythitsar.org



နှင်းဆီပန်းရယ်၊
ဝဲဂယက်တွေရယ်၊
ပြီးတော့...
ကျွန်တော်ငေးကြည့်နေမိတယ်။
ချစ်ခြင်းမေတ္တာရယ်၊
လူ့ဘဝရယ်၊
ပြီးတော့...
ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေတယ်။
ရေထဲမှာ...
အရိပ်တွေ အရိပ်တွေ၊
ကျွန်တော်မြင်ယောင်နေတယ်။
ဟိုးအတိတ်က...
မြို့တစ်မြို့၊
နှင်းဆီတစ်ပွင့်၊
ချစ်ခြင်းမေတ္တာနဲ့ လောကမာယာ။
ရေထဲမှာ...
အရိပ်တွေ။
ကျွန်တော်မြင်ယောင်နေတယ်။
လူငယ်တစ်ယောက်၊
ကံကြမ္မာတစ်ခု၊

ရထားဥသြဆွဲသံ၊
လွင့်စင်ခြင်း၊
မျက်ရည်ကျိုန်စာသင့်ချိန်၊
ကျွန်တော်ရှာတွေ့နေမိပြီ။
ကျွန်တော်ရှာတွေ့နေမိပြီ
ထင်တာပဲ..............။
ရေထဲမှာ...
လူးကာ... လွန့်ကာ... စီးမျော။
အရုပ်၊
အရောင်နဲ့ အရိပ်တွေ။
အချစ်၊
အလွမ်းနဲ့မျှော်လင့်ချက်တွေ၊
ကျွန်တော်ငြိမ်သက်နေမိတယ်။
ဝန်းကျင် တစ်ခုလုံးလည်း ပကတိတိတ်ဆိတ်။
အမေး၊ အဖြေ၊
လှည့်စားမှုနဲ့ အမှန်တရား။
ကျွန်တော့်ခြေဖျား လက်ဖျားတွေ အေးစက်လာတယ်။
တစ်စုံတစ်ရာ။
ကျွန်တော်သိလာသလိုပဲ။
တစ်စုံတစ်ရာ။

ကျွန်တော်…။

ကျွန်တော်…။

ရေလှိုင်းများ။

အရုပ်၊ အရောင်နဲ့အရိပ်တွေကြားမှာ မြင်ရသလိုပဲ။

အလင်းရောင်ပျပျ၊ မြင်ရသလိုပဲ။

ရေထဲမှာ၊ အလင်းရောင် ပျပျ။

ကျွန်တော်။

အလင်းရောင်။

အို… ကျွန်တော်… အလင်းရောင်။

ဟို… ဟိုမှာ အလင်းရောင်။

ကျွန်တော်… ကျွန်တော်…။

"အား"

သွားပြီ။ အစွမ်းနိုင်ဆုံး တွေးကြည့်ခဲ့ပါတယ်။

ဒါပေမယ့်…

အဖြေကို ပိုင်ပိုင်နိုင်နိုင် မဆုပ်ကိုင်မိလိုက်ဘူး။

မကျေနပ်ပေမယ့်…

သက်ပြင်းချပြီး ထိုင်ရာက ထရပါတယ်။

နောက်ကပေါ်လာတဲ့ ဆူညံ၊ ဆူညံအသံတွေကြောင့်ပါပဲ။

"ကိုယ့်တော်ပိုက်ဆံကို တပည့်တော်ပြန်ပေးမယ်လို့ ပြော ထားသားပဲ၊ ဘာကိစ္စ ဆရာတော့်ကို သွားတိုင်ရတာလဲ"

## ၂၁၁ တာရာမင်းဝေ

"မတိုင်လို့ဖြစ်မလား၊ ကျုပ် ဒကာမကြီးထဲက အပ်ထား တဲ့ဝတ္ထုငွေတွေ ဘယ်ရောက်သွားလဲလို့ မေးနေပြီ။ ပေးတော့…"

"အေး… ပေးမယ်၊ ဒီတစ်ခါသက်န်းပြန်သွင်းပြီးရင် ပေးမယ်"

သူတို့ပြဿနာကတော့ ပြေလည်သွားသလား မသိဘူး။ ကျွန်တော့် ပြဿနာကတော့ မပြေလည်လိုက်ဘူး။ နှင်းဆီပန်းတစ်ပွင့် ရေထဲမှာ ကျန်ရစ်ခဲ့တာကတော့ နှမြောဖို့ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်ကလည်း ဆင်းမဆယ်ချင်ပါဘူး။

မတတ်နိုင်ဘူးလေ။

ထားရစ်ခဲ့တယ်။

မျှောလိုရာကို မျှောပါတော့။

အပြန်လမ်းမှာ တွေးမိသေးတယ်။

နှင်းဆီတစ်ခု၊ ကံတစ်ခုလို့…။

❀ ❄ ❁

## အိပ်မက် လေး

"တစ်နေရာတော့ မှားနေပြီ"

ကျွန်တော် အဲဒီလိုပြောတော့ ကမ္ဘာစောင့်ဘိုးဘိုးကြီးက ပြုံးတယ်။

"တစ်နေရာမှားတယ်ဆိုတော့ ကျန်တဲ့နေရာတွေက မှန်တယ်ပေါ့"

"အင်း"

"အဲဒါဆို ... မှန်တဲ့နေရာတွေကို မှန်ကြောင်း သေချာအောင် စစ်ဆေးလိုက်ပေါ့။ မှားတဲ့နေရာက ထင်ရှားလာလိမ့်မယ်"

ကမ္ဘာစောင့်ဘိုးဘိုးကြီး ပြန်သွားတယ်။

ကျွန်တော် ကျန်ရစ်တယ်။

မှန်တာတွေကို မှန်ကြောင်း သေချာအောင်စစ်တယ်။ တွေ့ပြီ

နောက်ဆုံး ကျတော့... မှားတာက ကျွန်တော်ပဲဖြစ်နေတယ်။

"တော်ပြီ"

အောင်ပွဲတေး၊ လက်ထပ်ပွဲတော်က တေးတွေဟာလည်း...

မင်းရဲ့တေးသွားနဲ့ပြိုင်ရင်...

အားလုံးဟာ... ကြွားလုံးဟောက်ပက်ဖြစ်သွားကြလိမ့်မယ်...

မြုပ်ကွက်ဟာကွက်တွေနဲ့ပေါ့။

ဘယ်လိုလယ်ကွက်တွေလဲ၊ ဘယ်လိုတုန်နှုန်းတွေလဲ…

ဘယ်လိုတောင်ထွင့်တွေလဲ၊ ဘယ်လိုဒြပ်သားတွေလဲ…

ဘယ်လိုမျိုး… မျိုးချစ်တရားလဲ…

ဘယ်လိုမျိုး… ဒုက္ခရဲ့လွတ်မြောက်ရာလဲ…

မင်းရဲ့အပျော်စီးကြောင်းတွေ စိမ့်ကျရာ…

မင်းရဲ့ကြည်လင်ရှတတဲ့ ပျော်ရွှင်မှုမှာ...

အယိုင်အလျော့မရှိနိုင်ဘူး။ အညိုးအမှောင့်မတည်နိုင်ဘူး။

မင်းဟာ... ချစ်တတ်တယ်...

ဒါပေမယ့်... အချစ်ရဲ့ကြေကွဲမှုကို မသိရဘူး။

ငါတို့ရဲ့သေဆုံးလေ့ရှိတဲ့ အိပ်မက်တွေထက်

ပိုပြီး ဖြောင့်မှန်နက်နဲတဲ့တရားတွေကို မင်းဟာ...

အိပ်နေစဉ်မှာပဲဖြစ်ဖြစ်၊ နိုးနေစဉ်မှာပဲဖြစ်ဖြစ်...

တမလွန်လူကြီးမင်းဆီက မှတ်သားနာယူခဲ့တယ်...

ဒီလိုမှမဟုတ်ဘူးဆိုရင် မင်းရဲ့သိချင်းတွေဟာ

လင်းသန့်တဲ့အလျင်နဲ့ ဘယ်စီး နှင်နိုင်ပါ့မလဲ...။

## ၂၁၇ တာရာမင်းဝေ

ငါတို့ဟာ... ရှေ့ကို၊ ပြီးတော့ နောက်ကိုပါကြည့်တယ်

ပြီးတော့... မရနိုင်တာကို တမ်းတတယ်

ငါတို့ရဲ့ အရိုးရှင်းဆုံးရယ်သံဟာ

သောကဆိုတဲ့အရာကို ဝန်ဆောင်လာတယ်

ငါတို့ရဲ့ အချိုမြဆုံးတေးတွေဟာ

လွမ်းတတ်တဲ့အတွေးတွေကို ပြောပြတဲ့တေးတွေပေါ့

ဒါပေမယ့် ... ငါတို့ကသာ မျက်ရည်မကျတတ်ရင်

အမုန်း၊ မာနနဲ့ ကြောက်ရွံ့မှုတွေကို

မထိလေးစား လုပ်တတ်ရင်

မင်းရဲ့အပျော်အရွှင်တွေဆီကိုလည်း လာတတ်မှာမဟုတ်ဘူး။

# ၂၁၉ တာရာမင်းဝေ

အတိုင်းအဆရှိကြတဲ့ မြူးတူဖွယ်အသံတွေထက်

စာအုပ်ထဲမှာဖတ်ရတဲ့ အဖိုးထိုက်ခြင်းတွေထက်

မင်းကဗျာရဲ့အစွမ်းအစက သာလွန်ပါပေတယ်

ကမ္ဘာမြေကို သရော်နိုင်သူလေးရယ်...။

မင်းသိတဲ့စိတ္တသုခတွေ

ငါ့ကို တဝက်ပဲသင်ပေးပါ

ငါ့နှုတ်ခမ်းဆီက ရူးသွပ်ညီညာစွာစီးကျ

ကမ္ဘာမြေက နားထောင်ကြမှာပေါ့

အခု... ငါ မင်းကို နားထောင်နေသလိုလေ...။

“TO ˚A ˚SKYLARK” BY ˚PB˚ SHELLEY.

❀ ❄ ❁

http://www.cherrythitsar.org



## ၂၇

"တစ်ကိုယ်လုံးက ကြွက်သားတွေ အကုန်လုံးလျှော့ထားလိုက်"

"အင်း"

"မျက်လွှာကိုလဲ ချထား"

"အင်း"

"ဘာကိုမှ မတွေးနဲ့၊ တစ်ကိုယ်လုံး လေထဲမှာလွင့်နေသလို ပေါ့ပါးနေပစေ"

"အင်း"

နောက်ဆုံးတော့ 'လျှော့ထားနော်' လို့ ထပ်သတိပေးရင်း ကျွန်တော့် လက်ဖျံတစ်နေရာကို ကသစ်က အပ်နဲ့ထိုးစိုက်လိုက်တယ်။ ပြီး... ပြန်ဆွဲ

ထုတ်တယ်။

"နားလား"

ကျွန်တော် အံ့ဩမိတယ်။ အမှန်အတိုင်း ဖြေလိုက်တယ်။

"မနာဘူး၊ လုံးဝမနာဘူး"

ကသစ်က အထက်စီးကနေ ပြုံးတယ်။ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး ...

"ကိုရဲလဲသိမှာပါ။ စိတ်ပညာ၊ စိတ်ရဲ့စွမ်းအင်ဆိုတာ... အရမ်းဆန်းကြယ်တယ်"

"အင်း... ဟုတ်တယ်"

ကျွန်တော်ကလည်း ကျွန်တော်ပဲ။ သူ့စားပွဲပေါ်ကစာရွက်တွေကို လှမ်းကြည့်မိတယ်။ စိတ်ပညာနဲ့ပတ်သက်ပြီး သူ သုတေသနပြုထားတဲ့ စာရွက်တွေထင်ပါရဲ့။ စာရွက်တစ်ရွက်ရဲ့ ခေါင်းစီးထိပ်မှာ 'အချစ်'လို့ ရေးထားတယ်။

ကျွန်တော် ရယ်ချင်သွားတယ်။ ဘာမှတော့ မဝေဖန်ရဲဘူး။ တစ်ခါတစ်ခါတော့လည်း သတ္တိဆိုတာက မရှိတာကောင်းပါတယ်။

ဒါပေမယ့် စိတ်ဝင်စားမှုကတော့ ရှိနေပြန်ရော။ သူကလည်း သူလေ။ 'အချစ်'ဆိုတဲ့ ခေါင်းစီးအောက်မှာ ဘာကိစ္စ တြိဂံနှစ်ခုကို ဆွဲထားရတာလဲ။ သဘောမပေါက်တော့ ကျွန်တော်ကလည်း မေးမိတော့တာပေါ့။

"အဲဒီတြိဂံတွေက ဘာလုပ်တာလဲ"

သူ့ခွင်ထဲ ဝင်သွားတယ်။ မင်္ဂလာဆောင်လက်ဖွဲ့မယ့် ပါဆယ်ထုပ်

http://www.cherrythitsar.org



ကြီးတစ်ခုဆန်ဆန် သူပြုံးပါတယ်။ (အထဲမှာ ဘာပါမှန်း မသိဘူး)

"ဩော်... ဒါက စိတ်ပညာလေ့လာချက်တွေပါ။ စတန်းဘာ့ဂ်ဆိုတဲ့ စိတ်ပညာရှင်က ဖော်ထုတ်ထားတာ"

"ဟုတ်ကဲ့၊ အဲ... နည်းနည်းထပ်ရှင်းပြဦးလေ"

"သူက... အချစ်မှာ အင်္ဂါသုံးရပ်ရှိတယ်လို့ ပြောတယ်။ အဲဒီအင်္ဂါသုံးရပ်ဟာ အချစ်နဲ့ပတ်သက်လာရင် တြိဂံတစ်ခုပုံ ဆုံစည်းကြတယ်။ အဲဒါတွေကတော့ ရင်းနှီးမှု၊ အလိုရမ္မက်နဲ့ တာဝန်ယူမှုတွေပဲတဲ့"

နည်းနည်းတော့ ကျွန်တော်လည်း စဉ်းစားယူနေရတယ်။

"ဟုတ်ရဲ့လား၊ သူ့တင်ပြချက်က ခိုင်မာရဲ့လား၊ လုံခြုံရဲ့လား"

ကသစ်က ချက်ချင်းပြန်မဖြေဘူး။ သူလည်း နည်းနည်းတော့ စဉ်းစားတယ်။ ပြီး ခေါင်းညိတ်တယ်။ ဒါပေမယ့်... ပေါ့ပေါ့ပါးပါးပဲ။ သူ ဆက်ပြောပြတယ်။

"အဲဒါတွေကတော့ ဒီလိုပါပဲ... အိန်ဂျယ်လ်ကလဲ တစ်မျိုးပြောတယ်။ သူ့ရဲ့ 'အိမ်ထောင်မှုပုဂ္ဂလိကပစ္စည်းနှင့်အစိုးရ' ဆိုတဲ့ ကျမ်းထဲမှာ အချစ်ဟာ... နီးစပ်ခြင်း၊ အသွင်တူခြင်းနဲ့ ရပ်ရည်တင့်တယ်ခြင်းတို့ကနေ ပေါက်ဖွားလာတယ်လို့ပြောတယ်...တြိဂံခြင်းတူပေမယ့် စတန်းဘာ့ဂ်ရဲ့ တြိဂံနဲ့ အိန်ဂျယ်လ်ရဲ့ တြိဂံဟာ ဒီဂရီတွေမတူ၊ ထောင့်တွေမတူသလို ဖြစ်နေတယ်"

ပြီးတော့ သူ... ဟက်ခနဲ တစ်ချက်ရယ်တယ်။ ကျွန်တော် အတော်သဘောကျသွားမိတဲ့ စကားတစ်ခွန်းကို ဆက်ပြောတယ်။

"စဉ်းစားရတာပေါ့၊ အများကြီး စဉ်းစားရတာပေါ့။ တစ်ယောက်က

စိတ်ဝါဒဘက်ကပြောပြီး တစ်ယောက်က ရုပ်ဝါဒဘက်က ပြောတယ်။ ဘယ်သူပိုမှန်လဲဆိုတာ စဉ်းစားရင်းက နှစ်ယောက်စလုံး မှန်ရော မှန်ရဲ့လား ဆိုတာကိုပါ ထပ်စဉ်းစားရတာပေါ့”

ကျွန်တော်ရယ်မိတယ်။ ကသစ်ကို စိတ်ထဲကချီးကျူးမိတယ်။ အင်မတန်သိချင်နေတဲ့ စကားတစ်ခွန်းကိုလည်း သိပ်မသိချင်ယောင်ဆောင်ပြီး မေးကြည့်မိတယ်။

“ဥယျာဉ်ကရော ဘယ်လိုမြင်သလဲ။ ဘယ်လိုပြောသလဲ”

ကသစ်က တဟားဟား ထရယ်တယ်။

“ဘာလဲ... ဘာဖြစ်လို့လဲ”

ကျွန်တော် ကြောင်အမ်းအမ်းဖြစ်နေမိတယ်။ ကသစ်က အရယ်မျက်နှာနဲ့ ကျွန်တော့်ကိုကြည့်ရင်း...

“မျက်လှည့်ဆရာကြီးရယ်...”

ဘာမှလည်း ဆက်မပြောဘူး။ ရယ်ပဲဆက်ရယ်နေတယ်။ ကျွန်တော် အနေခက်နေတာပေါ့။ အရယ်အဆုံးမှာ ကသစ်ကပြောတယ်။

“ဥယျာဉ်ကို ဘယ်လိုလုပ် အဲဒါတွေ ဆွေးနွေးလို့ရမှာလဲ...၊ သိပ္ပံစာအုပ်တွေအကြောင်းကလွဲရင် ဘာမှမေးလို့မရဘူး။ သူ့ရင်ထဲမှာလဲ နှလုံးသားရှိပုံမရဘူး”

“နို့... ဒါဖြင့်... ဘာရှိသလဲ...”

“ဆားကစ်တွေပဲ ရှိတယ်ထင်တာပဲ...”

“တကယ်”

http://www.cherrythitsar.org



"တကယ်ပေါ့... ဒီထက်သေချာတာတောင် ဒီလောက်မသေချာတော့ဘူး"

"အင်း"

အဲသည် အသံကြီးကိုပဲ ပါးစပ်မပွင့်ဘဲ အရှည်ကြီးချလိုက်မိတယ်။ အဲဒီအသံမှာ ဘာအဓိပ္ပာယ်မှာ မပါဘူး။ ဒါပေမယ့်... ဆားကစ်ထဲကထွက်လာတာ မဟုတ်ဘူး။ နှလုံးသားထဲက ထွက်လာတာ။

နောက်တော့လည်း နှစ်ယောက်သားငြိမ်နေမိကြတယ်။ ကျွန်တော်ကလည်း ကိုယ့်အတွေးနဲ့ကိုယ် ဖြစ်သွားပြီ။ ကသစ်ကလည်း သူ့စာရွက်တွေကိုပဲ သဲကြီးမဲကြီး ပြန်ဖတ်နေတယ်။ အတော်ကြာမှ...

"ကိုချိုထွန်း ဟိုတလောက ဆေးခန်းကပြန်လာတာ တွေ့တယ်... နှလုံးမကောင်းလို့ဆို..."

"ဟင်း... တစ်လုံးမကောင်းတာလဲဖြစ်ရင် ဖြစ်မှာပေါ့"

"ဟမ်... ဘာ..."

ရှင်းပြမနေချင်တော့ပါဘူး။ ကျွန်တော်က နောက်တာကို ကသစ်က ဘာထင်သွားတယ် မသိဘူး။ ချိုထွန်းရေ... မင်းထိုက်မင်းကံပဲ...။ ကျွန်တော် ပြန်လာခဲ့တယ်။

လမ်းတစ်လျှောက်လုံးမှာ စိတ်တွေအလိုလို တိုနေတယ်။ ကိုယ်ချစ်မိတဲ့ မိန်းကလေးမှာမှ 'နှလုံးသားအစားထိုးဆားကစ်'တွေ ရှိနေတယ်တဲ့။ ဖြစ်မှဖြစ်ရလေ။

"ဒုန်း"

"အင့်"

လူ အတော်နာသွားတယ်။ အဲဒီ ကျွန်တော့်ကို ဝင်တိုက်တဲ့လူဟာ တခြားလူဆိုရင်တော့ ကျွန်တော်ဆွဲထိုးမိမှာပဲ...။ ဒါပေမယ့် ခုဟာက ကျွန်တော်နဲ့သိတဲ့ ခတ်တိုင်ကြီးဖြစ်နေတယ်။ ဘာမှမပြောဘဲ ဆက်လျှောက်လာခဲ့တယ်။

"တောက်..."

နဖူးက အတော်အီနေတယ်။ ကသစ်သင်ပေးလိုက်သလို မျက်လွှာချပြီး တစ်ကိုယ်လုံးကို လျှော့ပစ်လိုက်တယ်။ အဲဒီတော့မှ အနာက ပိုနာလာတယ်။ ဘယ်လိုဖြစ်တာလဲဟ။

"ဟောဗျာ..."

ဘာမှမတတ်နိုင်ဘူး။ နဖူးကို လက်နဲ့ပွတ်ပြီး ပြန်လာရတယ်။ ဉယျာဉ်ရယ်...၊ အချစ်မှာ မျက်စိမရှိဘူးဆိုတာ ဒါကိုပြောတာထင်ပါရဲ့။ ခတ်တိုင်ကြီးကိုတောင် ငါဝင်တိုက်ခဲ့တယ်။

ကဲ... ပြော၊ ဉယျာဉ်၊

ငါ့ မျက်လုံးတွေဘယ်မှာလဲ...။

❀ ❄ ❁

၂၄

**ပထမနှင်းဆီ**

ငါ... သတိပေးခြင်း ရှိသမျှကို
သင်တို့သည်ပယ်၍
ငါဆုံးမသော စကားတစ်ခွန်းကိုမျှ
နားမခံဘဲနေသောကြောင့်ရင်း၊
သင်တို့သည်
ဘေးဥပါဒ်နှင့် တွေ့ကြုံသောအခါ
ငါ... ရယ်မည်။
ကြောက်မက်ဖွယ်သော အမှုရောက်သောအခါ
ငါ... ပြက်ရယ်ပြုမည်။

**သုတ္တံ ၁း၂၅–၂၈**

**ဒုတိယနှင်းဆီ**

*ဆင်းရဲခြင်း၊ ပူပန်ခြင်းနှင့် တွေ့ကြုံသောအခါ*
*ထိုအမှုရောက်သောသူတို့သည် ငါ့ကိုခေါ်သော်လည်း*
*ငါမထူး၊ ငါ့ကိုကြိုးစား၍ ရှာသော်လည်း မတွေ့ကြရ။*

**သုတ္တံ ၁း၂၅-၂၈**

http://www.cherrythitsar.org



## တတိယနှင်းဆီ

*ငါသတိပေးခြင်းကို*
*အလျှဉ်း နားမခံကြ။*
*ငါဆုံးမခြင်း ရှိသမျှကို*
*မထီမဲ့မြင်ပြုကြ၏။*
*ထို့ကြောင့်*
*သူတို့သည်*
*ကိုယ်ကျင့်ခြင်း၏ အကျိုးအပြစ်ကိုစား၍*
*ကိုယ်ကြံသောအကြံတို့နှင့် ဝကြလိမ့်မည်။*

**သုတ္တံ ၁း၃၀–၃၁**

စတုတ္ထနှင်းဆီ

*မတရားသောသူတို့၏ လမ်းမူကား*
*မှောင်မိုက်ကဲ့သို့ဖြစ်၍*
*သူတို့သည် လဲသောအခါ*
*အဘယ်အရာကို တိုက်မိသည်ဟု မသိကြရ။*

သုတ္တံ ၅း၂၂

http://www.cherrythitsar.org



**ပဋ္ဌမနှင်းဆီ**

*အစမ္မလူသည်*
*မိမိပြုသော ဒုစရိုက်အပြစ်နှင့် ဖမ်းမိခြင်း။*
*မိမိအပြစ်ကြိုးတို့ဖြင့် ချည်နှောင်ခြင်းကို*
*ခံရလိမ့်မည်။*

**သုတ္တံ ၅း၂၂**

http://www.cherrythitsar.org



**ဆင္ဃမနှင်းဆီ**

*လူသည် မိမိနှုတ်ခမ်းအသီးကို ဝစွာစားရ၏။*
*မိမိလက်လုပ်ရာ အကျိုးအပြစ်ကိုလည်း ခံရ၏။*

**သုတ္တံ ၁၂း၁၄**

သတ္တမနှင်းဆီ

……………………

……………………

လှုပ်ရှားမှုကင်းမဲ့သလိုဖြစ်နေတဲ့ ကျွန်တော့်ကို ကသစ်က လက်တို့ပြီး ခေါ်တယ်။

“ကိုရဲ”

“ဟင်”

“အဲဒါတွေ...”

“အင်း...”

ဘာစကားမှ ဆက်စရာမလိုတော့ဘူး။ ဘာစကားမှလည်း ဆက်စရာမရှိသေးဘူး။ အသံတွေ သေဆုံးတိတ်ဆိတ်သွားကြတယ်။

အတော်ကြာမှ...

“ကိုရဲ”

“ပြော”

“အခြေအနေက အရမ်းအရေးကြီးသွားပြီ”

“ပြော”

“ဟော့ဒီမှာ”

ကသစ်က သူ့ရဲ့ ဂျာကင်အိတ်ထဲက တိပ်ခွေလေးတစ်ခုကို ထုတ်ပြတယ်။ ကျွန်တော်က ဘာမှပြန်မပြောဘူး။ တိပ်ခွေကို တစ်ချက်ကြည့်ပြီး သူ့မျက်နှာကိုပဲ စိုက်ကြည့်နေလိုက်တယ်။ သူ ...

“အဲဒီလူက ဥယျာဉ်ကိုတွေ့ဖို့ချိန်းပြီ”

“.......................”

“ဒီတိပ်ခွေကို ပို့ပေးလိုက်တာပါ။ ဒီတိပ်ခွေဟာ နောက်ဆုံးရောက်လာတာပဲ။ ဒီတိပ်ခွေထဲမှာ ဥယျာဉ်ကို သူစကားပြောထားတယ်။ သူချိန်းဆိုထားတယ်”

“.......................”

“ချိန်းတဲ့ရက်ကလဲ ကပ်နေပြီ။ သုံးရက်ပဲလိုတော့တယ်။ လာမယ့်တနင်္ဂနွေတဲ့။ ဥယျာဉ်ကလဲ သွားမယ့်ပုံရှိတယ်။ ဘယ်လိုလုပ်ကြမလဲ ကိုရဲ...”

ကျွန်တော်က တိပ်ခွေကိုယူပြီး ကက်ဆက်နဲ့ ဖွင့်လိုက်တယ်။

ပထမတော့ ဘာသံမှ မလာဘူး။ နောက်မှ သမ္မာကျမ်းစာထဲက ကျမ်းချက်တွေကို ရွတ်ဖတ်နေသံကြားရတယ်။ အသံဟာ မသဲမကွဲ။ အဝေးကြီးကနေ နီးလာသလိုလို...

http://www.cherrythitsar.org



နောက်တော့ရပ်သွားတယ်။

နောက်တော့ စကားသံ စထွက်လာတယ်။

"ဥယျာဉ်..."

ကျွန်တော့်ခန္ဓာကိုယ်ထဲက သွေးတွေစီးဆင်းနှုန်းပြောင်းသွားတယ်။ နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်ထားရင်း...

ဆက်နားထောင်နေလိုက်တယ်။

ဘယ်သူမဆို ကိုယ်စိုက်တဲ့အပင်ကို ကိုယ်ရိတ်သိမ်းရတာပဲ။ ဖြစ်ပါတယ်။

ရင်ဆိုင်ကြရအောင်...။

တိပ်ခွေက ဆက်လက်လည်ပတ်နေတယ်။

ကျွန်တော်နဲ့ ကသစ်နဲ့ ငြိမ်သက်...။

အခန်းထဲမှာတော့ တမလွန်က လွှင့်ထုတ် လိုက်တယ်ဆိုတဲ့ စကားသံတွေ။

❀ ❄ ❁

# စိတ်ကူး (၂)

ဝင်းလတ်နှင့်ကျွန်တော်
စိတ်ကူးထဲမှာ ဒုတိယအကြိမ် ဆုံတွေ့ကြတော့
ပတ်ဝန်းကျင်သည်
မြူခိုးတို့နှင့် ညိုလင်းနေသည်။
ကျွန်တော်တို့ နှစ်ယောက်က
အဝေးတစ်နေရာကို ငေးကြည့်နေကြခြင်းဖြစ်၏။
နှစ်ယောက်သား အတန်ကြာငြိမ်သက်နေမိကြပြီးမှ
သူက
အရှေ့စူးစူးဆီ လက်ညှိုးညွှန်ပြ၏။

“ဟိုးမှာ ကြည့်စမ်း”
ကျွန်တော် လှမ်းကြည့်တော့
အမှောင်ကိုသာ မြင်ရ၏။
သို့သော်
ကြည့်ရင်း ကြည့်ရင်းနှင့်ပင်
အမှောင်ထဲမှာ တစ်စုံတစ်ရာသည် ဖြူဝေဝိုးဝါး…
ထို့နောက်…
“မြင်လား”
“အင်း… မြင်ပြီ”
ကျွန်တော် တွေ့နေရသည်က
စက်တိုင်မှာ ကြိုးပေးအသတ်ခံထားရသည့်
ဝံပုလွေတစ်ကောင်၏အလောင်း။
ဝင်းလတ်က သက်ပြင်းချသည်။
ရာသီဥတုသည်
ပို၍အေးစိမ့်လာသလို ခံစားရ၏။
ဝင်းလတ်၏ သက်ပြင်းသည်
အနီးအပါးမှ မြူနှင်းများကို
မီးတောက်များအဖြစ် ကူးပြောင်းသွားစေ၏။
ကျွန်တော်က
ဂျာကင်အိတ်ထဲသို့ လက်နှစ်ဖက် ထည့်ထားလိုက်သည်။

ဝင်းလတ်က တိုးညင်းစွာ ဆက်ပြော၏။

“အဲဒါ ကျွန်တော်ပေါ့”

“ဟင်”

ဝင်းလတ်က ခေါင်းကိုလေးပင်စွာ ညိတ်ပြ၏။

“အဲဒီဝပုလွေဟာ ကျွန်တော်ပဲ။ အလယ်ခေတ်တုန်းကပေါ့။ ၁၄၄၂ ခုနှစ်တုန်းက ရူးရစ်မြို့မှာ တရားခုံရုံးတစ်ခုက ကျွန်တော့်ကို ကြိုးပေးသတ်ပစ်လိုက်တာ”

ဘာမှပြန်မပြောဖြစ်။

အတန်ကြာမှ…

“ဘယ်လိုဖြစ်လို့လဲ”

သူက ခပ်အုပ်အုပ်ရယ်သည်။

ထိုရယ်သံမှာ

ရှိုက်သံတစ်မျိုးလည်း ရောစွက်ပြာနှမ်းနေသည်ဟု

ကျွန်တော် ထင်ယောင်မိ၏။

ဘာမှ အရေးမကြီးသလို သူပြော၏။

“မိန်းကလေးတစ်ယောက်ကို အသက်အန္တရာယ်ပြုဖို့ ကြံစည်လို့တဲ့ဗျာ။ လူ့လောကရဲ့အဖျက်သမားတစ်ယောက် အနေနဲ့ ကျွန်တော့်ကို ကြိုးပေးသတ်ပစ်လိုက်ကြတာ”

“သြော်…”

လခြမ်းသည် မိုးကောင်းကင်ကို ထမ်းထားရင်း

မသိမသာ အိညွှတ်ကျနေ၏။

ဝင်းလတ်၏ စကားသံကို ခေါင်းငုံ့နားထောင်လိုက်တာလည်း ဖြစ်နိုင်ပါသည်။

"အဲဒီကိစ္စကို ခင်ဗျားဘယ်လိုထင်လဲ"

ကျွန်တော် နှုတ်ဖြင့်ပြန်မဖြေမိချေ။

ခေါင်းကိုသာ သွက်သွက်ခါယမ်း ပြလိုက်၏။

ဝင်းလတ်၏ ကွဲအက်အက်ရယ်သံက

ပိုမိုကျယ်လောင်လာသည်။

"ဟုတ်တယ်။ ကျွန်တော်လည်း မတရားဘူးလို့ထင်တယ်။ ကျွန်တော်က ဝံပုလွေပဲ။ ခင်ဗျားတို့လူတွေ ဖန်တီးထားတဲ့ ဥပဒေကို ကျွန်တော်မှ မသိဘဲ။ အဲဒီဥပဒေမှာလည်း ကျွန်တော်ကမှ ဝင်လက်မှတ်ထိုးမထားဘဲ။ ကျွန်တော့်ဗီဇ စိတ်၊ ဗီဇအသိနဲ့ပဲ ကျွန်တော် လှုပ်ရှားမှာပေါ့။ အဲဒါကို ယဉ်ကျေးပါတယ်ဆိုတဲ့ လူသားတွေက နားမလည်ဘူးလား"

စကားအဆုံးမှာ နာကျည်းစွာပြုံးသည်။

"ကျုပ်က တောရိုင်းမှာနေတဲ့ကောင်၊ တောရိုင်းကို ခုတ်ပစ်တဲ့လူဟာ ကျုပ်ရဲ့မိတ်ဆွေလည်း ဖြစ်လာစရာအကြောင်း မရှိဘူး။ ကျုပ်တို့တောရိုင်း ဥပဒေအရတော့ တောရိုင်းကို လာသတ်တဲ့လူဟာ ရန်သူပဲ။ ရန်သူကို ရန်သူလို မဆက်

ဆံရင်တောင် ကျုပ်ဟာ ရန်သူကို မိတ်ဆွေလို ပြုံးပြ ဆက်ဆံနေမှာ မဟုတ်ဘူး။ ရိုင်းမိရင် ကျုပ် အပြစ်မဟုတ်ဘူး"

ကျွန်တော့်မှာ ပြန်ပြောစရာစကားမရှိ။

ဝင်းလတ်ကသာ

'ကဲလေ... ဒါတွေ ထားလိုက်ပါတော့ဗျာ...'ဟု

သူ့စကားကို သူပြန်သိမ်း၏။

ထို့နောက်မှာ...

"ကျွန်တော် သေပေမယ့် ကျွန်တော့်ဝိညာဉ် သေမသွားဘူးဗျ။ လူ့လောကဘဲကို တစ်ကြိမ်ပြန်ရောက်ခဲ့သေးတယ်"

"ဟင်"

"အင်မတန်ရိုးအတဲ့ လူငယ်လေးတစ်ယောက် အနေနဲ့ပေါ့ဗျာ။ အင်မတန် အသိဉာဏ်နုနဲ့တဲ့ သနားစရာလူသားတစ်ယောက် အနေနဲ့ပေါ့။ ဘုန်းကြီးကျောင်းမှာ ကပ္ပိယလေး ဖြစ်နေတာပါ။ ဒါပေမယ့် အဲဒီလိုကျတော့လည်း ကျွန်တော် ထပ်ပြီးသေဆုံးခဲ့ရတာပါပဲ။ ရိုးလွန်းအလွန်းတော့ လူလူချင်း ပြန်နိုင်ချင်ကြတယ်။ ကျွန်တော် ပုပျက်ပန်းပျက် ထပ်ကျဆုံးခဲ့ရတာပါပဲ။ မိန်းကလေးတစ်ယောက်ကြောင့်ပါပဲဗျာ။ အဟင်း..."

အဝေးဆီမှ အလင်းမှုန်တွေ သင်းဖွဲ့မျောရွေ့လာသည်။

ကျွန်တော်တို့ နှစ်ယောက်ကို ထိုးတိုက်ဖြတ်သန်းသွား၏။

"နှင်းဆီတစ်ပွင့်၊ ရထားတစ်စီး၊ ကောင်မလေး တစ်ယောက်နဲ့ မေတ္တာတရားတစ်ခု... ဘာတွေ ရှုပ်ကုန် လဲမသိပါဘူးဗျာ။ ဟား... ဟား... ကျွန်တော် အစားခံလိုက် ရတယ်။ ဒါပေမယ့် အင်း... ဒါပေမယ့်"

သူ ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။

သူ့အကြည့်သည် စူးရှတင်းမာလွန်းလှ၏။

"ခု တတိယအကြိမ်မြောက် လောကထဲကို ကျွန်တော် ပြန်ရောက်လာပြန်ပြီ၊ ဒီတစ်ခါတော့..."

သူ့နှုတ်ခမ်းကို တင်းတင်းစေ့နေသည်။

ဘာမှဆက်မပြောတော့။

ကျွန်တော့်ကိုလည်း နှုတ်မဆက်ဘဲ

အရှေ့စူးစူးကို လျှောက်သွားသည်။

ကျွန်တော် နောက်မှငေးကြည့်နေမိသည်။

မြူခိုးညိုညိုတွေကြားမှာ

သူ တရွေ့ရွေ့ဝေးသွားသည်။

ကြိုးစင်မှာ တန်းလန်းကျနေသော ဝပုလွေ အလောင်းရှေ့မှာ

သူ ရပ်၏။

ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်သည်။

မထေမဲ့မြင်အပြုံးတစ်ချက်ဖြင့် သူ မျက်နှာပြန်လွှဲသည်။

ထို့နောက်...
ဝံပုလွေ၏ရုပ်အလောင်းထဲသို့
တိုးဝင်ပျောက်ကွယ်သွားသည်။
ညက ပို၍အေးလာသည်။
ကျွန်တော် ငေးကြည့်နေမိဆဲ။
ညဥ့်လေတစ်ချက် သုန်သုန်ကလေး လူးတိုက်သည်။
မမြင်ရသော တောရိုင်းတစ်ခုဆီမှ ဝံပုလွေအူသံများကို
တိုးသလို၊ ကျယ်သလို
ကျွန်တော် ကြားလာရ၏။
ထိုစဥ်အချိန်မှာပဲ...
ကြိုးစင်မှာ တွဲလောင်းကျနေသော ဝံပုလွေ၏မျက်လုံးများက
ဖျတ်ခနဲ ပွင့်လာကြ၏။
ထိုမျက်လုံးတို့သည်
အစိမ်းရောင် တဖိတ်ဖိတ်တောက်နေကြလေသည်။

❀ ❄ ❁

http://www.cherrythitsar.org

# အ ပို င် း ( ၅ )

မြောက်လေနိုးပါ

တောင်လေလာပါ

ငါ့ဥယျာဉ်အပေါ်သို့လာကြပါ

မွှေးကြိုင်သောရနံ့သည် ပျံ့လွှင့်ပါစေ

ငါ့ချစ်ရာသခင်သည် ဥယျာဉ်တော်သို့ဝင်၍

ချိုသောအသီးကို စားတော်မူပါစေ။

## ၂၅

သေနတ်ကို သေသေချာချာချိန်တယ်။ ခလုပ်ကို လက်ညှိုးနဲ့ 'တေ့' ထားတယ်။ ပစ်မှတ်ကို သေသေချာချာမမှိတ်မသုန် ကြည့်နေတယ်။

မပစ်သေးဘူး။ ပစ်မှတ်ဆီကနေ အကြည့်မလွှဲဘဲ ကျွန်တော့်ကို စကားတစ်ခွန်းပြောတယ်။

"ဉယျာဉ်ကတော့ သူ့အသိအကျွမ်းတွေအားလုံးကို လိုက်နှုတ်ဆက်နေပြီ။ ပြန်မလာတော့မယ့် ခရီးသည်တစ်ယောက်ရဲ့ နှုတ်ဆက်ပုံမျိုးနဲ့ပေါ့"

ပြီး...

ခလုတ်ကို ဖြုတ်ချလိုက်တယ်။

ပစ်မှတ်ကို ထိလား၊ မထိဘူးလား၊ သူမသိဘူး။ ကြည့်လည်း မကြည့်တော့ဘူး။

ကသစ်...

သေနတ်ကိုင်ပြီး သူ... ငိုင်နေတယ်။

❀ ❄ ❁

၂၆

ဒီကောင်မလေးဟာ တော်တော်ချစ်စရာကောင်းတဲ့ ကောင်မလေး ဖြစ်သလို တော်တော်ခက်တဲ့ကောင်မလေးလည်း ဖြစ်နေတယ်။

ကလေးရယ်...

သူကတော့ သူ့ဘာသာ သဘောကျနေလေရဲ့။ ပူစရာ ပန်စရာတွေ ဘာမှမရှိတဲ့သူတစ်ယောက်လို ပူစရာပန်စရာဆိုတာကို လုံးဝအလေးဂရု မထားသလို (နာရီကြည့်တဲ့လူတစ်ယောက်က အရေးလုပ်ပြီး စက္ကန့်တံကို မကြည့်သလို)

အဲလိုမျိုးပေါ့

သူ့ကိုယ်သူ ဟန်ဆောင်ထားလေရဲ့။

http://www.cherrythitsar.org



သူ့ကိုယ်သူ ပန်းချီပြန်ဆွဲထားတယ်။

သူ့ကိုယ်သူ ကဗျာပြန်စပ်ထားတယ်။

သူ့ကိုယ်သူ ဝတ္ထုပြန်ရေးထားတယ်။

ဒါပေမယ့် သူ့ကိုယ်သူ ပြန်မခံစားဘူး။

အဲဒီတစ်ချက် သူမှားတယ်။ ခု... သူ့ဘာသာသဘောကျပြီးတော့ ဟက်ဟက်ပက်ပက်ရယ်နေလေရဲ့။

ကျွန်တော့်မှာသာ လိုက်ရယ်ရခက်၊ မရယ်ရခက်နဲ့။

"သူတို့ ကိုရဲကိုလာမေးကြတယ်... ဟုတ်လား၊ ခစ်... ခစ်... ရေရေလည်လည်ဟားရတယ်။ ကိုမင်းဇော်ကြီးကရော ကိုဝင်းအေးနိုင်ကရောပေါ့... မျက်နှာကို ပျက်နေကြတာပဲ... ခုပြန်တွေး... ခုရယ်ချင်တုန်းပဲ"

ဖြစ်ပုံက ဒီလိုပါ...။

ဝင်းအေးနိုင်က ဗီဒီယိုဒါရိုက်တာပါ။ မင်းဇော်က အစိုးရလုံခြုံရေးအရာရှိတစ်ယောက်ပါ။ ဝင်းအေးနိုင်က သူ ရိုက်နေတဲ့ ဗီဒီယိုဇာတ်ဝင်ခန်းတစ်ခုအတွက် မင်းဇော်ဆီကလက်ထိပ်ကို ခဏယူပါတယ်။ ရိုက်ကွင်းထဲမှာပဲရှိတဲ့ မင်းဇော်ကလည်း ခွင့်ပြုလိုက်ပါတယ်။

ဇာတ်လမ်းသဘောအရ မင်းသမီးကို လက်ထိပ်ခတ်ရပါတယ်။ ဖြစ်တဲ့ပြဿနာကတော့ အဲဒီရိုက်ချက်ပြီးလို့ မင်းသမီး လက်ထိပ်ပြန်ဖြုတ်ပေးဖို့ပြင်တဲ့အခါ မင်းဇော်မှာ သော့မရှိတော့တာပါပဲ။

တရားခံကတော့ ခု ကျွန်တော့်ရှေ့က ကောင်မလေးပေါ့။ မင်းဇော်ဆီက သော့ကိုသူယူပြီး တစ်နေရာကို ထွက်သွားတာပါ။ ဖြုတ်မရတဲ့

လက်ထိပ်ကြီးနဲ့ မင်းသမီးခမျာငိုပါတယ်။

မင်းဇော်ရော၊ ဝင်းအေးနိုင်ရော၊ မျက်လုံးမျက်ဆံပြူးပြီး မရွှေချော ကလေးကို လိုက်ရှာကြရပါတယ်။ မင်းသမီးကလည်း နောက်တစ်ခန်းမှာ ရေကူးဝတ်စုံကလေးနဲ့ လှလှပပရေကူးပြရမယ်တဲ့…။ ခုတော့ မင်းသမီး မှာ ဖြုတ်မရတဲ့လက်ထိပ်ကြီးကိုကြည့်၊ ပူးနေတဲ့လက်ကြီးနှစ်ဖက်ကို မြှောက်မြှောက်ပြီးတော့ ငိုပါတယ်။

ဘယ်သူကမှ ချော့လို့မရပါဘူး။ ရိုက်ကွင်းကို ပျက်ပါလေရော။ စက်ဘီးတစ်တန်ကားတစ်တန်နဲ့ ကျွန်တော်ချစ်တဲ့ ရွှေဥယျာဉ်ကလေးကို လိုက်ရှာကြရပါတယ်။ ကျွန်တော့်ဆီလည်း လာမေးကြပါတယ်။

နောက်တော့ ဘယ်မှာပြန်တွေ့ပြီး ဘယ်လိုပြန်ဖြစ်သွားတယ်မသိဘူး။ အခု ဒီနေ့မှာတော့ ကျွန်တော်ရှေ့လာထိုင်ပြီး မရွှေဥယျာဉ် တလွင်လွင်ရယ် ပါတယ်။

ကျွန်တော်ကတော့ ရင်ထဲကညည်းနေမိကျစကားအတိုင်း 'ချစ်တယ် ကလေးရယ်'လို့ပဲ ဆက်ညည်းနေရတာပေါ့။

"နေဦး… အခု ဒါက ဘယ်သွားမလို့လဲ"

"လိုက်ခဲ့စမ်းပါ… လိုက်သာလိုက်ခဲ့စမ်းပါ"

ကျွန်တော့်ဘာသာ လက်ဖက်ရည်သောက်နေတာကို ဆိုင်အထိ လိုက်လာပြီး ဆွဲခေါ်လို့ လိုက်သွားရတယ်။ ကိစ္စကိုတော့ လမ်းကျမှ ပြောပြ တယ်။

"ဘဲတစ်ပွဲကို အဖြေပေးစရာရှိလို့"

"ဘယ်ကဘဲလဲ..."

"ဟို... ကျွန်တော့်သူငယ်ချင်းတစ်ယောက်ပဲ"

"ဘာအဖြေလဲ"

"ဩော်... သူက ကျွန်တော့်ကို ချစ်တယ်တဲ့၊ ကျွန်တော်က သူ့ကို ဘယ်လိုသဘောထားသလဲဆိုတာ အဖြေပြန်ပေးပါတဲ့၊ အဲဒါပါ"

ကျွန်တော်...

ဘာပြောရမလဲ မသိဘူး။

မဖော်ပြနိုင်လောက်အောင် စိတ်တွေ ယောက်ယက်ခတ်သွားတယ်။ ချစ်ရေးချစ်ရာကိစ္စကို အဖြေပြန်ပေးမလို့တဲ့။ အဲဒါ ဘာကိစ္စ ကျွန်တော့်ကို ဆွဲခေါ်ရတာလဲ...။ ကျွန်တော် လက်တွေ့ မြင်စေချင်လို့လား။

ကျွန်တော့်အတွက်တော့ ကြည့်ကောင်းလိမ့်မယ်မထင်ပါဘူး။ အခု တောင် မမြင်ရသေးဘဲနဲ့ မျက်စိထဲမှာ ခါးနေတယ်။

"ဟော... ဟိုမှာ... ဟိုဆိုင်ထဲမှာ ထိုင်နေတယ်"

သူ... မပြခင်ကတည်းက ကျွန်တော် တွေ့ပါတယ်။ အအေးဆိုင် ထဲက ကောင်လေးဟာ သူလာတာကို မြင်ကတည်းက ထိုင်ရမလို ထရမလို နဲ့ ဘေးလူတွေ ရိပ်မိလောက်အောင် ရင်ခုန်ပြနေတာကိုး။

"ကိုရဲ... ဒီမှာ ခဏစောင့်နေ"

ဆိုင်ရှေ့မှာ ကျွန်တော့်ကိုထားပြီး ဆိုင်ထဲကို သူဝင်သွားပါတယ်။ ကျွန်တော် ရပ်ကျန်ရစ်တယ်။ ဆိုင်ထဲမှာ ထိုင်ရမလို ထရမလို ဖြစ်ပြီးသား ကောင်လေးဟာ ဆိုင်ထဲက ထွက်လာရမလို ဆိုင်ထဲ ပြန်ဝင်ရမလို ထပ်ဖြစ်

တယ်။

ဥယျာဉ်က အဲ့ဒီကောင်လေးရှေ့မှာ ရပ်တယ်။ သူ့ကျောပိုးအိတ်လှလှလေးထဲက စာအိတ်ရှည်ကြီးတစ်အိတ်ကို ထုတ်ပြီး ကောင်လေးကို ပေးလိုက်တယ်။ ကောင်လေးက ခါးကိုင်းပြီး ယူမရလို ဦးညွှတ်ပြီး ယူရမလိုဖြစ်နေတယ်။

သူကတော့ အဲ့ဒါကို သိပ်ဂရုမစိုက်သလိုပဲ။ ပေးပြီးပြီးချင်း ပြန်ထွက်လာတယ်။

"လာ… ကိုရဲ"

အဲဒီလိုပြောပြီး ကျွန်တော်နဲ့ ဆက်ထွက်ဖို့ပြင်တယ်။

ကျွန်တော် သူ့ကို ကြည့်နေမိတော့ 'သွား… ကိုရဲ'လို့ သူက ထပ်ပြောတယ်။ လာခိုင်းလိုက် သွားခိုင်းလိုက်နဲ့။

ဒါပေမယ့် ဘာပဲပြောပြော သူနဲ့ကျွန်တော် လမ်းပေါ်မှာ ဆက်လျှောက်ခဲ့ကြပါတယ်။

"ကျွန်တော် အဖြေပြန်ပေးခဲ့ပြီ"

မပြောဘူးလို့ တွေးထားတဲ့စကားက အလိုအလျောက် နှုတ်က ထွက်သွားတယ်။

"ဘယ်လိုပြန်ပေးလိုက်လဲ"

"ဘယ်လိုမှ မပေးပါဘူး၊ အဖြေလို့ပဲ ပြန်ပေးလိုက်တာပေါ့"

"ဘာရယ်"

သူပြောတာကို ကျွန်တော် နားမရှင်းဘူး။ အဲ့ဒါကြောင့် သူက

ရှင်းပြတယ်။

“ဒီလိုလေ သူက ကျွန်တော့်ဆီက အဖြေတောင်းတယ်မို့လား”

“အင်း”

“အဲ့ဒါကြောင့် ကျွန်တော်က စာရွက်တစ်ရွက်မှာ အဖြေ… ဆိုတဲ့ စားလုံးကို အကြီးကြီးရေးပြီး ပြန်ပေးလိုက်ပြီ”

“ဟင်”

ကျွန်တော် ဘာပြောရမလဲတောင် မသိဘူး။ ရယ်ချလိုက်မိတယ်။ သူကလည်း လိုက်ရယ်တယ်။ သူ့ရယ်သံဟာ ကျွန်တော့်နားထဲမှာ ဗျတ်စောင်းခတ်သံလို သိပ်ချိုတာပဲ…။

ချစ်တဲ့ ကောင်မလေးရယ်…။

“ကိုရဲ”

“ဘာလဲ”

“ကျွန်တော်နဲ့ လိုက်ခဲ့နော်”

“အခု ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလဲ”

“ရောက်ပါပြီ၊ ခွေးတွေကို အစာကျွေးမလို့”

သူတို့အိမ်နားမှာပါ။ သူတို့လမ်းထဲမှာပါ။ ခွေးတွေက ချက်ချင်း ရှာမတွေ့ဘူး။ ဘယ်သွားနေကြလဲမသိဘူး။

‘တောက်… တောက်… တောက်’လို့ တောက်ခတ်ပြီး သူခေါ်ပါတယ်။

“ကိုရဲကလဲ ခေါ်ပေးလေ”

"သြော်... အေး"

"ကျွန်တော်နဲ့မတူစေနဲ့၊ ကျွန်တော့်လို မခေါ်နဲ့၊ ကိုရဲက အို... အို အို... အို... လို့ခေါ်၊ ဒါမှ ပိုကောင်းမှာ"

"သြော်... အေး... အေး... ကောင်းပါပြီ"

သူပြောသလို ခွေးခေါ်ပေးရတယ်။ တောက်တောက်တောက်တွေ၊ အို့အို့အို့တွေ နည်းနည်းတော့ ညံသွားတယ်။

ခွေးတွေရောက်လာတော့ သူက သူဝယ်လာခဲ့တဲ့အကြော်တွေ ချကျွေးတယ်။ နှုတ်ကလည်း ပြောသေးတယ်။

"ဒီကောင်တွေက ကောင်းတယ်ကိုရဲရဲ့"

"ဘာဖြစ်လို့လဲ၊ ဘာကောင်းတာလဲ"

"ကျွန်တော် ဘုရားရှိခိုးပြီးကြေးစည်တီးရင် သူတို့ကပါ လိုက်အော်တယ်"

ဒါများ... ကျွန်တော်ဆို ခဲနဲ့ထုတာ၊ သူက အကြော်တောင် လာကျွေးနေသေးတယ်။ တွေ့လိုက်ရရင် ထော်လော်ကန့်လန့်ချည်းပဲ။

ခွေးတွေကို ကျွေးပြီးတော့ ဘုရားဘက်လျှောက်ချင်တယ်လို့ ပြောပြန်တယ်။ သွားကြတယ်။ လမ်းမှာ သူကပြောတယ်။

"ခွေးတွေက သရဲကိုတွေ့ရင်လဲ အော်ကြတယ်နော်"

'အူ'တာကို သူက 'အော်'တယ်လို့ သုံးနေတယ်။ ထားလိုက်ပါတော့။ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

"ပြောကြတာပဲ"

“သရဲတွေ ကိုယ်ထင်ပြတာကို ကိုရဲမြင်ဖူးလား”

“တောက်တီးတောက်တဲ့ကွာ၊ မမြင်ဖူးပါဘူး”

“သူက ဘယ်လိုလုပ် ကိုယ်ထင်ပြသလဲ မသိပါဘူးနော်”

သူ… ဘာရည်ရွယ်ချက်နဲ့ ဒါတွေ လျှောက်ပြောနေလဲ မသိဘူး။ သိရင်တော့ မသိချင်ယောင်ဆောင်ရမှာမို့လို့ ကျွန်တော် အလိုက်သင့်ပဲ နေလိုက်တယ်။ (သိလည်း သိသလိုပါပဲ) ကျွန်တော် ကြားဖူးတာတွေ ပြောပြလိုက်တယ်။

“သရဲက ဓာတ်ငွေ့ကိုပဲ ပြောကြပါတယ်။ Gas ပေါ့လေ။ နှင်းတွေ ဘာတွေ ဝေနေရင် နှင်းတွေအပေါ်မှာ သူက အိမ်ဖွဲ့ပြီး ထုထည်တစ်ခုခု လုပ်ပြတာမျိုးပေါ့။ အဲဒီလို ကိုယ်ထင်ပြရတာပေါ့”

“ဟာ… အဲဒါ ကျွန်တော် မကြားဖူးဘူး”

သူက ကြောက်တာထက် စိတ်ဝင်စားတာတောင် ပိုနေသေးတယ်။ မျက်တောင်တဖျပ်ဖျပ်ခတ်တယ်။

“နေဦးကိုရဲ၊ သူတို့ အဲဒီလို ကိုယ်ထင်ပြလာရင် ဘယ်လိုမောင်းထုတ်ရမလဲ”

“ရှူးရှူးနဲ့ ပန်းရတယ်တဲ့”

သူ အလိုမကျဖြစ်သွားတယ်

“ဟာ… ကိုရဲကလဲ”

“တကယ်ပြောတာ သူတို့က အမိုးနီးယားကို ကြောက်တယ်တဲ့။ အဲဒီရှူးရှူးမှာက အမိုးနီးယားပါတယ်တဲ့”

## (၂၅၅) တာရာမင်းဝေ

"ဩော်..."

သူ တွေဝေသွားတယ်။ ကျွန်တော်နဲ့ယှဉ်လျှောက်ရင်း ငြိမ်ငြိမ်ကလေး စဉ်းစားနေတယ်။ နောက်မှ သူ့ဘာသာတစ်ယောက်တည်း ရေရွတ်သလိုမျိုး စကားတစ်ခွန်းကို ခပ်တိုးတိုးပြောတယ်။

"ဟာကွာ... ယောက်ျားလေးဆိုရင် အပိုင်ပဲ"

အဲ... ဟောဗျာ...

ကျွန်တော် ရယ်ချင်သွားတာအရမ်းပဲ။ ဟုတ်တာပေါ့၊ သူက မိန်းကလေးဆိုတော့ သရဲကို ဒီနည်းနဲ့ မောင်းထုတ်ဖို့ခက်တာပေါ့။ ရယ်ချင်တာကို ဘယ်လိုပုံစံနဲ့ ရယ်ရမလဲမသိဖြစ်နေတာမျိုး ကြုံဖူးကြသလား။ ခု... ကျွန်တော်လည်း အဲ့ဒီလိုမျိုးပေါ့။

နောက်ဆုံးတော့လည်း မရယ်ဖြစ်လိုက်ပါဘူး။ သူ့မျက်နှာကလေး တည်နေတယ်လေ။ ကျွန်တော် သနားလာတယ်။

"ဟွန်း"

သူ သက်ပြင်းသဲ့သဲ့ချတယ်။

ဘာစကားမှ ဆက်မပြောဖြစ်ကြပါဘူး၊ ဘုရားရှေ့က ခြင်္သေ့ရုပ်ကြီးဘေးမှာ အတူထိုင်တယ်။ သူရယ်... ကျွန်တော်ရယ်... ခြင်္သေ့ရုပ်ကြီးရယ်... အတူတကွပေါ့။

အတော်ကြာမှ သူက တိုးတိုးကလေးခေါ်တယ်။

"ကိုရဲ"

"ဟင်"

"မျက်လှည့်ပြ ကိုရဲရယ်..."

"ဟင်"

"မျက်လှည့်ပြလို့..."

ကျွန်တော် သူ့ကို ကြည့်လိုက်တယ်။ သူကလည်း ကျွန်တော့်ကို ကြည့်နေလို့ နှစ်ယောက်သား မျက်လုံးချင်းဆုံနေကြတယ်။

ကျွန်တော် သက်ပြင်းချရတဲ့အလှည့်ပေါ့။ မေးတော့ မေးလိုက်မိတယ်။

"ဘာလဲ စိတ်ညစ်နေပြန်ပြီလား"

သူ... ဘာမှ ပြန်မဖြေဘူး။ အဲ့ဒါနဲ့ပဲ...

"ကဲ... ဒီမှာကြည့်"

လက်ထဲမှာ အပြာရောင်လက်ကိုင်ပဝါတစ်ခုကို ကိုင်ပြထားလိုက်တယ်။

"ကြည့်ထားနော်"

"အင်း"

"ဟော... ဟော့ဒီမှာ..."

လေထဲမှာ လက်ကိုဝှေ့ယမ်းလိုက်တယ်။ လက်ကိုင်ပဝါက အပြာရောင်ကနေ အနီရောင်ဖြစ်သွားတယ်။

"အယ်"

သူ မျက်လုံးအဝိုင်းသားဖြစ်နေချိန်မှာပဲ ကျွန်တော်က လက်ကို ထပ်ဝှေ့ယမ်းတော့ လက်ကိုင်ပဝါအနီက အပြာပြန်ဖြစ်သွားတယ်။

သူက လက်ကိုင်ပဝါကို မကြည့်တော့ဘူး။

ကျွန်တော့်မျက်နှာကို ကြည့်တယ်။ ကျွန်တော် သူ့ကို ပြန်မကြည့်ပါဘူး။ ရယ်နေလိုက်တယ်။

ခဏကြာတော့ ကျွန်တော် ထရပ်တယ်။

တစ်လှမ်းနှစ်လှမ်း လမ်းလျှောက်တယ်။ သူ့ကို ပြန်လှည့်ကြည့်လိုက်တော့ သူက ခြသေ့ရုပ်ကြီးကိုမှီပြီး ကျွန်တော့်ကို ခပ်ငေးငေး ကြည့်နေတယ်။

ကျွန်တော့်လက်ထဲမှာ ပဝါမရှိတော့ပါဘူး။ ပြောသင့်တာလေး တစ်ချက်ကို ပြောဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

“ဘာမှ ဆန်းတဲ့မျက်လှည့်မဟုတ်ပါဘူး ဥယျာဉ်ရယ်… ရိုးရိုးကလေးပါ”

သူ့မျက်လုံးနက်နက်ကလေးတွေက ကျွန်တော့်မျက်နှာပေါ်မှာ အလေးအနက်ငြိမ်သက်လို့။

“ပဝါတစ်ထည်ထဲက နှစ်ရောင်ဖြစ်နေတယ်။ နှစ်ရောင်နဲ့ ချုပ်ထားတာမဟုတ်ဘူး။ ဒါဆို ဘာဖြစ်လို့လဲ”

သူ… မဖြေဘူး။ ကြည့်မြဲကြည့်နေတယ်။

“တကယ်တော့ တစ်ထည်ထဲက နှစ်ရောင်ဖြစ်တာမဟုတ်ဘူး။ ဥယျာဉ်ကိုယ့်ဆီမှာ ပဝါနှစ်ထည်ရှိနေတယ်။ အနီတစ်ထည်၊ အပြာတစ်ထည်ပေါ့။ မင်းကိုတော့ တစ်ထည်ထဲက နှစ်ရောင်ပြောင်းနေသလို ကိုယ်လုပ်ပြခဲ့တယ်။ မဆန်းပါဘူး။ ဟန်းဒ်ထရစ် (Hand Trick)လို့ ခေါ်တယ်။ လက်နဲ့

လှည့်စားပြတာပါပဲ”

သဘောပေါက်သွားလို ခေါင်းညိတ်ပြတယ်။

“လက်ထဲမှာ တစ်ထည်ပဲကိုင်ထားလျက်နဲ့ နောက်တစ်ထည်က ဘယ်ကရောက်လာသလဲ၊ လေထဲက ရောက်လာတာတော့မဟုတ်ဘူး။ ထပ်ပြောမယ်။ အပြင်က ရောက်လာတာမဟုတ်ဘူး။ အဲ့ဒါဆို တစ်ခုပဲ ရှိတော့တယ်။ အထဲက ထွက်လာတာပဲ။ ဟုတ်တယ်။ ကိုယ့်အင်္ကျီလက်ထဲက ထွက်လာတာပဲ”

သူ့ခန္ဓာကိုယ်ကလေး တောင့်ခနဲဖြစ်သွားသလိုပဲ သူ့မျက်လုံးတွေဟာ အရောင်တောက်လာတယ်။

ကျွန်တော်နဲ့သူ တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြတယ်။ ကျွန်တော့်ကို ကြည့်နေပေမယ့် သူ ကျွန်တော့်ကို မမြင်ဖူးထင်ပါရဲ့။

သူ… ဘာကို မြင်နေပြီလဲ…။

အဲ့ဒီလို…

အဲ့ဒီလိုနဲ့ပဲ…

ကျွန်တော်တို့ ဘုရားကနေ ပြန်လာခဲ့ကြတယ်။ အပြန်လမ်းမှာ ကျွန်တော်က သူ့ကို ပြောဖြစ်တယ်။

“အသိတွေကို နှုတ်ဆက်တာ၊ ဟိုကောင်လေးကို အဖြေပေးတာ၊ ခွေးတွေကို အစာကျွေးတာ၊ ခုလို ကိုယ်နဲ့ တစ်နေကုန်လျှောက်လည်တာ၊ ဒါတွေကိုထောက်ရင် မင်း တစ်နေရာရာကို သွားတော့မယ်ထင်ပါရဲ့၊ ပြန်မလာတော့မယ့်ခရီးတစ်ခုကို ထွက်သွားရမယ့်ပုံပဲ”

"……………"

"ကိုယ် မတားပါဘူး။ ဒါပေမယ့် ပြန်အလာကိုတော့ မျှော်နေမိမယ်ထင်တယ်။ တကယ်လို့ မင်း ပြန်လာမယ်ဆိုရင် အင်မတန်ဆန်းပြားတဲ့ မျက်လှည့်ပြကွက်တစ်ခု ကိုယ်ပြမယ်"

"……………"

"မင်းကို ကိုယ် ဒေင်ဥယျာဉ်ကြီး ဖန်တီးပြမယ်"

"………………"

"အဲဒီဥယျာဉ်ထဲမှာ သစ်သီးတစ်လုံးလဲ ရှိတယ်… ကဲ အဲဒီအခါကျ မင်းတွေ့လိမ့်မယ်"

ဒါပါပဲ…။

ကျွန်တော်တို့ လူချင်းခွဲချိန်မှာ သူဟာ နှုတ်ခမ်းကလေးကို ဖိကိုက်မာန်တင်းထားပါတယ်။ ကျွန်တော့်လက်ကို တစ်ချက် ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ကျွန်တော့်ကို ခေါင်းကလေးညိတ်ပြတယ်။

ဒါပါပဲ။

ညနေဟာ… မြူခိုးတွေနဲ့ မှိုင်းပြာနေတယ်။

❀ ❄ ❁

http://www.cherrythitsar.org



## ၂၇

စပယ်ရုံများက အုတ်အုတ်ကျက်ကျက်ပွင့်နေ၏။ မြေပြင်မှာလည်း ပွင့်ကြွေတစ်ချို့က ဟိုလူးသည်လိမ့်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ လေတိုး၍ သစ်ရွက်လှုပ်ခတ်သံမှတစ်ပါး အခြား ဘာသံကိုမှ မကြားရ။ အေးတိအေးစက်နိုင်သော ရသတစ်ခုကသာ လွှမ်းမိုးထားသည်။

လမ်းခွဆုံသို့အရောက်မှာ သူမ ခေတ္တရပ်၏။ မျက်နှာမူရာအရပ်ဆီ မော်ကြည့်မိသည်။ ထို့နောက် ဆက်လျှောက်၏။ လမ်းနံဘေးမှ မြက်ရိုင်းပင်များကို ခြေဖြင့် တို့ခတ်သွားမိသေးသည်။

# ၂၆၁ တာရာမင်းဝေ

သူမ၏မျက်နှာမှာတော့ ဘာသာပြန်ရန်ခက်ခဲမည့်အပြုံး တစ်ပိုင်းတစ်စ။ မျက်လုံးကသော်လည်းကောင်း၊ နှုတ်ခမ်းကသော်လည်းကောင်း၊ ကိုယ်စားပြု တာဝန်ယူနိုင်ခြင်းရှိမည်မဟုတ်သည့် ပဟေဠိအပြုံး။

တစ်နေရာအရောက်မှာ သူမ ခဏရပ်ပြန်၏။ သူမ၏နားထဲတွင် အသံ တစ်ခုကို ကြားနေရသည်။ သတိထား၍ နားစွင့်ထောင်ရင်း ခေါင်းတစ်ချက် ဆတ်မိ၏။

အသံသည် အဝေးမှ နီးလာသလို ကြားနေရသည်။ သို့သော် မနီး မဝေးတစ်နေရာဆီမှသာ ပုံမှန်လာနေသည့်အသံဖြစ်ကြောင်း သူမ ခွဲခြားနိုင်ပါ သည်။

အသံသည် သမ္မာကျမ်းစာရွတ်ဖတ်သံဖြစ်၏။ အပြစ်ကျူးလွန်သူ တစ်ယောက်သည် အပြစ်ဒဏ်ကို ခံရမည်ဖြစ်ကြောင်း ကြေညာရွတ်ဖတ် သံ ဖြစ်၏။ ခပ်သုန်သုန်တိုက်ခတ်သည့် လေစီးထဲတွင် ထိုကျမ်းစာရွတ်သံ ကို ကြားနေရခြင်းသည် ချောက်ချားဖွယ်ရာကောင်းနေတော့သည်။

သို့သော်...

သူမကတော့ အသံကြားရာဆီသို့ ဦးတည်လျှောက်လာခဲ့သည်။ ထိုသို့ဖြင့် သူမနှင့် အသံရှင်သည် တစ်စစနှင့် နီးကပ်လာသည်။

နောက်ဆုံး...

သူမ လူတစ်ယောက်ကို တွေ့လိုက်ရပြီဖြစ်သည်။ သူမ... အသက် ကို မှန်မှန်ရှူရင်းငေးကြည့်နေမိသေးသည်။

ထိုလူသည် သူမကို ကျောပေးထိုင်လိုက် သမ္မာကျမ်းစာကို ရွတ်

ဖတ်နေ၏။ အရိပ်ထူထပ်၍ အကိုင်းအခတ်ရှုပ်ထွေးသော သစ်ပင်ကြီးများ ကြားမှာ သူထိုင်နေခြင်းလည်းဖြစ်သည်။

သူမ... ရောက်နေပြီဖြစ်ကြောင်း ထိုလူသိပါလိမ့်မည်။ သိနိုင်ပါသည်။ သို့သော် ထိုလူက သူမကို ယခုထက်ထိ လှည့်မကြည့်။ သူ့ဘာသာသူ မလှုပ်မယှက်ထိုင်လျက်။ သမ္မာကျမ်းစာကိုသာ တွင်တွင်ရွတ်ဖတ်လျက်...။

သူမ ငြိမ်သက်ငေးစိုက်ကြည့်နေမိ၊ သူမ၏မျက်နှာကလည်း သိမ်မွေ့ တင်းမာနေသည့်နှယ်...။

*သူသည် အလွန်မိုက်သောကြောင့်*

*မှားယွင်း၍ သွန်သင်ခြင်းကို မခံရဘဲ သေသွားရလိမ့်မည်။*

*မိမိအပြစ်သည် မိမိအပေါ်မှာ လေးသဖြင့်*

*ပြည်တော်သည် လဲလိမ့်မည်။ နောက်တစ်ဖန် ထမရ...*

သမ္မာကျမ်းစာရွတ်ဖတ်သံက နေ့းရာမှ မြန်လာသည်။ နူးညံ့ရာမှ တင်းမာလာသည။ အသက်ရှူသံကလည်း စိတ်ဖောမြင့်မားမှုနှင့်အတူ ရှုပ်ထွေး လေးလံစွာ ပါဝင်လာသည်။

သူမ... သက်ပြင်းကိုချမိ၏။

ထို့နောက်... သူမ ပြုံးလိုက်သည်။ ထိုလူ့အနီးသို့ ခြေလှမ်းမှန်မှန် ဖြင့် လျှောက်သွားပြီ။

“ဖြည်းဖြည်းရွတ်ပါရှင်၊ ဘာဖြစ်လို့ ဒီလောက် စိတ်လှုပ်ရှားနေ ရတာလဲ”

ကျမ်းစာရွတ်သံ တုံ့ရပ်သွား၏။ ငြိမ်သက်နေသောခန္ဓာကိုယ်ကလည်း

ပို၍ငြိမ်သက်သွားသည်။

"ကျွန်မ ရောက်နေပြီ။ ရှင်ခေါ်လို့ လာခဲ့တာပဲ။ အခုမှ ဘာဖြစ်လို့ မသိချင်ယောင်ဆောင်နေတာလဲ၊ လှည့်ကြည့်ပါဦး"

ထိုလူ… ချက်ချင်းမှာတော့ မလှုပ်ရှားသေးပါ။ ထို့နောက်မှာတော့ ဖြည်းဖြည်းချင်း လှုပ်ရှားလာ၏။ သူမဘက်သို့ မျက်နှာလှည့်လာသည်။

"……………………"

သူမ ခန္ဓာကိုယ် အနည်းငယ်တုန်သွားသည်ဟုထင်ရသည်။ ထိုလူ၏ မျက်နှာကို သူမစိုက်ကြည့်ရင်း သူမ အသက်မဲ့သလို ဖြစ်သွားသေးသည်။

ထို့နောက် သူမ ပြန်လည်နိုးကြားလာသည်။ ဘာမှမဖြစ်သလို 'ဟက်'ခနဲ တစ်ချက်ရယ်၏။

"ရှင်က အခု ခရစ်ယာန်ဘာသာဝင်ဖြစ်နေပြီလား"

ထိုလူက သူမ၏စကားကို ပြန်မဖြေပါချေ။ တောက်ပစူးဝင်းသော မျက်လုံးအစုံဖြင့် ပြန်ကြည့်ရင်း

"ငါ ပို့လိုက်တဲ့စာတွေ ရလား"

အသံက မာကျောမှုမပါသော်လည်း ပျော့ပြောင်းမှုမရှိ။ ခံစားချက် မပါသောလေသံဖြစ်သည်။

သူမက မဲ့ပြုံးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ရပါတယ်"

ထိုလူက ဘာမှ ထပ်မပြော၊ သူမကိုသာ စိုက်ကြည့်နေသည်။ သူမက အပြုံးဖြင့် မေးကလေးဆတ်ပြသည်။ ထို့နောက် ချစ်စဖွယ်ကောင်းသော

လေသံဖြင့်

"ကျွန်မက ရှင့်ကို ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းက ကပ္ပိယလေး အဖြစ်ပဲ သိထားတာ၊ အခု ခရစ်ယာန်ဘာသာဝင်ဖြစ်နေပြီထင်တာပဲ။ ဒါပေမယ့် ထားပါလေ။ ကျွန်မဘက်ကတော့ ကျွန်မသိထားတဲ့အတိုင်း လုပ်စရာရှိတာတွေ ကို လုပ်ပေးခဲ့ပါတယ်"

စကားကို ခဏရပ်သည်။ ထိုလူက သူမကို မလှုပ်မခတ် စူးစိုက် ကြည့်နေဆဲ။ သူမက စကားဆက်လိုက်သည်။

"ရှင်ကရော... ကျွန်မပေးတဲ့စာတွေကို ရလား"

"ဘာ..."

သူမ၏စကားကြောင့် ထိုလူ ဟန်ချက်ပျက်သွားသည်။ သူမ၏ မျက်နှာကို မဝေခွဲတတ်သလိုကြည့်သည်။

သူမက စကားကိုဆက်မပြောသေးဘဲ ရပ်ထားပြန်သည်။ ထိုလူက စောင့်ရန် စိတ်ရှည်ပုံမရ။ တုံ့ပြန်မေးသည်။

"ဘာလဲ ဘာစာတွေပေးဖူးလို့လဲ"

သူမ ရယ်သည်။ သူမ၏စလင်းဘက်အိတ်ထဲမှ ဖြတ်ပိုင်းအချို့ကို ထုတ်သည်။ ထိုလူ့ကို ကမ်းပေးသည်။

ထိုလူက မျက်မှောင်ကြုတ်ပြီး ယူသည်။ ဖြတ်ပိုင်းစက္ကူတွေကို တစ်ရွက်ချင်း သေသေချာချာကြည့်သည်။ မျက်နှာအမူအရာ ပြောင်းလဲခြင်း မရှိသော်လည်း မျက်လုံးအရိပ်အရောင်တွေက လွန့်ခါသွားသည်။

စက္ကူဖြတ်ပိုင်းတွေက အလှူဒါနဆိုင်ရာ ဖြတ်ပိုင်းတွေ

http://www.cherrythitsar.org



ကွယ်လွန်သူ ‘ဝင်းလတ်’ ကောင်းရာသုဂတိရောက်ဖို့အတွက် မဥယျာဉ်၏ အလှူဒါနဆိုင်ရာဖြတ်ပိုင်းများ၊ ကောင်းမှုကုသိုလ်ရရန် အမျှဝေသော စာရွက်စာတမ်းများ။

တစ်ရွက်နှစ်ရွက်မဟုတ်။ အများကြီး။ တစ်နေရာ နှစ်နေရာမဟုတ်။ နေရာအနှံ့။ ဘာသာရေးအထိမ်းအမှတ်နေ့တွေမှာမှ မဟုတ်၊ နေ့ပေါင်းမျိုးစုံ။

ထိုလူ့လက်ထဲမှ ထိုစာရွက်တို့ တုန်ယင်နေသည်။

“ရှင် အံ့ဩနေသလား၊ ခုမှ သိသလား။ ကျွန်မ ရှင့်ကို ပေးခဲ့တဲ့ စာတွေ၊ အမှာတွေ၊ စကားတွေ…အများကြီးပါပဲ။ ရှင် မရခဲ့ဘူးလား။ ဘယ်လိုလဲ”

ထိုလူ နှုတ်ဆိတ်နေသည်။

“ရှင်… အခု ကျွန်မကို ဘာကိစ္စဒီခေါ်တာလဲ။ ဘာပြောချင်လို့လဲ”

ထိုလူ မဖြေ။

“ဘာကိစ္စမှ မရှိဘူးလား”

ထိုလူ မဖြေ။

“ကျွန်မ ပြန်လို့ရပြီလားဟင်… ကျွန်မ ပြန်မယ်”

ပြောပြောဆိုဆို သူမ လှည့်ထွက်၏။ ထိုလူ လက်တစ်ဘက်က မြောက်တက်လာသည်။ သူမကို မသွားရန် လက်ပြဟန့်တားခြင်းဖြစ်သည်။

“နေဦး”

သူမက ခြေအစုံကို ရပ်လိုက်ပြီး လည်ပြန်လှည့်ကြည့်သည်။

“ဘာကိစ္စရှိသေးလို့လဲ”

http://www.cherrythitsar.org



ထိုလူ သက်ပြင်းချသည် (ဟု… ထင်ရသည်) ထိုင်ရာမှ ထ၏။ သူမအနားသို့ လျှောက်လာ၏။ သူမအနီးမှာ ရပ်သည်။ ဘာမှမပြောသေး။

သူမက ထိုလူ့မျက်နှာကို အကဲခတ်သလိုကြည့်သည်။ ထိုလူက သူမကို မကြည့်။ မျက်နှာလွှဲထားသည်။ တစ်စုံတစ်ရာပြောလိုဟန်ရှိ၏။ သို့သော် ဘာမှလည်း မပြောသေး။

သစ်ကိုင်းတစ်ခုကို လက်နှင့်ဆွဲကိုင်ကာ ဟိုးအဝေးကို ငေးနေသည်။ သူမ စိတ်ရှည်လက်ရှည်စောင့်၏။ ထိုလူ့ထံမှ (အချိန်အတော်ကြာသည့်တိုင်အောင်) ဘာသံမှ ထွက်မလာ။

သူမက ‘ပြန်မည်’ဟူသောအမူအရာမျိုးဖြင့် ခြေလှမ်းကိုပြင်၏။ ထိုလူ့ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

“နေဦး… မင်း မသွားနဲ့ဦး”

သူမ မျက်နှာမှာ အရိပ်အရောင်တစ်မျိုး ဖြတ်ပြေးသွားသည်။ နှုတ်ခမ်းပါးပါးမှာ ဝိုးတဝါးအပြုံးတစ်ပွင့်ရောက်လာသည်။ နားသယ်စပ်မှ ဆံနွယ်မျှင်များကို လက်နှင့် သပ်တင်ရင်း

“ဟိုတုန်းက ရှင် ကျွန်မကို ပြောဖူးတယ်နော်၊ ကျွန်မ ပန်တဲ့ပန်းကလေးကို နမ်းရရင်ပဲ ဒီဘဝအတွက် ပြည့်စုံပါပြီ… တဲ့”

သူမ ခေါင်းထက်မှ နှင်းဆီပွင့်ကို ပြန်ဖြုတ်ယူသည်။

“အင့်… ရှင် နမ်းချင်တဲ့ဆန္ဒရှိရင်”

သူမက လက်ကမ်းပေးထားသော်လည်း ထိုလူက လှမ်းမယူသေး။ သူမလက်ထဲမှ နှင်းဆီပန်းကို ငေးနေသည်။ သူမက ခနဲ့သံတစ်ချက်ကို

'ဟင့်'ခနဲ ပြုခါမှ သတိရသွားသလို လှမ်းယူသည်။

ထို့နောက် သူ့လက်ထဲမှ နှင်းဆီပန်းကို ငုံ့ကြည့်ရင်း ငေးနေပြန်သည်။

နောက်တော့ သူမကိုမော့ကြည့်သည်။ သူမ၏ လှပသောမျက်ဝန်းအစုံက သူ့ကို စိုက်ကြည့်နေ၏။ သူ သက်ပြင်းချသည်။ နှင်းဆီပန်းကိုင်ထားသောလက်ကို မြှောက်သည်။

နှင်းဆီပန်းကို ဖြည်းညင်းစွာ နမ်းမွှေးမည်အပြု

"မနမ်းနဲ့"

တားဆီးသံတစ်ခုက မလှမ်းမကမ်းမှ ပေါ်ထွက်လာသည်။

❀ ❄ ❁

# ၂၈

လရောင်ခြည်က အဝါလဲ့လဲ့။ ဟိုးအဝေးမှာလည်း မြူနှင်းတို့ ညို့ဝေ။ လူငယ်နှစ်ဦး၏ကြားမှ တဟုန်းဟုန်းတောက်ရှန်းနေသော မီးပုံကြီးသည် ဟိုမှာသည်သို့ လွန့်လူးယိမ်းခတ်။

ညက အေးမြနေသည်။ ညဉ့်လေသည် စီးအကြောင်းအမျိုးမျိုးဖြင့် သွေဖည်တိုက်ခတ်နေဆဲ။ ရှင်းလင်းဆိတ်ငြိမ်သော နေရာဖြစ်၍ လူငယ်နှစ်ဦး၏စကားသံကသာ အပြန်အလှန်ထွက်ပေါ်လွင့်မျောနေ၏။

"ကျွန်တော်တို့က အစကတည်းက ခရစ်ယာန်ဗျ၊ အဖေဆုံးပြီး မိထွေးနဲ့ မနေချင်တော့လို့ အိမ်က ထွက်ပြေးလာကြတာ။ ကျောက်သွား

တူးမယ်ဆိုပြီးတော့ အထက်ဘက်ကို တက်ခဲ့ကြတာ။ အရွယ်တွေကလဲ ငယ်သေး၊ ကလေးသာသာ၊ အစ်ကိုကလဲ ကျွန်တော်နဲ့ အမြွှာဆိုပေမယ့် ကျွန်တော်က ဉာဏ်ထက်သလောက် သူက ဉာဏ်ဆိုတာ မရှိသလောက် ထုံထိုင်းနေတယ်။ အဲဒီလိုနဲ့ လမ်းမှာ လူချင်းကွဲသွားတာပဲ”

မီးပုံမှ အလင်းရောင်သည် ပတ်ဝန်းကျင်ကို ရွှေရောင်လိုလို၊ အနီရောင်လိုလို၊ ပျံ့စီးကျနေသည်။ လူငယ်တစ်ဦး၏ ပြောလက်စ စကားသံက တိုးညင်းစွာ ဆက်လက်ထွက်ပေါ်နေ၏။

“ကျွန်တော်ကတော့ ရည်ရွယ်ထားတဲ့အတိုင်း ကျောက်တွင်းအောင်တဲ့ သူဌေးလေးတစ်ယောက်ဖြစ်လာတယ်။ ပျောက်သွားတဲ့အစ်ကိုကို လိုက်စုံစမ်းပေမယ့် အချိန်က အတော်ကြာတဲ့အထိ ဘာသတင်းမှ မရဘူး။ အခု ကျွန်တော် နိုင်ငံခြားထွက်ခွာနီးကျမှ ကွဲသွားတဲ့ အစ်ကို့ကို မရမက လိုက်ရှာမိတယ်။ အဲဒီမြို့ အဲဒီဘုန်းကြီးကျောင်းတော့ ကျွန်တော် ရောက်ခဲ့ပါရဲ့။ ဒါပေမယ့် ကျွန်တော်ရောက်တဲ့အချိန်မှာ ကျွန်တော့်အစ်ကို ဝင်းလတ်ဆိုတာ သင်္ချိုင်းတစ်ခုရဲ့ မှတ်တိုင်ကလေးသာဖြစ်နေတော့တယ်”

“ကျွန်တော် စုံစမ်းကြည့်တော့ ကြားရတဲ့သတင်းတွေကလဲ စိတ်နာစရာတွေချည်းပဲ။ ကျွန်တော့်အစ်ကိုဟာ ကျပ်မပြည့်တဲ့ ရူးပေါပေါလူတစ်ယောက်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ရိုးသားပါတယ်။ အပြစ်မဲ့ပါတယ်။ သူ့အချစ်ဟာလဲ စစ်မှန်ပါလိမ့်မယ်။ ဘာကိစ္စ သူ့အပေါ် ဒီလောက် ရက်စက်ခဲ့တာလဲ။ အဲဒါကို ကျွန်တော် နာကြည်းတယ်။ ကျွန်တော့်အစ်ကိုဟာ လူတစ်ယောက်အဆင့်နဲ့ကို သတ်မှတ်မခံရတဲ့ လူတစ်ယောက်အဖြစ်

http://www.cherrythitsar.org



ကျရှုံးခဲ့ရတယ်။ **Non Person** အဖြစ် သတ်မှတ်ခံရတယ်။ အဲဒါကို မခံချင်လို့ ကျွန်တော် ဒီကောင်မလေးကို အနည်းအကျဉ်း တုံ့ပြန်မိတာပဲ”

သူရှေ့မှ မီးပုံကို ထင်းထပ်ထိုးသည်။ မီးပုံသည် ဖြိုးကြွခုံးမောက်လာ၏။ မီးညွန့်မီးစွယ်များကို ငေးစိုက်ကြည့်သည်။ သူ့စကားကို ဆက်ပြောသည်။

သို့သော်...

ဤတစ်ကြိမ်တွင်တော့ တိုးညင်းစွာ တစ်ကိုယ်တည်း ပြောသည့်အလား တိုးညင်းသည်ထက် တိုးညင်းစွာ

“ဒါပေမယ့် ကောင်မလေးက ကျွန်တော် ထင်ထားသလိုမျိုး မဟုတ်ခဲ့ဘူး။ သူ ကံကောင်းတယ်ပြောရမလား၊ ကျွန်တော် ကံကောင်းတယ် ပြောရမလား။ အခု သူ အေးအေးချမ်းချမ်းနေလို့ရပါပြီ။ သူ့ကို ကျွန်တော် ဘာအနှောင့်အယှက်မှ မပေးတော့ဘူး၊ အစကတည်းကပဲ ပေးချင်လွန်းလို့ မဟုတ်ဘူး။ ခု ကျွန်တော် နိုင်ငံခြားသွားတော့မယ်”

လမင်းကြီးက လူငယ်နှစ်ဦးကို ငုံ့ကြည့်နေသည်။ ငြိမ်သက်စွာ နားထောင်နေသောလူငယ်က လမင်းကြီးကို ပြန်မော့ကြည့်၏။ ထို့နောက် အဝေးသို့ ငေးသည်။ လရောင်သည် အဝေးတစ်ခွင်တစ်ပြင်တွင်လည်း ဖြူစင်ပြိုးပြ။

မီးပုံတစ်ဘက်မှလူငယ်ကို မီးပုံ၏ အခြားတစ်ဘက်မှ လူငယ်က နားလည်မှုရှိစွာ တုံ့ပြန်သည်။

“အစကတော့ သူလဲ အတော်ချောက်ချားနေပုံရတယ်။ ကိုဝင်းလတ်

အဖြစ်ကို စိတ်မကောင်းတာနဲ့ရောပြီး ခင်ဗျားဆီက မတ်ဆေ့(ချ်)တွေ အဲဒီလိုရောက်လာတဲ့အခါမှာ သူ အတော်စိတ်လှုပ်ရှားခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ အချိန်မီတွေ့လိုက်ရတာမှာ သူ့ဘဝ ကောင်းတဲ့အပြောင်းအလဲတွေ ဖြစ်လာရတယ်"

"ကျွန်တော်က မျက်လှည့်ဆရာလေဗျာ။ တကယ်တော့ မျက်လှည့်ဆရာကို မျက်လှည့်ပြဖို့ဆိုတာ မလွယ်ပါဘူး။ ရုပ်တူတာတွေ၊ လက်ရေးတူတာတွေလောက်နဲ့လဲ လှည့်စားနိုင်ဖို့ မလွယ်ပါဘူး။ ဒီအဖြစ်ဟာ ဒီသဘောပဲရှိမယ်ဆိုတာကို ကျွန်တော် ခပ်စောစောကတည်းက တွေးထားပြီးပါပြီ။ ခင်ဗျားကိုပဲ ကျွန်တော်တို့တွေးထား၊ ရိပ်မိထားတယ်။ ကျွန်တော်တို့ဆိုတာက ကျွန်တော်နဲ့ မင်းဇော်ဆိုတဲ့ ကျွန်တော့်သူငယ်ချင်းနဲ့ပေါ့"

"သူက ဒီလိုမှုခင်းတွေကို ကျွမ်းကျင်တဲ့ အရာရှိတစ်ယောက်ပဲ။ ဒီကိစ္စကို ပုဂ္ဂလိရေးအရ သူ့ကို ကျွန်တော် ဖွင့်ပြောပြတယ်။ သူရော ကျွန်တော်ရောက အစောကြီးကတည်းက ခင်ဗျားကို ရှာတွေ့ထားကြတယ်"

စကားသံ ခဏရပ်သွားသည်။ ပုရစ်သံ၊ ပိုးကောင်ငယ်ကလေးများ၏ အော်သံ၊ မီးပုံကြီး၏ တရန်းရန်းလောင်မြိုက်သံတို့က ပျံ့ထွက်လာသည်။

ထို့နောက်တွင်မှ

"ဒါပေမယ့် သူရော ကျွန်တော်ရော နှစ်ယောက်လုံးက ခင်ဗျားကို ရာဇဝတ်မှုကျူးလွန်မယ့်လူလို့ မမြင်မိကြဘူး။ ခင်ဗျားရဲ့လုပ်ရပ်တွေကို တွက်ဆကြည့်ပြီး ခင်ဗျားရဲ့ရည်ရွယ်ချက်ကို ကျွန်တော်တို့ မှန်းလို့ရတယ်။

သိုးဆောင်းစကားပုံတစ်ခုရှိတယ်လေဗျာ။ လူတစ်ယောက်ဟာ သူ့အိပ်ရာခင်းထားသလောက် သူ ခြေဆန့်တယ်ဆိုတာ၊ ခင်ဗျားရည်ရွယ်ထားသလောက်ပဲလုပ်ဖို့ ခင်ဗျားအကွက်ချစီစဉ်တာတွေကို ကျွန်တော်တို့ စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်နေခဲ့တာပဲ။ ခင်ဗျားဟာ ကလဲ့စားချေရေး ဝါဒီမဟုတ်ဘူး။ **Law of Vendetta** ကို လက်ကိုင်ထားသူဟုတ်ဘူးဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်"

ထို့နောက်

ထိုလူငယ်က ထိုင်ရာမှထ၏။ မီးပုံကိုပတ်၍ လမ်းလျှောက်သည်။ ခါးထောက်ရပ်ရင်း အဝေးကို လှမ်းငေးရင်း ဟက်ခနဲတစ်ချက်ရယ်သည်။

"ကျွန်တော်တို့အားလုံး ချို့ယွင်းသလို ဖြစ်နေတာကတော့ ကောင်မလေးကို သိပ်လျှော့တွက်မိတဲ့ကိစ္စပဲ"

ပြောပြီး သူဆက်ရယ်သည်။ မီးပုံဘေးနားတွင် ထိုင်နေဆဲလူငယ်ကလည်း လိုက်ရယ်သည်။ မက်တပ်ရပ်နေသောလူငယ်က

"အရင်က သူ့ခေါင်းက ပန်းကလေးကို နမ်းရရင် ကျေနပ်ပြီလို့ ပြောဖူးတယ်ဆိုပြီး သူ့ခေါင်းကပန်းကို နမ်းဖို့ ဖြုတ်ပေးတာက ခင်ဗျားကို သူ ဖမ်းလိုက်တာပဲ"

ထိုင်နေဆဲလူငယ်က ခေါင်းညိတ်သည်။

"ဟုတ်တယ်"

"ခင်ဗျားက အဲဒါကို ကိုဝင်းလတ် တကယ်ပြောခဲ့ မပြောခဲ့ မသိဘူး။ ကိုဝင်းလတ်အယောင်ဆောင် ခင်ဗျားအဖို့တော့ အတော်ကြောင်သွားတယ်။

http://www.cherrythitsar.org



အဲဒီမှာ သူ့အဖို့ ခင်ဗျားဟာ ကိုဝင်းလတ်မဟုတ်မှန်း အတော် သေချာသွားတယ်။ ခင်ဗျားကလဲ ပန်းကို နမ်းဖို့ပြင်ရတယ်။ အဲဒီမှာ ကျွန်တော်က လှမ်းတားရတာပဲ”

မီးပုံတွင် မီးစွယ်ကျိုးစပြုပြီဖြစ်၏။ သို့သော် မည်သူကမှ ထင်းထပ်မထည့်ဖြစ်။ မီးပုံ၏အလင်းရောင်ဝါဝါက အားပျော့ခွေယိုင်ကျလာ၏။

“ကောင်မလေးက သိပ္ပံပညာလဲ အကျွမ်းတဝင်ရှိတယ်ဗျ။ အဲဒီပန်းမှာ ဓာတ်ငွေ့တစ်ခုခု ဆွတ်ထားပုံရတယ်။ အနည်းဆုံးတော့ ခင်ဗျားလောကကြီးကို ခဏဖြစ်ဖြစ် မေ့သွားစေရမယ့်ဓာတ်ငွေ့မျိုးပဲ”

ထို့နောက် နှစ်ယောက်လုံး ဘာမှဆက်မပြောကြတော့။ မီးပုံ သေလုသေခင်ဖြစ်ချိန်မှာ ဘာရယ်မဟုတ်ဘဲ တစ်ယောက်က ခပ်အုပ်အုပ် စရယ်သည်။ တစ်ယောက်ကလည်း လိုက်ရယ်သည်။

“ကျွန်တော်ပြောချင်တာ တစ်ခုတော့ ရှိတယ်ဗျာ။ ခုချိန်ဆို အဲဒီကောင်မလေး အိပ်ပျော်နေမှာပဲ။ သူ ငြိမ်းချမ်းဖို့ အရေးကြီးပါတယ်။ သူရှိတာဟာ ခင်ဗျားအစ်ကိုရှိတာပါပဲ။ လောကကြီးထဲမှာ ခင်ဗျားအစ်ကို ဆက်ရှိနေတာပါပဲ”

“ဗျာ”

“ခင်ဗျားအစ်ကိုက ဦးနှောက်ဖွံ့ဖြိုးမှု အားနည်းတယ်ဆိုပေမယ့်၊ လောကမှာ လူတစ်ယောက်အနေနဲ့ ကုပ်ကပ်ရပ်တည်ခဲ့ရတယ်ဆိုပေမယ့်၊ အင်မတန်နုံနဲ့မှိန်ဖျော့တဲ့လူတစ်ယောက်ဖြစ်တယ်ဆိုပေမယ့်၊ မိန်းကလေးတစ်ယောက်အပေါ် သူထားမိတဲ့အချစ်ကတော့ အင်မတန်ပြင်းထန်ကြီးမား

http://www.cherrythitsar.org



လှပါတယ်။ အဲဒါဟာ သူပဲ… လောကထဲမှာ လူသားတစ်ယောက်အဖြစ် သူ့ရဲ့မြင့်မြတ်ယဉ်ကျေးမှုကို သူပြလိုက်တာပါပဲ။ သူမရှိတော့ပေမယ့် သူ့ရဲ့မေတ္တာတရားဟာ ပျောက်မသွားဘူး။ ရှိနေသေးတယ်။ ဒီကောင်မလေးကို မြင်နေရသမျှ ခင်ဗျားအစ်ကိုကိုလဲ မြင်နေကြရလိမ့်မယ်။ ခင်ဗျားအစ်ကိုရဲ့ မေတ္တာကိုမြင်နေရသမျှ ခင်ဗျားအစ်ကိုကိုလဲ မြင်နေကြရလိမ့်မယ်။ ခင်ဗျားနားလည်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါ… တန်ဖိုးပဲ”

တိတ်ဆိတ်သွားကြပြန်၏။ လူငယ်နှစ်ယောက်သည် ကြေးရုပ်နှစ်ရုပ်သဖွယ် ငြိမ်ကျသွားပြန်သည်။

သက်ပြင်းချသံတစ်ခု ထွက်လာသည်။ မည်သူမှ မကြားရလောက်အောင် တိုးသဲ့လှသည်။ သို့သော် လမင်းက ကြားခဲ့ပြီထင်သည်။

လရောင်က ပိုလင်းလာတော့သည်။

❀ ❄ ❁

## (တယ်လီပသီ)

"ငါ နမ်းချင်တဲ့ ကံ့ကော်ရေ
မင်း ပွင့်နေပြီလား..."

..............................

..............................

ဖြေသံမကြားရဘူး။
မွှေးသန့်တဲ့ရနံ့တစ်ခုကသာ
အဝေးဆီကနေ
လွင့်ပျံ့လာတယ်။

ကျွန်တော်......

၂၉

"ဘာကိစ္စ နောက်က လျှောက်လိုက်နေရပြန်တာလဲ"

"အို... လိုက်မှာပဲ။ ဒေါ်ဥယျာဉ်ကို မပြမချင်း လျှောက်လိုက်နေမှာပဲ"

ခက်နေပါတော့တယ်။ သူ... ကျွန်တော့်နောက်က လျှောက်လိုက်နေပြန်ပါပြီ။ ကျွန်တော့်မှာ ရှေ့ကနေ လမ်းမသွားတတ်လောက်အောင်ကို ဖြစ်ရတယ်။

"သွားပါကွာ"

"အို... မသွားပါဘူး"

"မလိုက်စမ်းပါနဲ့"

"ဘာဖြစ်လဲ၊ လိုက်မှာလဲ"

ခက်နေပါတော့တယ်။ ဘယ်လိုမှ နှင်ထုတ်လို့မရဘူးဖြစ်နေတယ်။

"ဒါဖြင့်... မင်း ရှေ့ကသွား"

"မသွားဘူး"

"နောက်က လိုက်လာဦးမလို့လား"

"ဒါပေါ့"

"ဟာကွာ..."

ကျွန်တော်... ရေရေလည်လည်ခံနေရပါပြီ။ သူက ကျွန်တော့်ကို ဒေဝဥယျာဉ်ပြရမယ်လို့ဆိုနေတယ်။ ကျွန်တော်က လိုနေတဲ့ပစ္စည်းကိရိယာ တချို့ကြောင့် လောလောဆယ်မပြနိုင်သေးကြောင်း ရှင်းပြပါတယ်။

ဒါပေမယ့် မရဘူး။ သူက လက်မခံဘူး။ ချက်ချင်းပြရမယ်တဲ့။ သူ ပြန်လာခဲ့ပြီ။ ဒါကြောင့်... ကတိအတိုင်း... တဲ့။ ကျွန်တော်က မပြတော့ ကျွန်တော့်နောက်က လျှောက်လိုက်နေပါတော့တယ်။

"အေး... လိုက်ရင်လဲလိုက်ပေါ့ကွာ၊ တော်ပြီ ဘာမှမပြောတော့ဘူး"

ကျွန်တော် ချိုထွန်းတို့အိမ်ကို ပြန်ရောက်တဲ့အထိ တစ်လမ်းလုံးမှာ သူ လိုက်လာပါတယ်။ ကျွန်တော်က သေသေချာချာ သိမ်းထားတဲ့ ပုဏ္ဏားတော် 'ထီး'ကို ထုတ်ပေးလိုက်တယ်။

"ရော့"

"ဟင်... ဘာကြီးလဲ"

ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ထီးကိုကြည့်ပြီး သူ့မျက်နှာကလေး ရှုံ့မဲ့သွားပါတယ်။

"ဒါကြီးက ဘာလုပ်ရမှာလဲ"

"အဲ... ဒါကြီးက... ဒါကြီးက"

ကျွန်တော့်မှာလည်း ပြောရခက်တာပေါ့။ စကားရှေ့မဆက်နိုင်ဘဲ ခေါင်းကုပ်နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး သူ ခြေဆောင့်ပါတယ်။

"ဘာလဲ... ကိုရဲ ဘာအူကြောင်ကြောင်လုပ်နေတာလဲ"

"အင်း... မလုပ်ပါဘူး"

"ဘာမလုပ်ရမှာလဲ၊ဒါဆို... ပြ၊ ဘယ်မှာလဲ...ဒေင်ဥယျာဉ်ကို...ပြ"

"ရော်..."

ကျွန်တော် အကြံအိုက်နေတယ်။ နှာခေါင်းကို လက်နဲ့ပွတ်မိမလို ဖြစ်တော့လည်း သူက ရန်လုပ်တယ်။

"မပွတ်နဲ့"

"ဟင်... ဘာလဲဟ၊ ကိုယ့်နှာခေါင်းကို ပွတ်တဲ့ဟာ"

"မပွတ်နဲ့၊ ဒေင်ဥယျာဉ်ကိုသာပြ ဒါပဲ"

ပထမဆုံးအကြိမ်အဖြစ် သူ့ကို ကျွန်တော် ဘုကြည့်ပြန်ကြည့်ဖြစ်တယ်။ သူကလည်း မလျှော့ပါဘူး။ ပေစောင်းစောင်းပြန်ကြည့်နေတယ်။

အဲ့ဒါနဲ့ပဲ...

"ဒေင်ဥယျာဉ်ကို ဘာလုပ်မလို့လဲ၊ ဘာလုပ်မှာလဲ၊ ဘယ်မှာလဲ အာဒံ၊ ဘယ်မှာလဲ ဧဝ"

သူက ခေါင်းခါခါ လည်ခါခါပဲ...

"အိုး... ဒါတွေက သူ့ဘာသာဖြစ်လာလိမ့်မယ်။ ဒေင်ဥယျာဉ်ကိုသာ ပြ၊ မပြရင် မပြန်ဘူး"

"ကဲ... ဒါဖြင့်"

မတတ်နိုင်ဘူး။ ကျွန်တော့်စိတ်ကို ဒုံးဒုံးချလိုက်ရပြီ။

"သိပ်ကြည့်ချင်နေရင်လဲ ပြမယ်"

"အင်း၊ ဒီလိုမှပေါ့၊ ပြ"

"တစ်ခုတော့ရှိတယ်"

"ဘာလဲ"

"သူက မျက်စိနဲ့ကြည့်လို့မရဘူး"

"ဘာရယ်"

သူ နားလည်ရခက်သွားတယ်။

"မျက်စိမှိတ်ပြီးကြည့်ရတာ၊ စိတ်အာရုံနဲ့ကြည့်ရတာ"

သူ တဖြည်းဖြည်းခေါင်းညိတ်သွားသည်။

"ဩော် အဲ့ဒီလိုလား၊ ရတယ်လေ၊ အဲ့ဒါဆိုလဲ မျက်စိမှိတ်ပြီး ကြည့်မှာပေါ့"

ကျွန်တော်က ကောင်းကင်ဆီ လက်ညှိုးညွှန်ပြရင်း

"ဒေဝဥယျာဉ်က ကောင်းကင်ဘုံမှာ ရှိတာ"

"အင်း... သိတယ်"

"ကဲ... ဒါဖြင့် ကြည့်ဖို့ပြင်၊ မျက်နှာကို ကောင်းကင်ဆီ နည်းနည်း မော့ပေး"

"အင်း... မော့ပြီ"

"စိတ်နဲ့ကြည့်ရမှာဆိုတဲ့ အသိကို သွင်းလိုက်၊ မျက်လုံးမှိတ်ပစ် လိုက်"

"ရတယ် မှိတ်ပြီ"

"ဒီအတိုင်း ခဏနေ၊ ခဏကြာရင် မြင်ရတော့မယ်"

http://www.cherrythitsar.org



"အင်း..."

ကျွန်တော် ညာတာကို သူ မသိဘူး။ လုံးဝမရိပ်မိရှာဘူး။ ကျွန်တော် ကလည်း ခု အခြေရောက်မှတော့ နောက်မဆုတ်တော့ဘူး။ အမှန်တော့ သူက ကျွန်တော့်ကို နွဲ့ဆိုးဆိုးတာပါ။ အနိုင်ကျင့်တာပါ။ ဒါပေမယ့် ချစ်စရာ ကောင်းလွန်းနေချည်ရဲ့။ ကျွန်တော် သူ့မျက်နှာလှလှလေးကို ငေးကြည့် နေမိတယ်။

ကျွန်တော် သူ့ကို သိပ်ချစ်တယ်။

ကျွန်တော် သူ့အတွက် ဘာလုပ်ပေးနိုင်မလဲ။ စဉ်းစားမိတယ်။ အားလုံးလည်း စဉ်းစားကြည့်ကြပါဦး။ ကျွန်တော့်ရှေ့လာပြီး မျက်လုံး ကလေးမှိတ်၊ ခေါင်းကလေးမော့ပေးထားတဲ့ ကောင်မလေးကို ကျွန်တော့်မှာ လုပ်စရာတခြား ဘာရှိလို့လဲ။

မှ... တပါး အခြားမရှိတော့ပါဘူး။ အရေးကြီးတာက သူ့စိတ် အာရုံထဲမှာ ဒေင်ဥယျာဉ်ကိုမြင်သွားဖို့ပဲမို့လား။

အဲ့ဒါနဲ့ပဲ...

အင်း... အဲ့ဒါနဲ့ပဲ

....................။

တာရာမင်းဝေ

C/O မျိုးကျော်စာပေ

၈၃/၈ ပန်းဆိုးတန်းလမ်း

ရန်ကုန်

http://www.cherrythitsar.org

